The **Commerce** Journal

စီးပွားရေးသတင်းဂျာနယ်

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 26, NO. 1 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 5, 2026



# မြန်မာနိုင်ငံ မြောက်ဖျားပိုင်းက ကချင်ရိုးရာ ဒီဇိုင်းဆန်း ရက်ကန်းထည်

စာမျက်နှာ - 22 ➤

## အရောက်လှမ်းခဲ့ပြီ မူပိုင်ခွင့် ပန်းတိုင်သစ်ဆီ

စာမျက်နှာ - 10 ➤

## ကျွန်းစုမြို့နယ်ရှိ ဂျင်းခရ မွေးမြူခြင်းလုပ်ငန်း

စာမျက်နှာ - 19 ➤

## ရင်းနှီးမြှုပ်နှံသူများ အကာအကွယ်ပေးရေး အစီအစဉ်များ (၂)

စာမျက်နှာ - 26 ➤






# Advansia Advansia Agroscience Co., Ltd.

နိုင်ငံတကာ အရည်အသွေးနှင့် ကိုက်ညီ၍ ဈေးနှုန်းသင့်တော်သော
ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး နှင့် ရွက်ဖျန်းမြေဩဇာများကိုသာ တင်သွင်းဖြန့်ဖြူးပါသည်။



## သင့်တော်သောဈေးနှုန်း နိုင်ငံတကာအရည်အသွေးမှီဆေး

| ပိုးသတ်ဆေး | မှိုသတ်ဆေး | ပေါင်းသတ်ဆေး | အပင်အားဖြည့်ဆေး |
|---|---|---|---|
| အဆီတာ | အဘာဒို | အဘီမင်း | အက်ထရာ ရှ |
| အဘင့်စ် | အကော့ | အချော | အမီရာ |
| အဒဲလ် | အမိုလင် | အပီလင် | အေနာနို |
| အဒိုကာ | အမိုတော့ပ် | အရာတီ | မာတီဆတ် |
| အကာက်စ် | အရှိမို | အဟောလို | အေမီခရို တာဘို |
| အကိုဆူ | အပီလီယို | အလီတာ | အေမိဂို |
| အလိုဆာ | ချွန်ပီယံ | အဘိုဇွန် | |
| အမီကို | မိုတိုပင် | | |
| အဆိကွန် | | | |
| အမြူရွန် | | | |
| အတာမစ် | | | |
| အလီဗီ | | | |

**Advansia Agroscience Company Limited.**

တိုက်အမှတ်(၅)၊ (၃)လွှာ၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ (စာတိုက်အမှတ် – ၁၁၀၅၁)၊ ရန်ကုန်မြို့။

Building No.(5), 3rd Floor, Parami Road, (16) Ward, Hlaing Township, (Postal Code : 11051) Yangon Division, Myanmar.

Tel : + 95 9 44643 2385 / Email : myanmar@advansia.com / Website : https://advansiaagroscience.com

Advansia Agroscience Myanmar   Advansia Agroscience Myanmar



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ မူပိုင်ခွင့်ဦးစီးဌာန၏ (၅)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန၏ (၅)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) ညီလာခံခန်းမ၌ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မူပိုင်ခွင့်ဦးစီးဌာနသည် စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သော မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်ရန်ဟူသည့် ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေမည့် မူပိုင်ခွင့် အကာအကွယ်ပေးသည့် စနစ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ မူပိုင်ခွင့်ဦးစီးဌာနကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၂၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သော မူပိုင်ခွင့်ဥပဒေ(၄)ရပ်ကို ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် အာဏာသက်ဝင်နိုင်အောင် ဆောင်ရွက်ခဲ့ကာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခု ငါးနှစ်တာကာလအတွင်း ဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် ဌာနတစ်ခုဖြစ်ကြောင်း၊ လျှောက်ထားချက်များအား စစ်ဆေးဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြပြီး မူပိုင်ခွင့်ပိုင်ရှင်များအတွက် တိကျသော စစ်ဆေးမှုရလဒ်များနှင့် စိတ်ကျေနပ်စေမည့် ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးစားသွားကြစေလိုကြောင်း၊ နိုင်ငံတကာ မူပိုင်ခွင့်ညီလာခံ ၂၀၂၅ ကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် မူပိုင်ခွင့်ကဏ္ဍနှင့် စပ်လျဉ်း၍ ရလဒ်ကောင်းများရရှိခဲ့ကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များ၊ ဝန်ကြီးဌာနက ချမှတ်ထားသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်စေမည့် ဌာနတစ်ခုအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေးအတွက် ခိုင်မာသော မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်နိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်၏ မူပိုင်ခွင့်စနစ်တစ်ရပ် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းများနှင့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**MOC (IR)**

# ရိုးမရိပ်သာ အိမ်ရာစီမံကိန်းရှိ အခန်းများကို အတိုးနှုန်းသက်သာသော အိမ်ရာချေးငွေဖြင့် ရောင်းချပေးမည်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရိုးမရိပ်သာ အိမ်ရာရှိ ၁၂ ခန်းတွဲ လေးထပ်တိုက် နှစ်လုံး၊ အခန်း ၉၆ ခန်းကို အတိုးနှုန်းသက်သာသော အိမ်ရာချေးငွေစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော် တည်ဆောက်ထားသော ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရိုးမရိပ်သာအိမ်ရာရှိ ၁၂ ခန်းတွဲ လေးထပ်တိုက် နှစ်လုံး၊ အခန်း ၉၆ ခန်းကို အတိုးနှုန်းသက်သာသော အိမ်ရာချေးငွေစနစ်ဖြင့် ချိတ်ဆက်၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ရောင်းချသွားမည်ဖြစ်သည်။

ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID Bank)၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ အိမ်ရာစုဆောင်းငွေကျပ်သိန်း ၃၀ နှင့်အထက် ပြည့်မီအောင် စုဆောင်းထားရှိသူ ၂၀၉၃ ဦးစာရင်းတွင် ပါဝင်သူများ စာရင်းပေးသွင်း လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ စာရင်းပေးသွင်းခြင်းကို DUHD Sale Housing Facebook Page ၏ Messenger မှတစ်ဆင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အတွင်း နံနက် ၁၀ နာရီမှ ညနေ ၃ နာရီခွဲအထိ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ရောင်းချမည့် ရိုးမရိပ်သာအိမ်ရာ၏ တည်နေရာ၊ အဆောက်အအုံအမျိုးအစား၊ အခန်းအကျယ်အဝန်း၊ ဈေးနှုန်းတို့ကို ကြည့်ရှုလေ့လာပြီး စိတ်ပါဝင်စားပါက အမည်၊ မှတ်ပုံတင်အမှတ် CHID Bank ၏ Down Payment Serial No (တိုက်အမှတ်၊ အခန်းအမှတ်များ ရွေးချယ်လျှောက်ထားခွင့်မရှိပါ) တို့ကို ပြည့်စုံစွာဖြည့်သွင်း၍ လျှောက်ထားရမည်ဖြစ်ပြီး စာရင်းပေးသွင်း လျှောက်ထားသူများအနက် ရောင်းချပေးနိုင်သည့် အခန်းအရေအတွက်အရ CHID Bank ၏ တန်းစီဇယား အစောဆုံး အမှတ်စဉ်များအား မဲနှိုက်ခွင့်ပြုမည်ဖြစ်သည်။

ယင်းသို့ အခန်းမဲနှိုက်ခြင်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အခန်းဝယ်ယူခွင့်ရရှိသူသည် အိမ်ရာချေးငွေအား မဖြစ်မနေ ချေးယူရမည်ဖြစ်ကြောင်း သိရသည်။

**ကိုတိုး**

Commerce

**အတိုင်ပင်ခံစာတည်း**

သောင်းနိုင်

ကေခိုင်ဦး

ဟန်ဝင်းကျော်

**စာတည်းမှူးချုပ်**

သန့်စင်မင်း

**တာဝန်ခံစာတည်း**

စိန်သံ

**စာတည်းအဖွဲ့**

ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**

ဖြူဖြူဝင်း

**လက်ထောက်စာတည်း**

ယဉ်ယဉ်အေး

**သတင်းထောက်များ**

ရဲမင်းသာ (မကွေး)

သဇင် (မအူပင်)

ကျော်နိုင် (မြိတ်)

မောင်မောင်မြတ်ခိုင် (ဖျာပုံ)

ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)

မင်းမင်းဦး(ပုသိမ်)

မြင့်မြင့်သန်း(ပခုက္ကူ)

သင်းသင်းအေး (မုံရွာ)

မျိုးဝင်းသန့် (မုံရွာ)

ခင်ကြည် (မွန်)

စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**

အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**

ဖြူဖြူဝင်း (၀၉ ၄၃၀ ၂၃၁၇၀)

ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**

ဦးမျိုးမင်း (၀၀၉၇၇)

အမှတ်-၂၂၈/၂၄၀၊

ကမ်းနားလမ်း၊

ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**

အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**

အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com


THE CENTRAL
LUXURY, PERFECTED
where every detail defines distinction
THE PARK
LUXURY, PERFECTED
where every detail defines distinction
ENQUIRY HOTLINE
+959 767 994 387
GALLERY SHOWROOM
No.7-8, Kabar Aye Pagoda Road,
Yankin Township, Yangon, Myanmar.

JM LOOP Co., Ltd
The New logistics solution for Export and Import
Our Services;
Freight forwarding
Customs Brokeragr (Air, Sea, Border)
Dryport Customs Clearance Services
Bonded Warehouse Customs Clearance Services
Project Cargo Handling
Import & Export License Services
Transporation
Warehousing
Marine Cargo Insurance
+959 550 0204
+959 449 799 799
jmloop.trade@gmail.com
No.20, Bawgatheikhti Condo, Bawgatheikhti Street, 2 Quarter, Mayangone Township, Yangon.


SSS International Retail Business
လက်အောက်ရှိ ဖွင့်လှစ်ထားသော လုပ်ငန်းခွဲများ
easy mart
More than a Mart
ရန်ကုန်မြို့အတွင်း
ဆိုင်ခွဲပေါင်း (၂၃) ဆိုင်ကို
ဖွင့်လှစ်ကာ ပို့ကုန်၊ သွင်းကုန်
ပစ္စည်းအစုံကို အရည်အသွေး
ပြည့်မှီစွာရောင်းချ ပေးနေပါသည်။
MAXI မက်(ခ်)စီ
Wholesale
ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်
ပင်လုံလမ်းမပေါ်တွင်
Wholesale Center တစ်ခု
အဖြစ် ဖွင့်လှစ်ကာ
စားသောက်ကုန် ၊ လူသုံးကုန် အမျိုး
ပေါင်းများစွာကို လက်လီလက်ကား
ရောင်းချပေးလျက်ရှိပါသည်။
easy supermarket
မော်ဘီမြို့ ပြည်လမ်းမပေါ်နှင့် ရန်ကုန်မြို့
သံသုမာ လမ်းမပေါ် ၊ သုဝဏ္ဏအပိုင်း တို့တွင်
ဆိုင်ခွဲ (၂)ဆိုင် ဖြင့် ဖွင့်လှစ်ထားသော
Easy Supermarket တွင်
ပို့ကုန် သွင်းကုန် ပစ္စည်းအစုံ အဝတ်အထည်
အမျိုးမျိုး တို့ကို အရည်အသွေးပြည့်မှီစွာဖြင့်
ရောင်းချပေးလျက်ရှိပါသည်။
30th Anniversary
PROVEN
GROUP OF COMPANIES
Our Factories and Offices
Battery Manufacturing
Renewable Energy
Lead Recycling
Plastic Injection and Blow Molding
Auto Parts and Lubricants Distribution
Investment
CONTACT US:
NO. F/S-14, BAYINTNAUNG ROAD, SHWE SABEI YEIKMON HOUSING , KAMAYUT TOWNSHIP, YANGON, MYANMAR
(POSTCODE - 11041 )
OFFICE NO.(+95-1)7 531 030 / 7 531 041/ 7 527 667 EMAIL : info@proven.com.mm WEBSITE : www.proven.com.mm



CyberTrade
CyberTradeCo.,Ltd.
AT YOUR SPECIALIST
COMPUTER
PRINTERS
SERVICE
LAPTOPS
DESKTOPS
ACCESSORIES
9:00AM to 5:00PM
Monday to Saturday
CALL NOW!
09-423996351 / 09-73000033
CyberTrade Computer
No.173,GROUND FLOOR,38th STREET,MIDDLE BLOCK,
KYAUKTADA TOWNSHIP,YANGON,MYANMAR.
www.cybertradecomputer.com




"အဏ္ဏဝါမှသည် အခွင့်လမ်းဆီသို့"
"FROM OCEAN TO OPPORTUNITY"
"ပြီးပြည့်စုံသောရေထွက်စားကုန်များအတွက် သင်၏စီးပွားဖက်"
"Your Complete Aquatic Dried Food Partner"
ရေထွက်ကုန်ခြောက်များကို ကိုယ်တိုင်ထုတ်လုပ်ပြီး
လက်လီလက္ကားရောင်းချလိုသူများအတွက် ယုံကြည်စိတ်ချစွာ ဆက်သွယ်နိုင်ပါသည်။
STRONG GARUDA Company Limited
+95 9 946 236979

# ပဲစင်းငုံ စနစ်တကျ သိုလှောင်ထိန်းသိမ်းခြင်း

ခင်ပပနိုင် (Mdy DOCA)

မန္တလေးတိုင်းဒေသကြီးအတွင်း ပဲစင်းငုံသီးနှံကို နေရာအနှံ့အပြား စိုက်ပျိုးပြီး မေ၊ ဇွန်လများတွင် စတင်စိုက်ပျိုး၍ ဇန်နဝါရီလတွင် စတင်ခူးဆွတ်နိုင်သည့်အတွက် စိုက်ပျိုးကာလ ရှစ်လကြာမြင့်သည်။ အချို့ဒေသများတွင် မရင့်မှည့်မီ အသီးစိုများကို ဆွတ်ခူး၍ ပြုတ်စားလေ့ရှိသည်။ ပဲစင်းငုံကို အိန္ဒိယလူမျိုးများ အထူးနှစ်ခြိုက်ကြ၍ ပြည်တွင်းတွင် ပဲစင်းငုံကို ပဲလုံးကြော်၊ ပဲပြုတ်၊ ပဲခြမ်းကြော်အဖြစ် ပြုလုပ်စားသုံးလေ့ရှိသကဲ့သို့ ပဲကြာဆန်အဖြစ်လည်း စားသုံးကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ပဲစင်းငုံသီးနှံကို အောင်မြေသာစံခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းခရိုင်၊ ကျောက်ဆည်ခရိုင်၊ တံတားဦးခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် စိုက်ပျိုးလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် ပဲစင်းငုံသီးနှံစိုက်ပျိုးထုတ်လုပ်မှုမှာ စိုက်ဧက ၄၀၄၉၆၁၁ ဧက၊ ရိတ်သိမ်းဧက ၄၀၄၉၆၁၁ ဧက၊ အထွက်တင်း စုစုပေါင်း ၃၆၈၄၂၃၅ ဧက ထွက်ရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံသည် ရာသီအလိုက် ထွက်ရှိသော သီးနှံဖြစ်သော်လည်း တစ်နှစ်ပတ်လုံး စားသုံးလျက်ရှိသည့် သီးနှံဖြစ်ပြီး ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့ တင်ပို့သည့် သီးနှံဖြစ်သည်။ ရိတ်သိမ်းချိန်တွင် ပဲမျိုးစုံသီးနှံများအား ထိန်းသိမ်းရာ၌ သိုလှောင်ရုံနှင့် ပတ်ဝန်းကျင်ရေဝပ်မှုမရှိစေရန်၊ သန့်ရှင်းမှု၊ သိုလှောင်ရုံဧရိယာ၊ သယ်ယူပို့ဆောင်ရေးယာဉ်နှင့် ထုပ်ပိုးပစ္စည်း စသည်တို့ကို ဓာတုဆေးများဖြင့် ပက်ဖျန်းပေးရန် လိုအပ်မည်ဖြစ်သည်။ ကြွက်အန္တရာယ်နှင့် သန့်ရှင်းရေးထိခိုက်စေမည့်အခြားဇာစ်မြစ်များကိုလည်း အထူးဂရုပြုရမည်။ သို့မှသာ အရည်အသွေး ပြည့်မီစွာ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ သီးနှံအစိုဓာတ်ကို ၁၃ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအထိ ဂရုပြုသိုလှောင်၍ မှန်ကန်စွာ စစ်ဆေးရမည်ဖြစ်သည်။ ၎င်းအပြင် ပဲသီးနှံများသည် အဓိကအားဖြင့် ရေငွေ့ပျံ့ခြင်း၊ စိုထိုင်းဆများမှုတို့ကြောင့် ပျက်စီးလွယ်တတ်သည်ဖြစ်၍ ပတ်ဝန်းကျင်စိုထိုင်းဆ ၄၀ ရာခိုင်နှုန်းအထက် မပိုအောင် ဂရုစိုက်ရမည်ဖြစ်သည်။ အထူးသဖြင့် ပိုးကျရောက်မှုမှ ကင်းဝေးစေရန် ကျရောက်တတ်သော ပိုးမွှားများနှင့် အသုံးပြုရမည့်ဆေးများကို စနစ်တကျ အချိန်ကာလအလိုက် ကာကွယ်နှိမ်နင်းရန်မှာလည်း များစွာအရေးကြီးသည်။

သိုလှောင်ရုံ ပိုးမွှားကာကွယ်မှုစနစ်တွင် သိုလှောင်ရုံပြင်ဆင်ခြင်း၊ သီးနှံကိုစစ်ဆေးခြင်း၊ ပိုးကျပါက ပိုးသတ်မှိုင်းတိုက်ခြင်း၊ ပိုးပြန်လည်ကျရောက်ပါက တစ်ပတ်တစ်ကြိမ် စစ်ဆေးခြင်း၊ ပိုးသတ်ခြင်း၊ အပူချိန်တက်လျှင် အပုံလှန်ခြင်း၊ နေရာပြောင်းခြင်း၊ သုံးလတစ်ကြိမ် ပိုးသတ်ဆေး ပက်ဖျန်းခြင်း၊ တစ်ပတ်တစ်ကြိမ် ဆေးခိုးလွှတ်ခြင်း၊ ကြွက်နှိမ်နင်းရေး တစ်လတစ်ကြိမ် လုပ်ရန် First In First Out စနစ်ကျင့်သုံးရန်၊ သီးနှံထုတ်ယူသည့်နေရာနှင့် စိုက်ခင်းကို ပိုးသတ်ဆေးဖျန်းရန်တို့ လိုအပ်သည်။

ဆုံးရှုံးမှုမရှိစေရန် အဓိကလိုအပ်ချက်များမှာ-

**(က) သိုလှောင်ရန် နေရာရွေးချယ်ခြင်း။**

သိုလှောင်ရုံများကို မြင့်၍ ရေစီးဆင်းမှုကောင်းသောနေရာတွင် တည်ဆောက်သင့်သည်။ လွယ်ကူစွာသွားလာနိုင်သော နေရာဖြစ်သင့်သည်။ သိုလှောင်ရုံတည်ဆောက်မှုသည် နေရောင်ခြည်တိုက်ရိုက် ထိတွေ့ခြင်း၊ အပူဓာတ်များပြားခြင်း၊ စိုထိုင်းခြင်း၊ ပိုးမွှားများနှင့် ကိုက်ဖြတ်စားတတ်သော တိရစ္ဆာန်များအန္တရာယ်တို့မှ အကာအကွယ်ပေးနိုင်မှုရှိရပါမည်။ သိုလှောင်ရုံများသည် မြေမျက်နှာပြင်မှ အနည်းဆုံး တစ်ပေမြင့်ပြီး ကောင်းမွန်ခိုင်ခံ့စွာ ပြင်ညီတည်ဆောက်ထားသော အဆောက်အအုံဖြစ်ရပါမည်။ သို့မှသာ စိုစွတ်မှုမှ ကာကွယ်ပေးနိုင်မည်။

**(ခ) သိုလှောင်ရုံတည်ဆောက်မှုရွေးချယ်ခြင်း။**

သိုလှောင်မည့် ပဲစင်းငုံ ပမာဏအတိုင်း ဝင်ဆံ့နိုင်ရန် ရွေးချယ်သင့်သည်။

**(ဂ) သိုလှောင်ရုံသန့်ရှင်းခြင်း။**

ပဲစင်းငုံများ မသိုလှောင်မီ အဆောက်အအုံကို စနစ်တကျ သန့်ရှင်းမှုပြုလုပ်သင့်သည်။ သိုလှောင်ရုံတွင် သီးနှံများကျန်ရှိခြင်း၊ အပေါက်များ အက်ကွဲရာများ မရှိစေရပါ။ ယင်းတို့သည် ပိုးမွှားများ ခိုလှုံရာအရပ်ဖြစ်ပေသည်။ သိုလှောင်မှုမပြုမီ သိုလှောင်ရုံအား ပိုးသတ်မှိုင်းတိုက်ခြင်း ပြုလုပ်ပေးသင့်သည်။

**(ဃ) ပဲစင်းငုံများကို သန့်စင်ခြင်း အခြောက်ခံခြင်း။**

သိုလှောင်မှုမပြုမီ ပဲစင်းငုံများကို စနစ်တကျ မှန်ကန်စွာ သန့်စင်ခြင်း၊ အခြောက်ခံခြင်းတို့ကို ပြုလုပ်သင့်ပါသည်။ သီးနှံတွင် အခြားပစ္စည်းများ ပါရှိမှုမရှိစေရန်နှင့် အရည်အသွေးပျက်စီးခြင်း၊ ပိုးမွှားကျရောက်ခြင်းတို့မှ ရှောင်ရှားနိုင်ရန် အစိုဓာတ်များပြားခြင်းမရှိစေရန် ဆောင်ရွက်ရမည်။

**(င) ထုပ်ပိုးအိတ်များသန့်စင်ခြင်း။**

ဖြစ်နိုင်ပါက အိတ်အသစ်များကိုသာ အသုံးပြုသင့်သည်။ အိတ်အဟောင်းများအသုံးပြုလိုလျှင် ယင်းတို့ကို စနစ်တကျ မှန်ကန်စွာ သန့်စင်ခြင်း၊ အခြောက်ထားရှိခြင်းနှင့် ပိုးသတ်မှိုင်းတိုက်ခြင်းများကို အသုံးမပြုမီ ဆောင်ရွက်ထားရမည်။

**(စ) သီးနှံအသစ်အဟောင်း ခွဲခြား၍ ပိုင်ပုံထားရှိခြင်း။**

သီးနှံတွင် ပိုးကျရောက်မှုများကို စစ်ဆေးနိုင်ရန်နှင့် သိုလှောင်ရုံကို ကျန်းမာရေးနှင့် ညီညွတ်စွာ ထိန်းသိမ်းနိုင်ရန်၊ သီးနှံ အဟောင်းအသစ် ခွဲခြား၍ ပိုင်ပုံထားရှိသင့်သည်။

**(ဆ) သယ်ယူပို့ဆောင်သည့် ယာဉ်များ သန့်ရှင်းခြင်း။**

ပဲစင်းငုံ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုမည့်ယာဉ်များကို ဗီနိုင်းဖြင့် စနစ်တကျ မှန်ကန်စွာ ၊ သန့်ရှင်းစွာ ထားရှိသင့်သည်။

**(ဇ) သီးနှံတင်ခုံများ အသုံးပြုခြင်း။**

ကြမ်းခင်းများမှ အစိုဓာတ် စုပ်ယူခြင်းမှ ရှောင်လွှဲ နိုင်ရန် သီးနှံအိတ်များကိုပိုင်ပုံခြင်းမပြုမီ သီးနှံတင်ခုံများ အသုံးပြုရပါမည်။ သီးနှံအိတ်များကို သစ်သားခုံ (သို့မဟုတ်) ဝါးဖျာပေါ်တွင် ပေါ်လီသင်း (Polythene) အစ ဖုံးအုပ်ထားသည့် အပေါ်၌ ထားရှိသင့်သည်။

**(ဈ) လေဝင်လေထွက်မှန်ကန်စေခြင်း။**

ရာသီဥတု ကြည်လင်သာယာနေသော အခြေအနေတွင် လေစီးဆင်းမှုကို စနစ်တကျ မှန်ကန်စွာ ရှိနေသင့်သော်လည်း မိုးရာသီတွင် စီးဆင်းမှုမှ ရှောင်ရှားနိုင်ရန် ဂရုပြုဆောင်ရွက်သင့်သည်။

**(ည) ပုံမှန်စစ်ဆေးခြင်း။**

သိုလှောင်ထားသော ပဲစင်းငုံများကို ပိုးကျရောက်မှုရှိ/မရှိ ပုံမှန်စစ်ဆေးခြင်းကိုပြုလုပ်သင့်သည်။ ပိုင်ပုံကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးအတွက် ထိန်းသိမ်းရန်မှာလည်း လိုအပ်ချက်တစ်ခုဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား-ရိတ်သိမ်းချိန်လွန်နည်းပညာ အသုံးချဥာန**

---

# ကန့်ဘလူပဲမျိုးစုံ ဈေးနှုန်းဈေးကွက်

**ဝင်းသန်း(ကျွန်းလှ)**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲမျိုးစုံသီးနှံ၏ ဒီဇင်ဘာလ စတုတ္ထပတ်ဈေးနှုန်းများကို စုစည်းဖော်ပြလိုက်ပါသည်။

**ကုလားပဲ**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်အတွင်း ကန့်ဘလူမြို့နယ်၌ ကုလားပဲ(ထိုင်ဝမ်)တစ်တင်းလျှင် ကျပ် ၆၇၅၀၀၊ (929)တစ်တင်းလျှင် ကျပ် ၇၁၅၀၀၊ (V2)တစ်တင်းလျှင် ကျပ် ၇၃၀၀၀ နှင့် (V7)တစ်တင်းလျှင် ကျပ် ၇၂၀၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဒီဇင်ဘာလ တတိယပတ်၏ ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် ၅၀၀ ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်းသိရသည်။

**ထောပတ်ပဲ**

ဒီဇင်ဘာလ စတုတ္ထပတ်အတွင်း ထောပတ်ပဲတစ်တင်းလျှင် ကျပ် ၁၂၃၀၀၀၊ အကွဲအနာပါတစ်တင်းလျှင် ကျပ် ၁၂၂၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ တတိယပတ် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ထောပတ်ပဲဖြူတစ်တင်းလျှင် ကျပ် ၈၀၀၀ ဈေးနှုန်းကျဆင်းသွားကြောင်း သိရသည်။

**အစေ့ထုတ်ပြောင်း**

အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ကျပ် ၂၃၂၀၀၊ ပြောင်းအရည်အသွေးညံ့လျှင် ကျပ် ၂၃၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ တတိယပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ကျပ် ၃၀၀ ဈေးနှုန်းကျဆင်းသွားကြောင်း ဒေသတွင်း ပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

**ပဲစင်းငုံ**

ပဲစင်းငုံနီတစ်တင်းလျှင် ကျပ် ၇၀၀၀၀၊ ပဲစင်းငုံဖြူတစ်တင်းလျှင် ကျပ် ၆၇၀၀၀ နှင့် အောက်စတစ်တင်းလျှင် ကျပ် ၆၆၅၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ တတိယပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပဲစင်းငုံနီတစ်တင်းလျှင် ကျပ် ၂၀၀၀ နှင့် ပဲစင်းငုံဖြူတစ်တင်းလျှင် ကျပ် ၁၀၀၀ ဈေးနှုန်းပြန်လည်မြင့်တက်လာကြောင်း သိရသည်။

**စွန်တာနီ**

စွန်တာနီ(ပဲနီ)တစ်တင်းလျှင် ကျပ် ၉၅၀၀၀၊ အကွဲအနာပါတစ်တင်းလျှင် ကျပ် ၉၄၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ တတိယပတ် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက စွန်တာနီ (ပဲနီ) တစ်တင်းလျှင် ကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်လာ ကြောင်းသိရသည်။

**ဆီနေကြာ**

ဆီနေကြာတစ်တင်းလျှင် ကျပ် ၅၄၅၀၀၊ နေကြာညံ့လျှင် ကျပ် ၅၄၀၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဒီဇင်ဘာလ တတိယပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဆီနေကြာ တစ်တင်းလျှင် ကျပ် ၅၀၀ ဈေးနှုန်းကျဆင်းသွားကြောင်းသိရသည်။

**ပဲဇီးကွက်**

ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၉၄၀၀၀၊ အကွဲအနာပါလျှင် ကျပ်၉၃၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ တတိယပတ် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၄၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

**ပဲတီစိမ်း**

ပဲတီစိမ်းရိုးရိုးတစ်တင်းလျှင် ကျပ် ၇၆၀၀၀၊ ပဲတီစိမ်းထွက်တိုးတစ်တင်းလျှင် ကျပ် ၈၂၅၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ တတိယပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပဲတီစိမ်းရိုးရိုးတစ်တင်းလျှင် ကျပ် ၈၀၀၀ နှင့် ထွက်တိုး တစ်တင်းလျှင် ကျပ် ၉၀၀၀ ဈေးနှုန်း မြင့်တက်လာကြောင်း သိရသည်။

**ပဲလွမ်းဖြူ**

ပဲလွမ်းဖြူတစ်တင်းလျှင် ကျပ် ၉၈၀၀၀၊ အကွဲအနာပါ တစ်တင်းလျှင် ကျပ် ၉၇၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ တတိယပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပဲလွမ်းဖြူသီးနှံ တစ်တင်းလျှင် ကျပ် ၁၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း သိရ သည်။

**မတ်ပဲ**

မတ်ပဲရိုးရိုးတစ်တင်းလျှင် ကျပ် ၆၃၀၀၀၊ မတ်ပဲမျက်ကွင်းဖြူတစ်တင်းလျှင် ကျပ် ၆၇၅၀၀ နှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ တတိယပတ် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက မတ်ပဲရိုးရိုးတစ်တင်းလျှင် ကျပ် ၇၀၀၀ နှင့် မတ်ပဲမျက်ကွင်းဖြူ တစ်တင်းလျှင် ကျပ် ၅၀၀၀ ဈေးနှုန်းကျ ဆင်းသွားကြောင်း သိရသည်။

**မြေပဲဆန်**

ကန့်ဘလူမြို့နယ်တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အရောင်းအဝယ်ဖြစ်နေသည့် မြေပဲလုံးဆန်များကို ဒေသတွင်းရှိ စိုက်ပျိုးသူများထံမှလည်းကောင်း၊ မန္တလေးမြို့နှင့် ရွှေဘိုမြို့တို့မှလည်းကောင်း ဝင်ရောက်လျက်ရှိရာ ဒီဇင်ဘာလ စတုတ္ထပတ်အတွင်း မြေပဲလုံးဆန်တစ်ပိဿာလျှင် ကျပ် ၆၈၅၀နှင့် ၂၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၁၇၁၂၅၀ ဈေးနှုန်းဖြင့်လည်းကောင်း၊ မြေပဲအတောင့်တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်တစ်ပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ယခုစတုတ္ထပတ်အတွင်း မြေပဲလုံးဆန်ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း လုပ်ငန်းရှင်များထံမှ သိရှိရသည်။

**နှမ်း**

နှမ်းနက်(စမုန်)တစ်တင်းလျှင် ကျပ် ၂၂၅၀၀၀၊ နှမ်းဖြူ(ဂျပန်)တစ်တင်းလျှင် ကျပ် ၇၇၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ တတိယပတ် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက နှမ်းနက် တစ်တင်းလျှင် ကျပ် ၈၀၀၀ ဈေးနှုန်းကျဆင်းသွားကြောင်း ဒေသတွင်း သီးနှံပွဲရုံများထံမှ သိရသည်။

## စက်မှုဒီဇိုင်း မူပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံ၏ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော ထုတ်ကုန်ပစ္စည်းများ၏ အပြင်းပန်းပုံသဏ္ဌာန် ဒီဇိုင်းများနှင့် ယင်းတို့၏ အလှအပ အဆင်တန်ဆာဒီဇိုင်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေးအတွက် စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လက်ခံစစ်ဆေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ စက်မှုဒီဇိုင်းကို မူပိုင်ခွင့်အကာအကွယ်ရရှိစေရန်အတွက် ဒီဇိုင်းသည် အသစ်ဖြစ်ရန် လိုအပ်ပြီး တုပမှုကင်းစွာ ဖန်တီးထားရမည်ဖြစ်ပါသည်။ စက်မှုဒီဇိုင်းမူပိုင်ခွင့် ရရှိပါက မိမိမူပိုင်ခွင့်ရရှိထားသည့် စက်မှုဒီဇိုင်းကို အခြားသူများမှ ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကိုကာကွယ်တားဆီးနိုင်သည့် အခွင့်အရေးများ ရရှိနိုင်မည်ဖြစ်ပြီး စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့် ရရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စက်မှုဒီဇိုင်းမူပိုင်ခွင့်ရရှိပါက မူပိုင်ခွင့်မှတ်ပုံတင်သက်တမ်းကာလမှာ စက်မှုဒီဇိုင်းစတင်လျှောက်ထားသည့်နေ့မှ ကနဦး (၅)နှစ်တာကာလနှင့် နောက်ထပ် (၅)နှစ် (၂) ကြိမ် သက်တမ်းတိုးနိုင်ပြီး၊ စုစုပေါင်း (၁၅) နှစ် သက်တမ်းရရှိနိုင်မည်ဖြစ်ပါသည်။

၃။ စက်မှုဒီဇိုင်းမူပိုင်ခွင့်ရရှိရန်အတွက် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် ကိုယ်စားလှယ်သင်တန်း အောင်မြင်ပြီးသည့် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ မူပိုင်ခွင့်ဦးစီးဌာနအောက်ရှိ လျှောက်လွှာလက်ခံဌာန နေပြည်တော်(ရုံးချုပ်)၊ အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်) နှင့် အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) တို့တွင် လာရောက်လျှောက်ထားခြင်းဖြင့် လည်းကောင်း၊ ဦးစီးဌာနက သတ်မှတ်ထားသည့် အီလက်ထရောနစ်မှတ်ပုံတင်စနစ် (WIPOFile System) ဖြင့်လည်းကောင်း လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

၄။ စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားခြင်းအတွက် လိုအပ်သော လျှောက်လွှာပုံစံများ၊ အခကြေးငွေများနှင့် လျှောက်လွှာဖြည့်သွင်းခြင်းဆိုင်ရာလမ်းညွှန်ချက်များကို (ipd.gov.mm) တွင် ကြည့်ရှုနိုင်ပါသည်။ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့် သိရှိလိုသည်များရှိပါက မူပိုင်ခွင့်ဦးစီးဌာန၊ လျှောက်လွှာလက်ခံဌာန နေပြည်တော် (ရုံးချုပ်) (၀၆၇ ၃၄၃၀၅၉၄)၊ အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်) (၀၁ ၈၃၈၀ ၂၈၃)၊ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) (၀၉၈၉၀၆၁၅၁၅၂) နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဌာနခွဲ (၀၆၇ ၃၄၃၀၅၉၈) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အမှတ်တံဆိပ်များ မှတ်ပုံတင်လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာချက်

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသော လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ၏ အမှတ်တံဆိပ်ကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအရ အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးနှင့်အတူ မူပိုင်ခွင့်အကာအကွယ် ရယူလျှောက်ထားနိုင်ကြောင်း အမိန့်အမှတ် (၆၃/၂၀၂၀)ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးနှင့်အတူ လျှောက်ထားနိုင်သော အမှတ်တံဆိပ် အဟောင်းများကို မူပိုင်ခွင့် အကာအကွယ်ရယူရန်သာမက အမှတ်တံဆိပ်အသစ်များကိုလည်း မူပိုင်ခွင့်အကာအကွယ် ရယူနိုင်ရေးအတွက် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၃ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှစ၍ တရားဝင် စတင်လက်ခံပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာ၍ လက်ခံဆောင်ရွက်ခဲ့ပါသည်။ အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုခြင်း ပါဝင်သည့် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့အထိ လက်ခံဆောင်ရွက်ခဲ့ပြီး အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက် စုစုပေါင်း ၆၀၀၀၀ ကျော်လက်ခံ၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆိုပါ လျှောက်ထားချက်များကို နှစ်အလိုက် အစီအစဉ်တကျ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းကို ကန့်ကွက်နိုင်ကြောင်း ထုတ်ပြန်ကြေညာခြင်းအား ၂၀၂၄ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ လစဉ် ၁ ရက်နေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပါသည်။ ကန့်ကွက်နိုင်ကြောင်း ထုတ်ပြန်ကြေညာချက်အပေါ် ကန့်ကွက်သူမရှိသည့် လျှောက်ထားချက်များကို အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးလျက်ရှိပြီး စုစုပေါင်း ၁၁၇၀၈ စောင် ထုတ်ပေးပြီး ဖြစ်ပါသည်။ အမှတ်တံဆိပ် မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာခြင်းအား ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ၁၂ ကြိမ်အထိ ထုတ်ပြန်ကြေညာခြင်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမှတ်တံဆိပ်များကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လျှောက်ထားပြီး မူပိုင်ခွင့် အကာအကွယ်ရယူနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ရန်ကုန် ဘုရင့်နောင် ကုန်စည်ဒိုင် ပဲ၊ နှမ်းဈေးနှုန်း

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ဒိုင် ပဲနှမ်းအသင်းမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် မြေပဲတစ်ပိဿာလျှင် မြေပဲလုံးဆန် ကျပ် ၈၂၀၀ ခန့်၊ မြေပဲဆီဆန် တစ်ပိဿာလျှင် ကျပ် ၈၀၀၀ ခန့်ရှိသည်။ နှမ်းဖြူ မန္တလေးဈေးမှာ ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၂၈၀၀၀၀ ခန့်ရှိသည်။

နှမ်းနက်(ရိုးရိုး) ဈေးနှုန်းမှာ ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၆၆၀၀၀၀ ခန့်ရှိပြီး ရန်ကုန်ဈေးကွက်တွင် မုန်ညင်းဈေးကွက်မရှိပါ။ ပဲပုပ် ၂၀၂၅ အတွက် တန်ချိန် ၁၈၀၀၀ ဝန်းကျင်ရှိမည်ဟု ခန့်မှန်းခဲ့သည်။ ယခင်တစ်ပတ်တွင် မြေပဲတစ်ပိဿာလျှင် မြေပဲလုံးဆန် ကျပ် ၈၄၀၀ ခန့်ရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၈၂၀၀၊ မြေပဲဆီဆန်တစ်ပိဿာလျှင် ကျပ် ၇၈၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ၈၀၀၀ ကျပ်ခန့်၊ ပဲပုပ် ၂၀၂၅ ခုနှစ်အတွက် တန်ချိန် ၁၇၅၀၀ ရှိရာမှ ယခုတစ်ပတ်တွင် တန်ချိန် ၁၈၀၀၀ ရှိမည်ဟု ခန့်မှန်းကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင် ပဲနှမ်းအသင်းမှ သိရသည်။

**စာသန္တာသောင်း DOCA (ရန်ကုန်)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၉.၁၂.၂၀၂၅ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | ISEACO GENESIS | ကုန်သေတ္တာ၁၂၄၁တင် ၁၀၃၁ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | MSC SUPARNA F | ကုန်သေတ္တာ ၁၁၉၀တင် ၅၈၁ ချဆဲ |
| | TC MESSENAGER | ကုန်သေတ္တာ ၄၅၉ တင် ၄၁၄ချဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၁) | MOON LIGHT | ကုန်သေတ္တာ ၆၄ချဆဲ( ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | ALS SUMIRE | ကုန်သေတ္တာ၈၃၉တင် ၉၇၀ချဆဲ( ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | XO LUCKY | ကုန်သေတ္တာ၄၈၄တင် ၅၃၀ချဆဲ (ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၂) | PHC HONESTY | ဆန်တန်ချိန် ၁၅၀၀၀ တန်တင်ဆဲ (ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၃) | HAJE NEFELA | ဆန်တန်ချိန် ၂၀၀၀၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | HOANG AN-09 | ဆန်တန်ချိန် ၁၈၀၀၀ တန်တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | ISEACO GENESIS | ကုန်သေတ္တာ ၁၆၈တင်၁၂၈ချရန် (ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၂) | SIITC CAGAYAN | ကုန်သေတ္တာ ၆၈၁ တင်၁၄ ချရန် |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၄) | V PEGASUS | Steel&Vehicle တန်ချိန် ၃၁၃၅၈ ချရန် |
| WILMAR JETTY | TRUONG AN SHIP | ပြောင်းဖူး ၁၇၈၀၀ တင်ရန် |
| Myanmar Five Star Ltd(MFSL) | CITRA | G&C တန်ချိန် ၁၉၀၀ ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PHC HONESTY | ဆန်တန်ချိန် ၁၅၀၀၀ တန်တင်ရန် | PHILIPPINE | ၂၃.၁၂.၂၀၂၅ |
| TD SUNSHINE | ပြောင်းဖူးတန်ချိန် ၆၆၀၀ တန်တင်ရန် | PHILIPPINE | ၄.၁.၂၀၂၆ |
| HPC GALAXYSS | Steel&Equipmentတန်ချိန် ၂၃၈၉၂ ချဆဲ | CHINA | ၂.၁.၂၀၂၆ |
| SEAGULL | Urea တန်ချိန် ၈၈၀၀ ချဆဲ | MALAYSIA | ၃.၁.၂၀၂၆ |
| LIBRA CONFIDENCE | Wheat တန်ချိန် ၂၆၀၀ ချဆဲ | AUSTRALIA | ၅.၁.၂၀၂၆ |
| SEA STELLAR | Calcium Silica & Fertilizerတန်ချိန် ၁၀၅၀၀ ချဆဲ | JAPAN | ၉.၁.၂၀၂၆ |
| UNI VERSE RELANCE | Steel & Fertilizer တန်ချိန် ၂၂၃၄၂ ချဆဲ | CHINA | ၁၆.၁.၂၀၂၆ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MOON LIGHT | THAILAND | စက်မှုဆိပ်ကမ်း | ၂၈.၁၂.၂၀၂၅ |
| TC MESSENGER | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၁၂.၂၀၂၅ |
| SITC GUANGDONG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၁.၂၀၂၆ |
| AS SOPHIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁.၁.၂၀၂၆ |
| CAPE FELTON | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁.၂၀၂၆ |
| UNI-ACCORD | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁.၂၀၂၆ |
| FSL KELANG | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁.၂၀၂၆ |
| CHANAL BHUM | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁.၂၀၂၆ |
| PELICAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁.၂၀၂၆ |
| TRADER | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁.၂၀၂၆ |
| SINAR BINTAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁.၂၀၂၆ |
| ISEACO FORTUNE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁.၂၀၂၆ |
| NORDLEOPARD | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၅.၁.၂၀၂၆ |
| CTP FORTUNE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၁.၂၀၂၆ |
| BAL XIAMEN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၁.၂၀၂၆ |
| AS SUSANNA | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၁.၂၀၂၆ |
| Ti2 APPLE | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၁.၂၀၂၆ |

## ၁-၁၂-၂၀၂၅ မှ ၃၀-၁၂-၂၀၂၅ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1207 | 15 | - | - | 1 | 1223 |
| | Form AANZ | 34 | - | - | - | - | 34 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 301 | 4 | - | - | - | 305 |
| | Form AJ | 72 | 4 | - | - | - | 77 |
| | Form AK | 377 | 5 | - | - | - | 382 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 35 | 2 | - | - | - | 37 |
| | Form E | 1474 | 17 | - | - | - | 1491 |
| | Form Korea | 39 | 2 | - | - | - | 41 |
| | E Form D | 510 | - | - | - | - | 510 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | **Total** | **4053** | **48** | - | - | **1** | **4102** |

## တီထွင်မှု မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြော်ငြာချက်

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တီထွင်မှုမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၇) ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအား အာဏာသက်ဝင်နိုင်စေရန် လိုအပ်သော နည်းဥပဒေများ၊ မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သော လျှောက်လွှာပုံစံများ၊ ဝန်ဆောင်မှုအမျိုးအစားအလိုက် ပေးသွင်းရမည့် အခကြေးငွေများအား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ တီထွင်မှုမူပိုင်ခွင့်ဥပဒေ အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တီထွင်မှုမူပိုင်ခွင့်ဥပဒေအား ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် အာဏာသက်ဝင်နိုင်ခဲ့ပြီး တီထွင်မှု မူပိုင်ခွင့်နှင့် အသေးစား တီထွင်မှု မူပိုင်ခွင့် လျှောက်ထားချက်များအား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့မှ စတင်၍ မူပိုင်ခွင့်ဦးစီးဌာနမှ တရားဝင်လက်ခံ ဆောင်ရွက်လျက်ရှိပါသည်။

၂။ တီထွင်မှုမူပိုင်ခွင့်ဥပဒေသည် အသစ်ဖြစ်သော တီထွင်ဖန်တီးမှုများကို ဥပဒေအရ အကာအကွယ်ပေးသည့် စနစ်ဖြစ်ပြီး တီထွင်သူများအနေဖြင့် မိမိတို့တီထွင်ထားရှိသော တီထွင်ဖန်တီးမှုမှန်သမျှကို အခြားတစ်ဦးဦးမှ အလွယ်တကူ ကူးယူခြင်းမခံရစေရန် တီထွင်မှုမူပိုင်ခွင့် အကာအကွယ်ရယူထားရမည်ဖြစ်ပါသည်။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ တီထွင်မှုမူပိုင်ခွင့်နှင့် အသေးစားတီထွင်မှု မူပိုင်ခွင့်ဟူ၍ အမျိုးအစားနှစ်မျိုးဖြင့် အကာအကွယ်ရယူနိုင်ပါသည်။ တီထွင်မှုမူပိုင်ခွင့်သည် လျှောက်ထားသောနိုင်ငံ သို့မဟုတ် ဒေသအတွင်း၌သာ မူပိုင်ခွင့်ရရှိနိုင်သည့်စနစ်ဖြစ်ပြီး တီထွင်မှုမူပိုင်ခွင့်၏ သက်တမ်းမှာ လျှောက်ထားသည့်နေ့မှ နှစ် ၂၀ ဖြစ်ပြီး အသေးစား တီထွင်မှုမူပိုင်ခွင့်၏ သက်တမ်းမှာ လျှောက်ထားသည့်နေ့မှ ၁၀ နှစ်ဖြစ်ပါသည်။

၃။ တီထွင်မှုမူပိုင်ခွင့်နှင့် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းများကို မူပိုင်ခွင့်ဦးစီးဌာနသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်သင်တန်း တက်ရောက်အောင်မြင်ပြီး WIPO File Account ရရှိထားသော ကိုယ်စားလှယ်များမှ အီလက်ထရောနစ်မှတ်ပုံတင်စနစ် (WIPO File System) ကို အသုံးပြု၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၄။ တီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အသိပေး ကြော်ငြာချက်များ၊ ထုတ်ပြန်ကြော်ငြာချက်များနှင့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများကို (www.ipd.gov.mm) တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက မူပိုင်ခွင့်ဦးစီးဌာန၊ နေပြည်တော် (ရုံးချုပ်) (၀၆၇ ၃၄၃၀၅၉၄)၊ အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်) (၀၁ ၈၃၀၀၂၈၃)၊ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) (၀၉ ၈၉၀၆၁၅၁၅၂) နှင့် တီထွင်မှုမူပိုင်ခွင့်ဌာနခွဲ (၀၆၇ ၃၄၃၀၅၉၅) သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

(၂၆-၁၂-၂၀၂၅)ရက်နေ့မှ (၁-၁-၂၀၂၆)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်

ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1095 |
| ငွေလဲနှုန်း | 3115 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,263,656 | 6.96 |
| ၂ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၃ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 114,975,000 | 187.75 |
| ၄ | MITS စစ်ဆေးခ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၅ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 2.5 x ငွေလဲနှုန်း | 7,787,500 | 12.72 |
| ၆ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 400 | 400,000 | 0.65 |
| ၇ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| | **အထွေထွေစရိတ်ပေါင်း** | | **170,493,456** | **278.41** |
| ၈ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,410,925,000** | **5,569.86** |
| | **စရိတ်စုစုပေါင်း** | | **3,581,418,456** | **5,848.26** |

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၅-၁၂-၂၀၂၅ မှ ၃၁-၁၂-၂၀၂၅) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 325 - 335 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 295 - 305 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 275 - 285 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 325 - 335 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 325 - 330 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 320 - 325 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 315 - 320 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 330 - 335 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 305 - 315 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 330 - 335 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 325 - 330 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 320 - 325 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 315 - 320 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 335 - 340 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 325 - 335 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 310 - 315 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 445 - 455 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 435 - 445 | |
| 24 | A-1 , 2 (Sortexed) | 290 - 300 | |
| 25 | B-1 , 2 (Sortexed) | 275 - 285 | |
| 26 | B-1,2 (Non-Sortexed) | 260 - 270 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးဆိုင်ရာ ရာဇဝတ်မှုများ တားဆီးကာကွယ်ရေးတွင် AI အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးဆိုင်ရာ ရာဇဝတ်မှုများအား တားဆီးကာကွယ်ရေးတွင် AI ၏ အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲရှိ Learning & Training Center ခန်းမ၌ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် နည်းပညာပိုင်း အသုံးပြု၍ ငွေကြေး လိမ်လည်မှုဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကို တိုက်ဖျက်ရေး ကြီးကြပ်ရေး ဗဟိုကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာများကို အသုံးပြု၍ ငွေကြေး လိမ်လည်မှုများသည် နိုင်ငံအသီးသီး၏ ဘဏ်နှင့် ငွေရေးကြေးရေးကဏ္ဍအား ခြိမ်းခြောက်လျက်ရှိကြောင်း၊ ယခုကဲ့သို့လူ့စွမ်းအား အရင်းအမြစ် ရှားပါးလာသည့်ခေတ်တွင် အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးဆိုင်ရာ ရာဇဝတ်မှုများကို နည်းပညာပိုင်းဆိုင်ရာ အရင်းအမြစ်များကိုအသုံးပြု၍ တားဆီးကာကွယ်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲကို ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် နည်းပညာပိုင်းဆိုင်ရာနှင့် Infrastructrue ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်သင့်သည့် အချက်များအား ဆွေးနွေးနိုင်ရန်၊ဉာဏ်ရည်တု(AI) နည်းပညာကို ငွေရေးကြေးရေးကဏ္ဍတွင် အကျိုးရှိစွာ ပေါင်းစပ်အသုံးပြုပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အန္တရာယ်များကို ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း၊ ဉာဏ်ရည်တု(AI) နည်းပညာစနစ်ဖြင့် အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာခြင်း၊ ရာဇဝတ်မှုများအား တိကျစွာ ထောက်လှမ်းခြင်း၊ ကြိုတင်ကာကွယ်တားဆီးခြင်း၊ စောင့်ကြည့်ခြင်း၊ စစ်ဆေးဖော်ထုတ် အရေးယူခြင်းများအား နည်းပညာအသုံးပြု၍ ဘဏ္ဍာရေးကဏ္ဍတွင် အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားပါကြောင်း အမှာစကားပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် Huawei မှ တာဝန်ရှိသူများက AI နည်းပညာဖြင့် စောင့်ကြည့်ခြင်း၊ ကာကွယ်ခြင်းများအား နိုင်ငံတကာဘဏ်လုပ်ငန်းကဏ္ဍများအတွက် ပံ့ပိုးဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက မိမိတို့သက်ဆိုင်ရာ နယ်ပယ်အလိုက် သိရှိလိုသည်များအား ပြန်လည်မေးမြန်းခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ မိုဘိုင်းငွေရေးကြေးရေးလုပ်ငန်း များကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ငွေကြေးလိမ်လည်မှုများအား အချိန်မီတားဆီးနိုင်ရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ၊ အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်လျက်ရှိသည့် တရားမဝင် ငွေရေးကြေးရေး လုပ်ငန်းများအား စုံစမ်းဖော်ထုတ် တားဆီးအရေးယူမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများနှင့် လက်အောက်ခံ ဘဏ်များ၊ မိုဘိုင်းငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ နည်းပညာ ကျွမ်းကျင်သူများနှင့် Huawei နှင့် မိတ်ဖက်ကုမ္ပဏီဖြစ်သော TrustDecision မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုတိုး**

# အရောက်လှမ်းခဲ့ပြီ မူပိုင်ခွင့် ပန်းတိုင်သစ်ဆီ

ဒေါက်တာမိုးမိုးသွယ် (မူပိုင်ခွင့်)

မူပိုင်ခွင့်ဆိုသည်မှာ မိမိ၏ကိုယ်ပိုင်အသိဉာဏ်ကို အသုံးပြု၍ ပြုလုပ်ထားသော တီထွင်မှုနှင့် ဖန်တီးမှုများရလဒ်များကို အသုံးပြုရန်နှင့် အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့် အခွင့်အရေးများကို ဆိုလိုသည်။ နည်းပညာဆန်းသစ်တီထွင်မှုများ၊ ဆန်းသစ်သော ထုတ်ကုန်ဒီဇိုင်းနှင့် ထုပ်ပိုးမှုဒီဇိုင်းများ၊ ထုတ်ကုန်များတွင် အသုံးပြုသည့် အမှတ်တံဆိပ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသည့် အမှတ်တံဆိပ်များနှင့် စာပေနှင့် အနုပညာဖန်တီးမှုများ ပါဝင်သည်။

မြန်မာနိုင်ငံတွင် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လူသိများ ထင်ရှားခဲ့သော ဥပဒေမှာ Copyright ACT (1914) ဖြစ်သည်။ အခြားသော နည်းပညာမူပိုင်ခွင့်များနှင့် အမှတ်တံဆိပ် မူပိုင်ခွင့်များအတွက် သီးခြားဥပဒေများ ပြဋ္ဌာန်းခြင်းမရှိခဲ့ချေ။ သို့ဖြစ်၍ နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာအခွင့် အရေးများကို လက်တွေ့ကျင့်သုံး ဆောင်ရွက်မှု အလေ့အကျင့်များ နည်းပါးခဲ့သည်။ ၂၀၀၁ ခုနှစ်၊ မေလ ၁၅ ရက်တွင် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီး (WIPO) ၏ ၁၇၆ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီးနောက် နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး ခေတ်မီကောင်းမွန်သည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို တည်ထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ-၃၇ တွင် "နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်" ဟုလည်းကောင်း၊ ပုဒ်မ-၃၇၂ တွင် "ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေး ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်"ဟုလည်း ပြဋ္ဌာန်းခဲ့သည်။

၂၀၀၄ ခုနှစ်တွင် နိုင်ငံတကာအဆင့်မီ မူပိုင်ခွင့်စနစ်သစ်တစ်ရပ် တည်ထောင်နိုင်ရန်အတွက် မူပိုင်ခွင့်ဥပဒေမူကြမ်း လေးရပ်ကို ပြည်တွင်းနှင့် ပြည်ပမှ ဥပဒေပညာရှင်များ ပူးပေါင်း၍ ညှိနှိုင်းရေးဆွဲခဲ့သည်။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ (Trademark Law) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ(Industrial Design Law)၊ တီထွင်မှုမူပိုင်ခွင့် ဥပဒေ (Patent Law)နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ (Copyright Law) တို့ကို အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်အသီးသီးတွင် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းတွင် အောင်မြင်စွာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တာဝန်ခံဝန်ကြီးဌာနအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ပေးအပ်ခဲ့သည်။ သို့ဖြစ်၍ မူပိုင်ခွင့်ဥပဒေများအရ နိုင်ငံတော်၏ ဒုတိယသမ္မတဦးဆောင်သည့် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ၂၀၂၀ ပြည့်နှစ် မေလတွင် အဖွဲ့ဝင် ၃၃ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန် ၃ ရက်တွင် ပထမအကြိမ် အစည်းအဝေးကို ကျင်းပနိုင်ခဲ့သည်။ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအထိ အစည်းအဝေးများ ရှစ်ကြိမ်ကျင်းပခဲ့ပြီး မူပိုင်ခွင့်စနစ်တည်ဆောက်ရေး မူဝါဒများနှင့် လမ်းညွှန်ချက်များကို ချမှတ်နိုင်ခဲ့သည်။ ဗဟိုကော်မတီသည် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် "အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာ (၂၀၂၃-၂၀၂၈)"ကိုလည်း ချမှတ်ပေးခဲ့ပြီး ရည်မှန်းချက်၊ မဟာဗျူဟာ ခြောက်ရပ်နှင့် လုပ်ငန်းစဉ် ၅၃ ခုကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မူပိုင်ခွင့်စနစ်တည်ဆောက်ရာတွင် အဓိကကဏ္ဍမှ တာဝန်ယူဆောင်ရွက်မည့် မူပိုင်ခွင့်ဦးစီးဌာနကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၃ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်တွင် ဖွဲ့စည်းခဲ့သည်။ မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မူပိုင်ခွင့်ဥပဒေများ၏ နည်းဥပဒေများအပြင် အေဂျင်စီနည်းဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ စည်းမျဉ်းနှင့် ဒေသထွက်ကုန်များအား မူပိုင်ခွင့် အကာအကွယ်ပေးသည့် ဒေသဆိုင်ရာ အညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခဲ့သည်။ နည်းဥပဒေများ ပြဋ္ဌာန်းပြီးနောက် ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်တွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေနှင့် ၂၀၂၄ ခုနှစ် မေ ၃၁ ရက်တွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေတို့ကို အထူးဥပဒေ (Special Law) များအနေဖြင့် အသီးသီး အာဏာသက်ဝင်နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဧပြီလတွင် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ အယူခံခြင်းကိစ္စရပ်များနှင့် မူပိုင်ခွင့်ဥပဒေများပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည့် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အဖွဲ့ဝင် ၁၈ ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် အေဂျင်စီ အစည်းအဝေးများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်၍ ငါးကြိမ်တိုင် ကျင်းပနိုင်ခဲ့ပြီး ဗဟိုကော်မတီသို့တင်ပြဆောင်ရွက်မည့် ကိစ္စရပ်များနှင့် လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့သည်။ မူပိုင်ခွင့်ဦးစီးဌာနမှ အေဂျင်စီဌာနခွဲသည် အေဂျင်စီနည်းဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် အေဂျင်စီအစည်းအဝေးများ ကျင်းပနိုင်ရေး တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် မူပိုင်ခွင့်လျှောက်ထားမှုအတွက် လိုအပ်သည့် လျှောက်လွှာပုံစံများ၊ အခကြေးငွေများကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ပြည်တွင်းနှင့်ပြည်ပတို့မှ မူပိုင်ခွင့်လျှောက်ထားမှုများကို အီလက်ထရောနစ်ဖြင့် လျှောက်ထားခြင်း (Online Filing) သို့မဟုတ် လျှောက်လွှာလက်ခံဌာနများသို့ ကိုယ်တိုင်လာရောက် လျှောက်ထားခြင်းစသည့် နည်းလမ်းနှစ်မျိုးဖြင့် လက်ခံဆောင်ရွက်ခဲ့သည်။ မူပိုင်ခွင့်လျှောက်ထားခြင်းများကို ကိုယ်စားလှယ်များမှတစ်ဆင့် လျှောက်ထားနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်သင်တန်းများ ဖွင့်လှစ်ပြီး မူပိုင်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်များအဖြစ် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်၍ အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့သည်။ ယခုအခါ ကိုယ်စားလှယ် စုစုပေါင်း ၁၂၇၃ ဦးကျော် မွေးထုတ်နိုင်ခဲ့ပြီဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအထိ အမှတ်တံဆိပ် လျှောက်ထားချက် ၆၆၇၄၆ စောင်၊ စက်မှုဒီဇိုင်း လျှောက်ထားချက် ၃၃၉ စောင်၊ စာပေနှင့် အနုပညာမူပိုင်ခွင့် လျှောက်ထား ချက် ၃၆ စောင်နှင့်၊ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် ၄၃ စောင် လက်ခံရရှိခဲ့သည်။

မူပိုင်ခွင့်လျှောက်ထားမှုများကို မူပိုင်ခွင့်ဦးစီးဌာနမှ သက်ဆိုင်ရာ စစ်ဆေးရေးအရာရှိများက မူပိုင်ခွင့်ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပြီး လျှောက်ထားချက်များအား ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ခြင်း၊ ထုတ်ပြန်ကြေညာခြင်း စသည့် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအထိ အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်ခြင်း ၁၂၄၄၆ စောင်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်း ၁၆၄ စောင်နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ခြင်း ၁၈ စောင်တို့အတွက် မူပိုင်ခွင့်မှတ်ပုံတင်ခွင့်ပြုကြောင်း အသိအမှတ်ပြုလက်မှတ် (Certificate) များကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

မူပိုင်ခွင့်မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များအပြင် အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလုပ်ငန်းများ (MSMEs)၊ သုတေသနဌာနများ၊ တက္ကသိုလ်၊ ကောလိပ်သိပ္ပံများမှ ဝန်ထမ်းများနှင့် ပြည်သူများ စသည့် လူ့အဖွဲ့အစည်းများတွင် မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများ ပြန့်ပွားစေရန်နှင့် တီထွင်ဆန်းသစ်မှုနှင့် ဖန်တီး မှုများ မြင့်မားတိုးတက်လာစေရန်အတွက် မူပိုင်ခွင့်အမျိုးအစားအလိုက် လိုအပ်သော အသိပညာပေးခြင်း အစီအစဉ်များကို နှစ်စဉ် အသိပညာပေး အစီအစဉ်များလျာထားလျက် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ အသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ ချမှတ်ပြီး မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မူပိုင်ခွင့် လျှောက်ထားချက်များအား စစ်ဆေးမည့် ဝန်ထမ်းများအား လေ့ကျင့်ပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ပြည်တွင်းသင်တန်း ၁၈၈ ခုတွင် ဝန်ထမ်းများအား တက်ရောက်စေခဲ့သည်။ ပြည်ပတွင် ကျင်းပခဲ့သော မူပိုင်ခွင့်ဆိုင်ရာ သင်တန်းများ ၄၄ ခုနှင့် အလုပ်ရုံ ဆွေးနွေးပွဲများ ၁၆၁ ခု၊ အာဆီယံနှင့် ဆက်စပ်အစည်းအဝေးများ ၆၅ ခုတို့တွင်လည်း ဝန်ထမ်းများ လူကိုယ်တိုင် တက်ရောက်ခြင်းနှင့် Online မှတစ်ဆင့် တက်ရောက်ခြင်းတို့ဖြင့် ဝန်ထမ်းများ၏ မူပိုင်ခွင့်ဆိုင်ရာ အသိအမြင်ဗဟုသုတများ မြင့်တင်နိုင်စေရန် ဆောင်ရွက်ခဲ့သည်။

မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မူပိုင်ခွင့် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များတွင် တက်ကြွစွာ လိုက်ပါဆောင်ရွက်ခြင်း၊ အာဆီယံနှင့်မိတ်ဖက်နိုင်ငံများ၏ ကုန်သွယ်မှုသဘောတူစာချုပ်များတွင် ပါဝင်ဆွေးနွေးခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ၏ မူပိုင်ခွင့်ကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ကြီးနှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီးတို့နှင့် စဉ်ဆက်မပြတ်ဆက်သွယ်ဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မူပိုင်ခွင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဆန်းသစ်တီထွင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုတို့ကို အားပေးလှုံ့ဆော်သော မူပိုင်ခွင့်ဂေဟစနစ်ကို အားကောင်းစေရန် ဦးတည်ချက်ဖြင့် နိုင်ငံတကာ မူပိုင်ခွင့်ညီလာခံ (International Conference on Intellectual Property-2025) ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်မှ ၄ ရက်ထိ နေပြည်တော်၊ Jasmine Naypyitaw Hotel တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ နိုင်ငံတကာ မူပိုင်ခွင့်ညီလာခံမှ ရရှိလာသည့် ဆွေးနွေးသုံးသပ်ချက်ရလဒ်များနှင့် လေ့လာတွေ့ရှိချက်များအပေါ် အခြေခံ၍ နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့် ခေတ်မီကောင်းမွန်သော မူပိုင်ခွင့်စနစ် ပေါ်ထွန်းလာစေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို မူပိုင်ခွင့် ပိုင်ရှင်များထံသို့ အပ်နှင်းခြင်းသာမက မူပိုင်ခွင့်ချိုးဖောက်မှုများကိုလည်း ထိရောက်စွာ တားဆီးကာကွယ်ပေးခြင်းဖြင့် ညီညွတ်မျှတသော လူမှုစီးပွားဘဝကို တည်ဆောက်နိုင်မည်ဖြစ်သည်။ မူပိုင်ခွင့် ဥပဒေများအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ အကောက်ခွန်ဦးစီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ကြော်ငြာစာများကိုလည်း ထုတ်ပြန်ခဲ့သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း မူပိုင်ခွင့်ချိုးဖောက်မှုများကို ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

နိုင်ငံတော်တွင် မူပိုင်ခွင့်ဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်ခြင်းနှင့် မူပိုင်ခွင့်ချိုးဖောက်မှုများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ခြင်းအားဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသည့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ဖြစ်ပေါ်လာစေရန် အထောက်အကူ ဖြစ်စေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာစေနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများကို လွှဲပြောင်းရယူနိုင်စေခြင်းဖြင့် ကုန်ထုတ်လုပ်မှုမြင့်မားတိုးတက်လာနိုင်ခြင်း၊ တီထွင်ဖန်တီးသူနှင့် သုံးစွဲသူများအကြား အကျိုးအမြတ်များကို မျှတစွာခွဲဝေခံစားစေခြင်းအားဖြင့် စာပေအနုပညာနှင့် စက်မှုလက်မှုကဏ္ဍများတွင် တီထွင်ဆန်းသစ်မှုများ ပေါ်ထွန်းလာနိုင်ခြင်းနှင့် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

စာမျက်နှာ (၁၁) သို့

# ပခုက္ကူချည်ထည် ဝါဒစောင်

ပခုက္ကူမြို့သည် လက်မှုပညာဖြစ်သော ရက်ကန်းလုပ်ငန်းဖြင့် အသက်မွေးကြသူများရှိပြီး ရက်ကန်းလုပ်ငန်းများထဲတွင် ပခုက္ကူချည်ထည် ဝါဒစောင်သည် လူကြိုက်များကြောင်း သိရသည်။ ဝါဒချည်ထည်စောင်ကို အမှတ်(၁၂)၊အမှတ်(၁၄)၊ အမှတ်(၁၅) ရပ်ကွက်များနှင့် ပခုက္ကူမြို့နယ် အနီးအနားရှိရွာများတွင် အများဆုံးရက်လုပ်ကြသည်။ ယခုအခါတွင် ဝါဒစောင် ရက်လုပ်သည့် ရက်ကန်းစင်အရေအတွက် စုစုပေါင်း ၃၀ ကျော်ရှိကြောင်း သိရသည်။

ပခုက္ကူ ဝါဒစောင်ကို ပခုက္ကူတစ်မြို့တည်းတွင်သာ ရက်လုပ်၍ ပခုက္ကူ ဝါဒစောင်ဟု ခေါ်ကြသည်။ ဝါဒစောင်မှာ အသားနှစ်ထပ်ခတ်ရသည့်အတွက် နှစ်ထပ်စောင်ဟုလည်း ခေါ်ကြသည်။ ရိုးရာ ရက်ကန်းပညာနှင့် ခေတ်မီရက်ကန်းပညာ ပေါင်းစပ်ကာ ထူးခြားစွာ တီထွင်ကြံဆရာမှ ပေါ်ထွက်လာသော ချည်စောင် အမျိုးအစားလည်းဖြစ်သည်။

ပခုက္ကူဝါဒစောင်ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းမှာ ၁၈၂၇ ခုနှစ်တွင် ဂျွန်ခရောဖွတ်သည် အင်းဝနေပြည်တော်သို့ သံတမန်အဖြစ် ဆောင်ရွက်ရန် ဧရာဝတီမြစ်အတိုင်း ဖြတ်သွားစဉ် ဧရာဝတီ၏ အနောက်ဘက်ကမ်းတွင် ပခုက္ကူမြို့မှ ဝါဒစောင်ရက်ကန်း ရက်လုပ်သည်ကိုတွေ့ရှိပြီး မှတ်တမ်းတင်ထားရှိခဲ့သည်။ ပခုက္ကူဒေသတွင် ချည်ထည်၊ ပိုးထည် အမြောက်အမြားထွက်ရှိပြီး အတွင်းဘက် ကျေးထောက်နောက်ခံရွာများမှ ထုတ်ကုန်အဖြစ် ရက်လုပ်ခဲ့ကြကြောင်း သိရသည်။ ပခုက္ကူဝါဒစောင်ကို စတင်တီထွင်ခဲ့သူမှာ ဝင်းမြန်မာရက်ကန်းရုံပိုင်ရှင်ဖြစ်သည်။ အဆင်ဒီဇိုင်းလှ၍ ဆေးရောင်ခိုင်ခန့်သည့် အသားနှစ်ထပ်စောင်ကို ၁၉၃၈ ခုနှစ်တွင် စတင်ရက်လုပ်ခဲ့သည်။ မြန်မာ့ရက်ကန်းစင်တွင် နှပ် ရှစ်လွှာ၊ ဝါးရှစ်လုံး တပ်ဆင်ထားသည့်အပြင် ပေါ်လွန်းပြောင်းကိုပါ တီထွင်ခဲ့သည်။ လွန်းပြောင်းမပေါ်မီက တစ်နေ့လျှင် စောင်တစ်ထည်သာပြီး၍ လွန်းပြောင်းတီထွင်အပြီးတွင် တစ်နေ့လျှင် စောင်လေးထည် ရက်လုပ်နိုင်ခဲ့သည်။

ရက်ကန်းရုံပိုင်ရှင် နှစ်ထပ်စောင် ရက်လုပ်အပြီးတွင် စောင်အမည်ကို မပေးရသေးဖြစ်နေပြီး နန်းတော်ရှေ့ဆရာတင်၏ သူဌေးဝါဒသီချင်း ထွက်ပေါ်လာခဲ့ရာမှ သူဌေးဝါဒသီချင်းကို သဘောကျ၍ စောင်အမည်ကို သူဌေးဝါဒဟုအမည်ပေးရာမှ ကာလကြာလာသည်နှင့်အမျှ ဝါဒစောင်ဟုခေါ်လာကြပြီး ပခုက္ကူတွင်ရက်လုပ်သောကြောင့် ပခုက္ကူဝါဒစောင်ဟု ခေါ်တွင်လာကြသည်။

ဝါဒစောင်၏ ထူးခြားချက်မှာ အဆင်ဒီဇိုင်းလှ၍ အရောင်အသွေးမပျက် ဆေးရောင်ခိုင်ခန့်၍ ကြာရှည်ခံသည့် စောင်အမျိုးအစားလည်းဖြစ်သည်။ ယခင်က ဝါဒစောင်ရက်လုပ်ရာတွင် တိုင်ချည်ကို ၂/ ၂၀ တိုင် ဖောက်ချည်ကို မြန်မာ့ဝါကြီးလက်ငင်ချည်ကို အသုံးပြုခဲ့ပြီး ခေတ်မီတိုးတက်လာသည်နှင့်အမျှ ဖောက်ချည်ကို ၇ ချည်၊ ၁၀ ချည်နှင့် သိုးမွေးများကို ဖောက်ချည်အဖြစ် အသုံးပြုလာကြောင်း ရက်ကန်းလုပ်ငန်းရှင်ထံမှ သိရသည်။

ဝါဒစောင်ကိုရက်လုပ်ရာတွင် အဆင်ဒီဇိုင်းအကွက်တိုင်းတွင် အထက်တစ်လွှာနှင့် အောက်တစ်လွှာဖြင့် အသားနှစ်ထပ်ပါရှိပြီး အထက်လွှာနှင့် အောက်လွှာအရောင်မှာ မတူဘဲ တစ်ရောင်စီဖြစ်ပြီး ကွဲပြားနေကြောင်းတွေ့ရသည်။ ဝါဒစောင်ရက်လုပ်ရာတွင် နှပ်ရှစ်လွှာနှင့် ဝါးလုံးရှစ်လုံးဖြစ်ပြီး လွန်းကို အရောင်မျိုးစုံဖြင့် ခတ်ရကြောင်း သိရသည်။

ပခုက္ကူဝါဒစောင်ဈေးနှုန်းအနေဖြင့် အလျား ၇ ပေ ၄လက်မနှင့် အနံ ၅ ပေ ၃ လက်မရှိသော စောင်တစ်ထည်လျှင်ကျပ် ၆၅၀၀၀ ဖြစ်ပြီး မြန်မာပြည်အနှံ့အပြားသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ရက်ကန်းလုပ်ငန်းရှင်များထံမှ သိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

**စာမျက်နှာ(၁၀)ဆောင်းပါးမှအဆက်**

ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်နှင့် အေအိုင် စသည့် နည်းပညာရပ်များ တစ်ဟုန်ထိုး ဖြစ်ပေါ်လာပြီး ကမ္ဘာတစ်ဝန်း ယှဉ်ပြိုင်မှု မြင့်မားလာသဖြင့် မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တစ်ရပ်ကို ကျင့်သုံးဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် အထောက်အပံ့ကောင်းတစ်ရပ် ဖြစ်စေနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်၏ တီထွင်ဆန်းသစ်မှုကို အခြေပြုသည့် စီးပွားရေးနှင့် ပညာရေးမူဝါဒများကို အကောင်အထည်ဖော်ရာတွင် မူပိုင်ခွင့်ကဏ္ဍကိုလည်း မရှိမဖြစ် တည်ဆောက်ရမည်ဖြစ်သဖြင့် မူပိုင်ခွင့်ခရီးလမ်း၏ ရည်မှန်းချက်ပန်းတိုင်သစ်ဆီသို့ အရောက်လှမ်းနိုင်ကြရန် ပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် အမျိုးသားဂုဏ်ကို မြှင့်တင်ရန်လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

# မိတ္ထီလာမြို့၌ ဖြစ်ပေါ်နေသော တိရစ္ဆာန်အစာ ဈေးနှုန်း၊ ဈေးကွက်အခြေအနေ

မိတ္ထီလာမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် သီးနှံမျိုးစုံ စိုက်ပျိုးကြပြီး စိုက်ပျိုးရေးထုတ်ကုန်များမှ ထွက်ရှိသည့် တိရစ္ဆာန်အစာများကို ဒေသတွင်းမွေးမြူသည့် နွား၊ ဆိတ်၊ ကြက်၊ ဝက် အစရှိသည့် မွေးမြူရေးလုပ်ငန်းများအပြင် တိရစ္ဆာန်အစာစက်ရုံများ၊ အခြားဒေသများသို့လည်း တင်ပို့ရောင်းချကြသည်။

ဒီဇင်ဘာလစတုတ္ထပတ်အတွင်း ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထုတ်ကုန်များမှ ထုတ်လုပ်သည့် တိရစ္ဆာန်အစာဈေးနှုန်းများမှာ ပဲဖတ်အခွံပါ တစ်ပိဿာလျှင် ကျပ် ၅၈၀၀၊ ပဲဖတ်အသန့် တစ်ပိဿာလျှင် ကျပ် ၈၂၀၀၊ ဝါဖတ်အပွဖတ် တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ ဝါဖတ်အကျစ်ဖတ် တစ်ပိဿာလျှင် ကျပ် ၃၂၀၀၊ နှမ်းဖတ် တစ်ပိဿာလျှင် ကျပ် ၄၇၀၀၊ ပဲခွံဖတ် တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ ဆန်ဖွဲနု(ရှယ်) ၁၈ ပိဿာတစ်အိတ်လျှင် ကျပ် ၂၅၅၀၀၊ ဆန်ဖွဲနု ၁၈ ပိဿာတစ်အိတ်လျှင် ကျပ် ၂၄၅၀၀၊ ဆန်ဖွဲနုကြမ်း ၂၅ပိဿာတစ်အိတ်လျှင် ကျပ် ၁၂၀ ၀၀၊ ဆန်ကွဲ ၂၇ ပိဿာတစ်အိတ်လျှင် ကျပ် ၄၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကြက်ကလေးစာ ၆၀၁၀ (50)kg တစ်အိတ်လျှင် ကျပ် ၁၃၅၆၀၀၊ ကြက်ကြီးစာ ၆၀၂၀ (50)kg တစ်အိတ်လျှင် ကျပ် ၁၂၉၉၀၀၊ ဝက်ကြီးစာ (25)kg တစ်အိတ်လျှင် ၃၈၅၅ ကျပ် ၅၇၃၀၀၊ ဝက်ကြီးငယ်၃၈၂၅ (25)kg တစ်အိတ်လျှင် ကျပ် ၈၂၃၀၀ ဖြစ်ပြီး ယခင်လနှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ်မြင့်တက်လာကြောင်းသိရသည်။

ဈေးကွက်အနေဖြင့် ပဲဖတ်၊ နှမ်းဖတ်၊ ဝါကြိတ်ဖတ်၊ ဆန်ကွဲ၊ ဆန်ဖွဲနု၊ ဆန်ဖွဲနုကြမ်းများကို ဒေသတွင်းမွေးမြူရေးလုပ်ငန်းများအပြင် ရမည်းသင်း၊ ပျော်ဘွယ်၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ အောင်ပန်း၊ လွိုင်ကော်မြို့များသို့တင်ပို့ရောင်းချကြကြောင်း တိရစ္ဆာန်အစာ ရောင်းဝယ်ရေးလုပ်ငန်းများမှ သိရသည်။

**မြို့ရှိ (DOCA၊မိတ္ထီလာ)**



# ကန့်ဘလူမြို့နယ်ဒေသထွက် ဝါးဖျာကြမ်း

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးလုပ်ငန်းနှင့် လက်မှု လုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဒေသတစ်ခုဖြစ်သည်။

ကန့်ဘလူမြို့နယ်၏ လက်မှုလုပ်ငန်းများအနက်မှ ဝါးဖျာကြမ်းလုပ်ငန်းမှာ အခြားဒေသများသို့ တင်ပို့သည်အထိ ထုတ်လုပ်နေသော ဒေသထွက်ကုန်တစ်မျိုးဖြစ်သည်။

ဝါးဖျာကြမ်း စတင်ရက်လုပ်နိုင်ရန်အတွက် ကုန်ကြမ်းဖြစ်သည့် ဝါးနှီး အဓိကလိုအပ်သည်။ ကုန်ကြမ်းရရှိနိုင်ရန်အတွက် ဝါးနှီးထိုးသူများသည် ဆောင်းရာသီရောက်လျှင် ကုန်ကြမ်းများ ရနိုင်သည့် ကောလင်းမြို့နယ် တောင်ပုံတောစခန်းဘက်သို့ စားအိုးစားခွက်များဖြင့် ရက်ပေါင်းများစွာ တောထဲတွင် တဲထိုး၍ လုံလောက်သည့် ဝါးနှီးရသည်အထိ နေထိုင်ပြီး လုပ်ကိုင်ကြရသည်။

‘ဝါးနှီးဖျာ’ရက်လုပ်ရာတွင် မျှင်ဝါးတစ်မျိုးသာ အသုံးပြုရက်လုပ်ရသည်။ ဝါးတစ်ပင်၏ အရှည်မှာ (၁၁)တောင်ခန့်ရှိပြီး ဝါးတစ်ပင်လျှင် နှီးကြမ်း (၈)ပင်ရသည်။ ထိုသို့ရရှိလာသော နှီးများကို ‘ဝါးနှီးဖျာ’လုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းရှင်ပွဲစားများထံသို့ လာရောက်ရောင်းချကြသည်။ နှီးကြမ်းအပင် ၈၀ ပါတစ်ထုပ်လျှင် ကျပ် ၁၈၀၀၀၊ အထုပ် ၃၀ ပါ လှည်းတစ်စီးလျှင် ကျပ် ၅၄၀၀၀၀ ဖြင့် ရောင်းချသည်။ ဝါးရင့်ချိန် ဆောင်းရာသီတွင် သက်တမ်းရင့်ဝါးများကို ရှာဖွေကာ နှီးကြမ်းအဖြစ် ထုတ်လုပ်ကာ တစ်ရာသီလုံး ရက်လုပ်နိုင်ရန်အတွက် စုဆောင်းထားရှိရသည်။

ဝါးဖျာကြမ်းလုပ်ငန်း လုပ်ကိုင်သည့် လုပ် ငန်းရှင်ပွဲစားများသည် ရရှိလာသော နှီးကြမ်းများကို ဝါးဖျာကြမ်း ရက်လုပ်နိုင်ရန်အတွက် နှီးကြမ်းတစ်ပင်ကို ဖြာရက်လုပ်၍ရသော အလွှာလေးလွှာ ပြန်၍ခွဲထုတ်ရသည်။ နှီးလွှာသည့် အမျိုးသားတစ်ဦးသည် တစ်ရက်လျှင် နှီးကြမ်းတစ်ထုပ်ခွဲသာ လွှာနိုင်သည်။ နှီးလွှာခအနေဖြင့် တစ်ထုတ်လျှင် ကျပ် ၂၅၀၀ ပေးရပြီး တစ်ရက်လျှင် လုပ်အားခ ကျပ် ၁၀၀၀၀ ရရှိသည်။ ဖျာရက်လုပ်သူအများစုမှာ အမျိုးသမီးများဖြစ်ကြပြီး တစ်ရက်လျှင် လေးချပ်မှ ငါးချပ်အထိ ရက်လုပ်နိုင်သည်။ ရရှိလာသော နှီးသားဖျာကြမ်း တစ်ချပ်လျှင် ဈေးကွက် ရောင်းဈေး ကျပ် ၁၅၀၀၀ မှ ၁၈၀၀၀ နှင့် နှီးချောဖျာတစ်ချပ်လျှင် ကျပ် ၂၅၀၀၀ မှ ၂၈၀၀၀ ရောင်းချသည်။

ကုန်ချောထုတ်လုပ်နိုင်ရန်အတွက် နှီးကြမ်းများကို တစ်ည ရေစိမ်ရသည်။ ထို့နောက် နှီးကြမ်းတစ်ပင်ကို ဖျာရက်လုပ်နိုင်သည့် နှီးချောလေးပင်ရအောင် လွှာရသည်။ ရရှိလာသော နှီးချောများကို နာရီအနည်းငယ် ရေထပ်စိမ်ပြီးမှ ဖျာစတင်ရက်လုပ်ကြရသည်။

တစ်အိမ်လျှင် အမျိုးသားက နှီးဖျာပြီး အမျိုးသမီးက ဖျာရက်လုပ်သည်။ အလျား လေးထောင့်ထွာ၊ အနံ သုံးထောင့်ထွာဖျာ တစ်ချပ်လျှင် နှီးသားအပင်ရေ ၈၀ မှ ၉၀ ခန့် ကုန်ကျသည်။ ဖျာရက်လုပ်သည့် လုပ်ငန်းကို နွေရာသီနှင့် ဆောင်းရာသီတွင် အများဆုံး ရက်လုပ်ကြသည်။ မိုးရာသီတွင် ဒေသစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြသဖြင့် အနည်းငယ်သာ ရက်လုပ်ကြသည်။

ကုန်ချောထွက်ရှိလာသော ဝါးဖျာကြမ်းများကို ဒေသတွင်း ဖောက်သည်များထံသို့ ရောင်းချပြီး အများဆုံးတင်ပို့သည့်ဒေသမှာ ရှမ်းပြည်နယ်သို့ တင်ပို့ရောင်းချသည်။ ရှမ်းပြည်နယ်ရှိ လက်ဖက်လုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းရှင်များမှ အများဆုံး ဝယ်ယူသုံးစွဲကြသည်။

ထို့ကြောင့် ဝါးဖျာကြမ်းလုပ်ငန်းများ ရေရှည်ရပ်တည်လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သည့် ကုန်ကြမ်းဝါးများကို အစားထိုး စိုက်ပျိုးခြင်း၊ ဝါးတောများကို တောမီးမလောင်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ခြင်းများ ဆောင်ရွက်ကြရန်လိုအပ်သည်။ ရှားပါးလာသည့် အလုပ်သမား ပြဿနာအား ဖြေရှင်းနိုင်ရေးလက်မှုမှသည့် စက်မှုဖြင့် ထုတ်လုပ်နိုင်သည့် အကူပစ္စည်းနှင့် နည်းပညာများလည်း လိုအပ်လျက်ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ သို့မှသာ ကုန်ချောပစ္စည်းများကို အမြန်ဆုံးနှင့် ဈေးနှုန်းချိုသာစွာ ဈေးကွက် သို့တင်ပို့နိုင်ပြီး ပြန်လည်ထိုးဖောက်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

**သင်းသင်းအေး (မုံရွာ)**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် ဒီဇင်ဘာ ၂၄ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၄၄၉၉ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၃၇၁ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

ပြည်တွင်း ရွှေဈေးသည်လည်း ဒီဇင်ဘာ ၂၄ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၃၄၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ဒီဇင်ဘာ ၃၀ ရက်တွင် ကျပ် ၉၁၀၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၇၅ ဘီလီယံရှိကြောင်းသိရှိရသည်။

Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိကြောင်း ခန့်မှန်းထားခဲ့သည်ကို တွေ့ရသည်။

ဒီဇင်ဘာလ ၂၄ ရက်မှ ဒီဇင်ဘာလ ၃၀ ရက်အထိ ရက်အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသောနိုင်ငံတကာငွေ လဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ဒီဇင်ဘာလ ၂၄ ရက်မှ ဒီဇင်ဘာလ ၃၀ ရက်ထိ ရက်သတ္တပတ်အတွင်း ၃၉၈၀ မှ ၃၉၉၀ ကျပ်ကြား ရှိနေကြောင်း သိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၄-၁၂-၂၀၂၅ | ၂၉-၁၂-၂၀၂၅ | ၃၀-၁၂-၂၀၂၅ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၁.၀၄၇ | ၃၁.၃၈၅ | ၃၁.၅၀၈ | ၁.၄၈ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၂၈၃ | ၁.၂၈၅ | ၁.၂၈၄ | ၀.၀၈ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၀၅၀ | ၄.၀၆၀ | ၄.၀၄၇ | -၀.၀၇ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၆၇၇၃ | ၁၆၇၈၇ | ၁၆၇၆၀ | -၀.၀၈ | ⬇ |
| ၆ | Chinese Yuan | CNY | ၇.၀၁၈ | ၇.၀၀၉ | ၆.၉၈၈ | -၀.၄၃ | ⬇ |
| ၇ | Indian Rupee | INR | ၈၉.၇၄၄ | ၈၉.၉၇၄ | ၈၉.၈၂၀ | ၀.၀၈ | ⬆ |
| ၈ | Japanese Yen | JPY | ၁၅၅.၇၅၅ | ၁၅၆.၂၃၀ | ၁၅၅.၉၅၅ | ၀.၁၃ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၄၈၉ | ၁.၄၉၁ | ၁.၄၉၂ | ၀.၂၀ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၄၈ | ၀.၈၄၉ | ၀.၈၅၀ | ၀.၂၄ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၄၀ | ၀.၇၄၁ | ၀.၇၄၀ | ၀.၀၀ | - |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ ရာခိုင်နှုန်း ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၄ ဖြစ်ပေါ်ခဲ့သည်ကို သိရသည်။

ထိုင်းဆန် ဈေးနှုန်းများမှာ (၁၀၀ ရာခိုင်နှုန်း ) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၆၊ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၃၀၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၂၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၆ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၆ ဖြင့် ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၆၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၇၊ ပေါင်းဆန် (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဖြင့် အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။


Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ (၁၀၀ ရာခိုင်နှုန်း) ဘီဂရိတ်ဆန်၊ ဧည့်မထ (၅ ရာခိုင်နှုန်း) ဆန်၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်ဈေးနှုန်းများမှာ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ ဗီယက်နမ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်းသိရှိရသည်။ Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၂၃ ရာခိုင်နှုန်း ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း တွေ့ရသည်။

လက်ရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဒီဇင်ဘာ ၂၆ ရက်နေ့အထိ (ယာယီ) စာရင်းများအရ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၁၁၂၈၃၁၇ ဒသမ ၃၇၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၉၂ ဒသမ ၉၉၃ သန်း၊ ဆန်ကွဲ တန်ချိန် ၉၅၂၆၂၃ ဒသမ ၅၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၁ ဒသမ ၄၀၄ သန်း၊ စုစုပေါင်း ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၂၀၈၀၉၄၀ ဒသမ ၉၂၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၆၄ ဒသမ ၃၉၇ သန်း ရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၁၁၉၃၀၅၄ ဒသမ ၄၀၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၂၁ ဒသမ ၂၄၆ သန်း၊ ဆန်ကွဲ တန်ချိန် ၇၉၆၈၃၈ ဒသမ ၇၀၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၇ ဒသမ ၅၉၁ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၉၈၉၈၉၃ ဒသမ ၁၀၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉၂၈ ဒသမ ၈၃၇ သန်း တင်ပို့ခဲ့သည်။

ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၆ သောင်းကျော်နှင့် တန်ဖိုး အမေရိကန် ဒေါ်လာ ၂၂၈ ဒသမ ၂၅၃ (၃၇ ရာခိုင်နှုန်း) လျော့နည်းတင်ပို့ခဲ့ပါသည်။ ဆန်ကွဲ တင်ပို့မှုတွင် ယခင်နှစ် ကာလတူထက် တန်ချိန် ၁ ဒသမ ၅ သိန်း တင်ပို့မှု ပိုမိုခဲ့သော်လည်း ကမ္ဘာ့ဆန်ဈေးကွက်ပေါက်ဈေးလိုက်၍ ယခင်နှစ် ကာလတူထက်ဈေးနှုန်း ကျဆင်းမှုများရှိသဖြင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၁၈၇ သန်း (၁၂ ရာခိုင်နှုန်း) လျော့နည်းရရှိသည်။

မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဆန်ချော(အသစ်)တစ်အိတ်လျှင် ၂၉၈ ယွမ်ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၅၇၁ ကျပ်နှုန်းရှိသောကြောင့် ဆန်သစ်တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၁၂၇ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် လားရှိုးမြို့တွင် ကျပ် ၅၀၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပုသိမ်မြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။



# ပုသိမ်မြို့ပေါ်တွင် အရောင်းအဝယ်ဖြစ်နေသော ပြည်ပပို့ကုန် ဆံပင်ဈေးကွက်

ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန်များတွင် ပါဝင်သည့် ဆံပင်ဈေးကွက်မှာ တွင်ကျယ်လျက်ရှိသည်။ ပုသိမ်မြို့ပေါ်တွင် အဝယ်ဒိုင်များဖွင့်လှစ်၍ ဆံပင်ကုန်ကြမ်းများ ဝယ်ယူကာ ပြည်ပနိုင်ငံများသို့ တစ်ဆင့် ပြန်လည်ရောင်းချလျက်ရှိကြောင်း သိရသည်။

ဆံပင်အဝယ်ဒိုင်မှ ၁၂-၁၄လက်မ၊ ၁၅-၁၈ လက်မ၊ ၁၉-၂၀လက်မ၊ ၂၅-၂၈လက်မနှင့် ၃၀ လက်မ အထက် ဆံပင်အတို-အရှည် အမျိုးအစားခွဲခြား၍ ဝယ်ယူလျက်ရှိပြီး ဈေးနှုန်းကွာခြားမှုရှိကြောင်း၊ ဆံပင်ဈေးနှုန်းမှာ တစ်ကျပ်သားလျှင် အနိမ့်ဆုံးကျပ် ၃၀၀၀-၄၀၀၀ မှ အမြင့်ဈေးနှုန်း ကျပ် ၄၀၀၀၀-၅၀၀၀၀ ဈေးအတွင်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ပုသိမ်ဈေးကွက်သို့ ရန်ကုန်အဝယ်တော်များမှ လာရောက် ဝယ်ယူလျက်ရှိပြီး မန္တလေး၊ မော်လမြိုင်မြို့ကြီးများမှ တစ်ဆင့် ရောင်းချမှုရှိကြောင်းနှင့် တစ်ခါတစ်ရံ ပြည်ပနိုင်ငံသားများမှလည်း တိုက်ရိုက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံမှ ဆံပင်လုပ်ငန်းရှင်များမှာ ယခင်က တရုတ်နိုင်ငံသို့သာ အဓိကတင်ပို့ရောင်းချမှုရှိပြီး ယခုအခါ ဗီယက်နမ်၊ ကိုရီးယား၊ ရုရှားနှင့် ဥရောပနိုင်ငံများမှလည်း ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ဆံပင်ဈေးကွက်မှာ ဥရောပ၊ ကိုရီးယား၊ ရုရှားနိုင်ငံများတွင် ဈေးကွက်ကြီးမား၍ ဥရောပတိုက်အတွင်းရှိ ပြင်သစ် ကိန်းရုပ်ရှင်ပွဲတော်၊ နာတာလူးပွဲတော်၊ ဖက်ရှင်ပွဲတော်၊ ခရစ္စမတ်ပွဲတော်များနှင့် အခြားထင်ရှားသော ပွဲတော်များတွင် ဆံပင်တုကို အများဆုံး အသုံးပြုလျက်ရှိကြောင်းသိရသည်။ အသားအုပ်ပလာစတာပေါ်တွင် ဆံပင်တုကို တပ်ဆင်အသုံးပြုခြင်းဖြင့် ထိပ်ပြောင်သူများအဆင်ပြေမှုရှိပြီး ဆံပင်တုကို မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး အတုပြုလုပ်ခြင်း တရုတ်ရုပ်ရှင်ကားများတွင် ဆံတုဆံထိုး ပြုလုပ်အသုံးပြုခြင်း၊ ဂီတ၊ ရုပ်ရှင် အနုပညာနယ်ပယ်နှင့် ပျော်ပွဲရွှင်ပွဲများတွင် ဆံပင်တုကို အမျိုးမျိုး တွင်ကျယ်စွာ အသုံးပြုလျက်ရကြောင်း သိရသည်။ **ရောမြေ(ပုသိမ်)**



# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဒီဇင်ဘာ ၂၉ ရက် Global Petrol Prices Website တွင် ယခုအပတ်အတွက် ဖော်ပြထားရှိသည့် ဓာတ်ဆီ ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၂ နိုင်ငံအနက် ဖင်လန်နိုင်ငံသည် ယခုတစ်ပတ်တွင် ၄ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး နိုင်ဂျီးရီးယားနိုင်ငံတွင် ၃ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဆီးရီးယားနိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ပြင်သစ်နိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၉ နိုင်ငံရှိကြောင်း တွေ့ရသည်။

Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် ဖော်ပြချက်အရ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ အာဖဂန်နစ္စတန်၊ အာဂျင်တီးနား၊ အာမေးနီးယား၊ ဂျော်ဂျီယာ၊ လီဆိုသို၊ လူဇင်ဘတ်၊ မက္ကဆီကို၊ နော်ဝေ၊ ပါရာဂွေး၊ ပီရူး၊ ကာတာနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၂ နိုင်ငံ၏ ဓာတ်ဆီဈေးနှုန်းများမှာ ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း တွေ့ရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ ဂျပန်၊ တရုတ်၊ ကနေဒါ၊ ရုရှား၊ ဆွစ်ဇာလန်၊ ဒိန်းမတ်၊ ရိုမေးနီးယား၊ ဆွီဒင်၊ အီတလီ၊ စပိန်၊ ဆူရီနမ်၊ ဂရိ၊ ဂွါတီမာလာ၊ ပိုလန်နှင့် မော်လ်ဒိုဗာ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၁ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၆၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ ကြောင်း တွေ့ရသည်။

ဒီဇင်ဘာ ၂၉ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် အာဆီယံနိုင်ငံများ၏ ဓာတ်ဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၄ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၃ ဒသမ ၁၀ ရာခိုင်နှုန်း ဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲ မရှိတည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ အာဂျင်တီးနား၊ အာမေးနီးယား၊ ဘူတန်၊ ဟန်ဂေရီ၊ ဂျော်ဒန်၊ လီဆိုသို၊ လူဇင်ဘတ်၊ မက္ကဆီကို၊ နီပေါ၊ နော်ဝေ၊ ပါရာဂွေး၊ ပီရူးနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၆ နိုင်ငံတွင် ယခင်တစ်ပတ် ဒီဇယ်ဆီ ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံပေါင်း ၄၄ နိုင်ငံရှိပြီး မြန်မာ၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ ဂျပန်၊ တရုတ်၊ ရိုမေးနီးယား၊ ဆွစ်ဇာလန်၊ အီတလီ၊ စပိန်၊ ဂရိ၊ ကနေဒါ၊ ချီလီ၊ ပိုလန်၊ ခရိုအေးရှား၊ လက်ဘနွန်၊ နယ်သာလန်နှင့် ပနားမား စသည့်နိုင်ငံများ ပါဝင်ကြောင်း တွေ့ရှိရသည်။

ဒီဇင်ဘာ ၂၉ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် အာဆီယံနိုင်ငံများ၏ ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး မြန်မာနိုင်ငံတွင် ၃ ဒသမ ၇၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရသည်။ အာဆီယံနိုင်ငံများ၏ ဒီဇင်ဘာ ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၇၉ | ၀.၇၁ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၈ | ၀.၉၁ |
| ၃ | ထိုင်း | လီတာ | ၁.၃၃ | ၀.၉၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၄ | ၀.၆၆ |
| ၅ | စင်ကာပူ | လီတာ | ၁.၁၃ | ၁.၉၈ |
| ၆ | မလေးရှား | လီတာ | ၀.၆၃ | ၀.၇၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၉ | ၀.၉၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၀ | ၀.၈၈ |
| ၉ | လာအို | လီတာ | ၁.၃၃ | ၀.၈၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၃ | ၀.၉၁ |
| ၂ | ဂျပန် | လီတာ | ၁.၀၁ | ၀.၉၃ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၃ | ၁.၀၁ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီ ဈေးနှုန်းများမှာ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်တွင် အောက်တိန်း - 92 တစ်လီတာလျှင် ၂၄၃၅ ကျပ်၊ အောက်တိန်း - 95 တစ်လီတာလျှင် ကျပ် ၂၄၆၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၁၄၀ နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၂၅၈၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၂၉၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၂၉၅ ကျပ်၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၆၀၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၃၆၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ ပဲခူးမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၂၁၅၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၁၅၅ ကျပ်၊ ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၂၁၄၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၁၄၀ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရသည်။

## စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင်များနှင့် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကို အမိန့်ကြော်ငြာစာအမှတ် (၂၁၈/ ၂၀၂၃) ဖြင့် ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပြီး ဖြစ်ပါသည်။ စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၇၀/ ၂၀၂၃) ဖြင့် ၂၃-၁၀-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ မှတ်ပုံတင်လျှောက်ထားခြင်းအတွက် လိုအပ်သောလျှောက်လွှာပုံစံ (၁၃) မျိုးကို အမိန့်ကြော်ငြာစာအမှတ် (၇၃/ ၂၀၂၃) ဖြင့် ၂၀-၁၁-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ မှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်မှုအမျိုးအစားအလိုက် ပေးသွင်းရမည့်အခကြေးငွေများကို အမိန့်ကြော်ငြာစာအမှတ်(၁/ ၂၀၂၄) ဖြင့် ၁၃-၂-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားခြင်းများကို ၉-၂-၂၀၂၄ ရက်နေ့တွင် စတင်လက်ခံဆောင်ရွက်နေပြီဖြစ်ပါသည်။

၂။ မှတ်ပုံတင်လျှောက်ထားခြင်းများကို မူပိုင်ခွင့်ဦးစီးဌာနသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ အီလက်ထရောနစ်စနစ် (CR File System) ကို အသုံးပြု၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။ မူပိုင်ခွင့်ပိုင်ရှင်ကိုယ်တိုင် သို့မဟုတ် စာပေနှင့်အနုပညာမူပိုင်ခွင့် ကိုယ်စားလှယ်သင်တန်း တက်ရောက်ပြီးဖြစ်သည့် ကိုယ်စားလှယ်နှင့်လည်း လျှောက်ထားနိုင်ပါသည်။

၃။ စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လျှောက်လွှာပုံစံများကို မူပိုင်ခွင့်ဦးစီးဌာန ဝက်ဘ်ဆိုဒ် (ipd.gov.mm) တွင် download ရယူနိုင်ပြီး အခကြေးငွေများ၊ လျှောက်လွှာဖြည့်သွင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ကြည့်ရှုနိုင်ပါသည်။ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက မူပိုင်ခွင့်ဦးစီးဌာန၊ နေပြည်တော် (ရုံးချုပ်) (၀၆၇ ၃၄၃၀၅၉၄) အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်) (၀၁ ၈၃၀၀၂၈၃)၊ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) (၀၉၈၉၀၆၁၅၁၅၂) နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့် ဌာနခွဲ (၀၆၇ ၃၄၃၀၅၉၇) သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် စည်းမျဉ်းကို အမိန့်ကြော်ငြာစာအမှတ် (၅၈/ ၂၀၂၄) ဖြင့် ၆-၈-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းအတွက် လိုအပ်သောလျှောက်လွှာပုံစံများ သတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာအမှတ်(၇၉/ ၂၀၂၄) ဖြင့် ၁၆-၁၀-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်း ဆောင်ရွက်ရန် လျှောက်ထားခြင်းအတွက် ဝန်ဆောင်မှုအမျိုးအစားအလိုက် ပေးသွင်းရမည့် အခကြေးငွေ သတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၂၅) ဖြင့် ၂၈-၂-၂၀၂၅ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းအား ၁၆-၇-၂၀၂၅ ရက်နေ့မှစတင်၍ လျှောက်ထားနိုင်ပြီ ဖြစ်သည်။ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းကို ရုံးအမှတ် (၅၂)၊ မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်သည်။

၃။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် လျှောက်လွှာပုံစံများကို မူပိုင်ခွင့်ဦးစီးဌာန ဝက်ဘ်ဆိုဒ် (ipd.gov.mm) တွင် download ရယူနိုင်ပြီး ပေးသွင်းရမည့် အခကြေးငွေ၊ အသိပေးကြေညာချက်တို့ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက စာပေနှင့်အနုပညာမူပိုင်ခွင့် ဌာနခွဲ (၀၆၇ ၃၄၃၀၅၉၇) သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# ပခုက္ကူခရိုင်အတွင်း စမုန်နှမ်းနက် စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက် နှိုင်းယှဉ်ချက်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ မြို့နယ်များရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကအားထားပြီး ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိသည်။ ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များတွင် ဆီထွက်သီးနှံဖြစ်သော မြေပဲ၊ နှမ်းသီးနှံများကို နှစ်စဉ် မိုးသီးနှံနှင့် ဆောင်းသီးနှံဟူ၍ ရာသီအလိုက်စိုက်ပျိုးကြသည်။ ယခုနှစ်တွင် ဆောင်းသီးနှံဖြစ်သော စမုန်နှမ်းနက်များ စိုက်ပျိုးထွက်ရှိပြီး ဈေးကွက်အတွင်း၌ နေ့စဉ် အရောင်းအဝယ်ဖြစ်၍ ဈေးကောင်း ရလျက်ရှိကြောင်း သိရသည်။

ပခုက္ကူခရိုင်အတွင်း နှမ်းစိုက်ဧကများအနေဖြင့် ပခုက္ကူမြို့တွင် ၄၆၅၆၇ ဧက၊ ရေစကြိုမြို့တွင် ၉၁၁၁ ဧက၊ မြိုင်မြို့တွင် ၅၂၆၇၃ ဧက၊ ပေါက်မြို့တွင် ၈၅၆၄ ဧကနှင့် ဆိပ်ဖြူမြို့နယ်တွင် ဧက ၆၂၉၀ စုစုပေါင်း ၁၂၃၂၀၅ ဧက ပခုက္ကူခရိုင်အတွင်း စိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**တစ်ဧက ထွက်ရှိမှု**

ပခုက္ကူခရိုင်အတွင်း မြို့နယ်အလိုက် ဆီထွက်သီးနှံဖြစ်သည့် စမုန်နှမ်းနက် တစ်ဧကထွက်ရှိမှုများကို ၂၀၂၃ ခုနှစ်၊ ၂၀၂၄ခုနှစ်နှင့် ၂၀၂၅ ခုနှစ်များ၏ ထွက်ရှိမှုများကို နှိုင်းယှဉ်ကြည့်ရာတွင် -

| မြို့နယ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် | ၂၀၂၅ ခုနှစ် |
|---|---|---|---|
| ပခုက္ကူ | ၁၁ တင်း | ၁၂ တင်း | ၈ တင်း |
| ရေစကြို | ၁၂ တင်း | ၁၃ တင်း | ၈ တင်း |
| မြိုင် | ၁၃ တင်း | ၁၆ တင်း | ၁၀ တင်း |
| ပေါက် | ၁၃ တင်း | ၁၅ တင်း | ၁၀ တင်း |
| ဆိပ်ဖြူ | ၁၁ တင်း | ၁၂ တင်း | ၈ တင်း |

ပခုက္ကူခရိုင်အတွင်း မြို့နယ်အလိုက် ဆီထွက်သီးနှံဖြစ်သည့် စမုန်နှမ်းနက် တစ်ဧက ထွက်ရှိမှုများကို နှိုင်းယှဉ်ကြည့်ရာတွင် မြို့နယ်အလိုက် ရာသီဥတု၊ ရေ၊ မြေ၊ သဘာဝနှင့် မိုးရေချိန် ကွာခြားချက်ကြောင့် တစ်ဧကအထွက်တင်းများ မတူညီခြင်း၊ ထွက်ရှိမှုကို နှစ်အလိုက် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်များတွင် ရာသီဥတု ကောင်းမွန်ပြီး နှမ်းသီးနှံအကြိုက် မိုးများရွာသွန်းခဲ့သည့်အတွက် အထွက်နှုန်းကောင်းသည်ကို တွေ့ရှိသည်။ ယခုနှစ် ၂၀၂၅ ခုနှစ်တွင် နှမ်းသီးနှံ စိုက်ပျိုးချိန်ဖြစ်သည့် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် မိုးများရွာသွန်းခဲ့သဖြင့် မြို့နယ်အလိုက် စိုက်ပျိုးဖြစ်ထွန်းခဲ့ပြီး နှမ်းသီးနှံများ အပင်ပေါက်၊ အဖူး၊ အပွင့် အားကောင်းသော်လည်း သီးနှံရင့်မှည့်ချိန်တွင် မိုးများရွာသွန်းခဲ့ခြင်း မရှိသောကြောင့် ဒေသတောင်သူများအခေါ် နောက်မိုးမသိမ်းခဲ့သည့်အတွက် အထွက်နှုန်းမှာ ယခင်နှစ်များထက် လျော့နည်းခဲ့သည်။

**ဈေးနှုန်းဈေးကွက်**

ပခုက္ကူခရိုင်အတွင်း မြို့နယ်အလိုက် စိုက်ပျိုးထွက်ရှိသော ဆီထွက်သီးနှံဖြစ်သည့် စမုန်နှမ်းနက်များကို ဈေးနှုန်း၊ ဈေးကွက်နှင့် ရောင်းဝယ်မှုအချက်အချာကျသည့် ပခုက္ကူမြို့ ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပခုက္ကူမြို့ကုန်စည်ဒိုင်တွင် ဒီဇင်ဘာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ဈေးနှုန်းများမှာ ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်များ၏ ဈေးနှုန်းဈေးကွက် နှိုင်းယှဉ်ချက်အား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| အမျိုးအစား | ၂၀၂၃ ခုနှစ် ဈေးနှုန်း အနိမ့်/အမြင့် | ၂၀၂၄ ခုနှစ် ဈေးနှုန်း အနိမ့်/အမြင့် | ၂၀၂၅ ခုနှစ် ဈေးနှုန်း အနိမ့်/အမြင့် |
|---|---|---|---|
| ရှယ် | ၁၁၀၀၀၀/၁၂၂၀၀၀ | ၂၀၀၀၀၀/၂၃၀၀၀၀ | ၂၃၆၀၀၀/၂၄၂၀၀၀ |
| ပုံမှန် | ၉၀၀၀၀/၁၁၈၀၀၀ | ၂၀၀၀၀၀/၂၂၈၀၀၀ | ၂၀၀၀၀၀/၂၃၅၀၀၀ |

ဈေးကွက်အနေဖြင့် စမုန်နှမ်းနက်များကို ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ပြီး ပြည်ပသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

**မြတ်မင်း (ရေစကြို)**

# ပြည်ပတင်ပို့ရာတွင် ဈေးကောင်းရရှိသည့် နှမ်းသီးနှံ

စိုက်ပျိုးရေးလောကတွင် နှမ်းသီးနှံသည် လူမျိုးဘာသာမရွေး စားသုံးကြသော ဆီထွက်သီးနှံတစ်မျိုးဖြစ်၍ အရေးပါသော သီးနှံတစ်မျိုးဖြစ်သည်။ ကမ္ဘာပေါ်တွင် နှမ်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံစာရင်းများထဲတွင် မြန်မာနိုင်ငံပါဝင်နေပြီး နှမ်းသီးနှံကို မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသတွင် အများဆုံးစိုက်ပျိုးသည့်အပြင် တောင်ပေါ်ဒေသ အပူပိုင်းနေရာများတွင်လည်း စိုက်ပျိုးကြသည်။ နှမ်းသီးနှံကို ရာသီအလိုက် စိုက်ပျိုးကြပြီး မိုးနှမ်းကို မိုးဦးကျကာလ မေလနှင့် ဇွန်လတို့တွင် စိုက်ပျိုးပြီး ဆောင်းနှမ်းကို မိုးကုန်ကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် စိုက်ပျိုးကြသည်။

နှမ်းအမျိုးအစားများမှာ နှမ်းနီ၊ နှမ်းဖြူ၊ နှမ်းညို၊ နှမ်းဝါ၊ နှမ်းနက် ဟူ၍ အမျိုးအစားများရှိသည့်အနက် နှမ်းနက်(ခေါ်) စမုန်နက်နှင့် နှမ်းဖြူတို့သည် ဈေးကောင်းရပြီး ပြည်တွင်း စားသုံးသည့်အပြင် ပြည်ပသို့တင်ပို့ရာတွင် ဈေးကောင်းရရှိလျက်ရှိသည်။ နှမ်းစေ့ကို သန့်စင်ပြီးပြည်တွင်း၌ တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် မုန့်လုပ်ငန်းများတွင် အသုံးပြုကြသည်။ နှမ်းလှော်၊ နှမ်းပျစ်၊ နှမ်းကပ်ကြော်၊ နှမ်းစေ့ဖြင့် မုန့်အမျိုးမျိုးပြုလုပ်ကြသည့်အပြင် ဆီကြိတ်၍လည်း စားကြသည်။ နှမ်းဆီစားသုံးခြင်းသည် ကျန်းမာရေးအတွက် ညီညွတ်သည့်အပြင် စီးပွားရေးအရ အကျိုးအမြတ်လည်းရသည်။ ဆီကြိတ်ခြင်းမှ ထွက်ရှိလာသော နှမ်းဖတ်များကို အဓိက ကျွဲ၊ နွား၊ ဝက် အပြင် အခြားသော တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သဖြင့် မွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူပြုအကျိုးဖြစ်စေသည်။ နှမ်းစေ့တွင် ပရိုတင်း၊ ဗီတာမင် B၊ ဗီတာမင် E ၊ ဇင့်၊ မဂ္ဂနီဆီယမ်၊ ကယ်လ်ဆီယမ် Fiber စသော ဓာတ်များပါဝင်သည်။ နှမ်းဆီတွင် ပါဝင်သည့် မပြည့်ဝဆီက သွေးတွင်း ကိုလက်စထရောကိုလျော့ကျစေပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးသည့် အဆီဓာတ်များပါဝင်ခြင်း၊ ၎င်းအပြင် ဇင့်၊ ကယ်လ်စီယမ်များပါဝင်သောကြောင့် အရိုးပွခြင်းကို ကာကွယ်ပေးပြီး အရိုးအဆစ်များ သန်မာစေ ခြင်း၊ နှမ်းဆီကို ပုံမှန်စားသုံးပေးခြင်းဖြင့် သွေးတိုးရှိသူများ သွေးပေါင်ချိန်ကို ကျဆင်းစေခြင်း စသည့် ကောင်းကျိုးများ ရရှိစေသည်။

နှမ်းစိုက်တောင်သူများအနေဖြင့် တောင်ပေါ်ဒေသ မြေမျက်နှာသွင်ပြင်အနေအထားနှင့် မြေပြန့်စိုက်ပျိုးမှုမတူညီကြပါ။ နှမ်းပင်သည် ရေဝပ်သောအခြေအနေကို ကြောက်သည့်အတွက် တောင်စောင်းများတွင်စိုက်ပျိုးမည်ဆိုပါက လှေကားထစ်သဖွယ် မြေများပြုလုပ်၍ ရေစီးရေလာကောင်းအောင် မြောင်းများ ဖောက်လုပ်ရမည်။ သို့မှသာ နှမ်းပင်များသည် ကျန်းမာသန်စွမ်း ကောင်းမွန်ပြီး အထွက်တိုးလည်းကောင်းမည်ဖြစ်ကြောင်း၊ ကျန်းမာရေး၊ စီးပွားရေးအတွက်လည်း အကျိုးရှိသည့်အတွက် စိုက်ပျိုးသင့်ကြောင်း ရေးသားလိုက်ရသည်။

**ကယားမြေ**

# ပြည်ခရိုင်ရှိ ဆီထွက်သီးနှံများ၏ ၂၀၂၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အနေဖြင့် ဆီထွက်သီးနှံများဖြစ်ကြသော နှမ်းနှင့် မြေပဲသီးနှံများအား အဓိကထား၍ စိုက်ပျိုးကြသည်။ နေကြာကို ယခင်က အနည်းငယ်သာ စိုက်ပျိုးကြပြီး ယခုနောက်ပိုင်းကာလများတွင် ပြည်တွင်း စားသုံးဆီဖူလုံမှု ရှိစေရန်အတွက် စမ်းသပ်စိုက်ပျိုးလာကြသည်။ နေကြာကို ဧကပြတ်စိုက်ပျိုးကြသလို ပဲမျိုးစုံစိုက်ခင်းများထဲတွင်လည်း သီးထပ် သီးညှပ်စိုက်ပျိုးကြကြောင်း သိရသည်။ နေကြာထွက်ရှိမှုနည်းသဖြင့် ပြည်မြို့ရှိ ဆီစက်များအနေဖြင့် နေကြာဆီကြိတ်ခွဲထုတ်လုပ်မှုမှာလည်း မရှိသလောက် နည်းပါးကြသည်။ ၂၀၂၅ခုနှစ်နှစ်ကုန်ခါနီးဖြစ်၍ တစ်နှစ်လုံး အရောင်းအဝယ်ဖြစ်ခဲ့သော ဆီထွက် သီးနှံ နှမ်းနှင့် မြေပဲ၏ ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်းဖော်ပြလိုက်ရပါသည်။

တန်ဖိုး- ကျပ်

| စဉ် | လအမည် | နှမ်းနီ တင်းဈေး | နှမ်းနက် တင်းဈေး | စမုန်နက် တင်းဈေး | မြေပဲဆီဆန် ပိဿာဈေး | မြေပဲလုံးဆန် ပိဿာဈေး |
|---|---|---|---|---|---|---|
| ၁ | ၂၀၂၅ဇန်နဝါရီ | ၁၂၀၀၀၀ | ၁၇၃၀၀၀ | ၂၁၆၀၀၀ | ၈၅၀၀-၈၄၀၀ | ၈၈၀၀-၈၇၀၀ |
| ၂ | ဖေဖော်ဝါရီ | ၁၂၀၀၀၀ | ၁၇၃၀၀၀ | ၂၁၆၀၀၀ | ၈၅၀၀-၈၄၀၀ | ၈၈၀၀-၈၇၀၀ |
| ၃ | မတ်လ | ၁၂၀၀၀၀ | ၁၇၀၀၀၀ | ၂၀၀၀၀၀ | ၇၇၀၀-၇၅၀၀ | ၈၄၀၀-၈၂၀၀ |
| ၄ | ဧပြီလ | ၁၂၀၀၀၀ | ၁၇၀၀၀၀ | ၂၀၀၀၀၀ | ၈၂၀၀-၈၀၀၀ | ၉၀၀၀-၈၇၀၀ |
| ၅ | မေလ | ၁၂၀၀၀၀ | ၁၇၀၀၀၀ | ၂၀၀၀၀၀ | ၈၈၀၀-၈၅၀၀ | ၁၀၀၀၀-၉၅၀၀ |
| ၆ | ဇွန်လ | ၁၂၀၀၀၀ | ၁၇၀၀၀၀ | ၂၀၀၀၀၀ | ၈၈၀၀-၈၅၀၀ | ၉၅၀၀-၉၃၀၀ |
| ၇ | ဇူလိုင် | ၁၂၀၀၀၀ | ၂၂၀၀၀၀ | ၂၅၀၀၀၀ | ၈၈၀၀-၈၅၀၀ | ၉၅၀၀-၉၃၀၀ |
| ၈ | ဩဂုတ်လ | ၁၂၀၀၀၀ | ၂၂၀၀၀၀ | ၂၅၀၀၀၀ | ၈၈၀၀-၈၅၀၀ | ၉၅၀၀-၉၃၀၀ |
| ၉ | စက်တင်ဘာ | ၁၂၀၀၀၀ | ၂၂၀၀၀၀ | ၂၅၀၀၀၀ | ၈၈၀၀-၈၅၀၀ | ၉၅၀၀-၉၃၀၀ |
| ၁၀ | အောက်တိုဘာ | ၁၁၀၀၀၀ | ၂၀၀၀၀၀ | ၂၃၀၀၀၀ | ၆၈၀၀-၆၈၀၀ | ၇၄၀၀-၇၄၀၀ |
| ၁၁ | နိုဝင်ဘာ | ၁၁၀၀၀၀ | ၁၇၀၀၀၀ | ၂၃၃၀၀၀ | ၇၆၀၀-၇၇၀၀ | ၈၁၀၀-၈၁၀၀ |
| ၁၂ | ဒီဇင်ဘာ | ၁၁၀၀၀၀ | ၁၇၀၀၀၀ | ၂၂၀၀၀၀ | ၇၈၀၀-၇၆၀၀ | ၈၅၀၀-၈၂၅၀ |

# ယခုနှစ် ဈေးကောင်းရသော ဝါသီးနှံ

မိတ္ထီလာခရိုင်အတွင်း ချဉ်မျှင်ရှည်ဝါအစိုက်များသော်လည်း မလှိုင်မြို့နယ်တွင်ဒေသမျိုးဖြစ်သည့် မလှိုင်ဝါ (ချည်မျှင်တို)ကိုလည်း စိုက်ပျိုးမှုရှိကြောင်းသိရသည်။ ယခုနှစ် ချည်မျှင်ရှည်ဝါ ၃၅၇၄၄ ဧကနှင့် ချဉ်မျှင်တိုဝါ ၄၁၁၄ဧက စိုက်ပျိုးခဲ့ပြီး တစ်ဧကအထွက်နှုန်းအနေဖြင့် ချည်မျှင်ရှည်ဝါမှာ ပိဿာ ၄၀၀ခန့်နှင့် ချည်မျှင်တိုဝါမှာ ပိဿာ ၁၀၀ ထွက်ရှိကြောင်း သိရသည်။

မိတ္ထီလာဈေးကွက်၌ ဒီဇင်ဘာလ စတုတ္ထပတ်တွင် ဝါဈေးနှုန်းများ ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း သိရသည်။ အောက်တိုဘာလမှစ၍ ဈေးကွက်သို့ဝင်ရောက်လာသော ဝါဈေးနှုန်းမှာ တစ်ပိဿာလျှင်ကျပ် ၃၀၀၀-၃၂၀၀ ရှိခဲ့ရာ ယခုနှစ် မိုးများသည့်အတွက် ဝါအထွက်နှုန်းလျော့ကျမည်ဟု ခန့်မှန်းကာ ဈေးပေး ဝယ်ယူလာခြင်းကြောင့် ဝါဈေးနှုန်းများ ကောင်းလာသည်။ အောက်တိုဘာလကုန်ပိုင်းတွင် ဝါတစ်ပိဿာ ကျပ် ၄၂၀၀-၄၅၀၀ ထိ မြင့်တက်ခဲ့သော ဝါဈေးမှာ ဒီဇင်ဘာလလယ်တွင် ကျပ် ၅၅၀၀-၅၇၀၀ ထိ မြင့်တက်လာခဲ့သည်။ ဒီဇင်ဘာလကုန်ပိုင်းတွင် တစ်ပိဿာလျှင် ကျပ် ၅၅၀၀ အထက်မှာရှိပြီး ခြောက်သွေ့ပါက တစ်ပိဿာ ကျပ် ၆၀၀၀ အထိ ဈေးရကြောင်း သိရသည်။

ဝါဈေးများ မြင့်တက်လာသော်လည်း ဂွမ်းဈေးအနေဖြင့် မြင့်တက်မှုနည်းသည့်အတွက် ဝါဂွမ်းစက်များအနေဖြင့် တွက်ခြေမကိုက်ဘဲ စက်လည်ပတ်ရကြောင်း ဝါဂွမ်းစက်ပိုင်များထံမှ သိရသည်။

ဂွမ်းဈေးအနေဖြင့် အောက်တိုဘာလကုန်ပိုင်းက တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀-၁၀၅၀၀ ရှိခဲ့ပြီး ဝါဈေးမြင့်လာသည့် ဒီဇင်ဘာလဆန်းတွင် ကျပ် ၁၂၅၀၀ဖြင့် မန္တလေးမြို့ရှိပုဂ္ဂလိက ချည်မျှင်စက်များသို့ ရောင်းချခဲ့ရကြောင်း၊ ဒီဇင်ဘာလကုန်ပိုင်းတွင် ဂွမ်းတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀-၁၃၅၀၀ သို့ ဈေးမြင့်တက်လာကြောင်း သိရသည်။

**သင်းသင်းမြတ်**
**(DOCA၊မိတ္ထီလာ)**

Jasmine Hotels & Resorts

*Experience your destination*
*at its best*
*Escape • Explore • Enjoy*
















THILAWA
GARDEN CITY

လုပ်ငန်းရှင်များအတွက် Shop House ရော
ဝန်ထမ်းနေဖို့အတွက်ပါ တစ်နေရာတည်းမှာ
ပြီးပြည့်စုံစေမှာ **Thilawa Garden City**



- Shop House နှစ်ရှည်ငှါးရမ်းခြင်း
  ( 80,000 Kyats ဝန်းကျင်/ Sqft )
- ဝန်ထမ်းအဆောင်ငှါးရမ်းခြင်း
  ( 1 Month - 80,000 Kyats ဝန်းကျင် )

09 777 733 427, 09 757 674 334
marketing@tpdmyanmar.com

TPD Operation Centre,R&C Area, Thilawa SEZ, Zone A, Thanlyin Township, Yangon

# RGK + ZNA GROUP

## Z&A Power Systems




sales.ps@rgkzna.com
admin@rgkzna.com

+(95-1) 7502920
+(95-1) 7502987

Building No (5&6),
Junction Square Annex,
Kamayut, Yangon, P.,O 11041

## Z&A Air-con Systems &







sales.ac@rgkzna.com
admin@rgkzna.com

+(95-1) 750
+(95-1) 750

## For the Professional, By the Professional. We are SMART.

### & Solar ESS Systems





2920
2987

Building No (5&6),
unction Square Annex,
amayut, Yangon, P.O 11041

### Z&A Medical Systems

FUJIFILM



CT & MRI machine

ACCURAY



Radiation Oncology

mindray



Xrays & Ultrasound Machine

UNITED IMAGING



Angiography machine

# Regal Sun
## Company Limited

**Add** : အမှတ်(၁၆၅)၊ မြတ်မင်္ဂလာလမ်း၊ ၂၆ ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်။

**Ph** : + 95 95168164, + 95 95145523

**Email** : mkktgk099@gmail.com
regalsun2017@gmail.com

GUSTO™

စားဖူးသူတိုင်း
ရင်ထဲစွဲတဲ့



**TASTE OUR ART OF BAKING SCIENCE**

Manufactured By FoodCorp

A MEMBER OF DELOUS

No. (2901,2902), Industrial Zone Road, (63) Ward, Industrial Zone ( 2 ), Dagon Myothit (South) Township, Yangon Region, Myanmar. 11431 .
( Hot line ) : 09 5110 693 , 09 883493900 (YGN) Ph : 09 883493850 , 09 883493851

# TSL

Engineering & Construction Co.,Ltd
၏လုပ်ငန်းခွဲဖြစ်သော
TSL Traval & Tour Agency
ဗုဒ္ဓဂါယာ နှင့် ပြည်တွင်းပြည်ပ ခရီးပို့ဆောင်ရေးအေဂျင်စီ
ဗုဒ္ဓဂါယာဘုရားဖူးအဖွဲ့ဝင် BPWC-288
Inbound No : T/I(YGN)-3062
Outbound No:T/C(YGN-1064

Fields Of Other Activities(TSL Co.,Ltd)

- Engineering Survey
- Engineering Drawing& Estimate
- Engineering QC(Third party
- Consyruction
- Interior Decoration
- Maintaince
- Water Supply
- Consultance Service

Office : No 32, G.F, Pearl St,Kyaikkasan Qtr, Bahan Tsp,Yangon.
H.p - (95-9) 5115269 Off - 09 798278978
Telegram & Viber : 09 798278978
E-mail - dawlwinlwin0092@gmail.com

# Vast Global
## Group of Companies

**WE ARE TOGETHER!**

01 399919, 09 5085963

vastglobal.bod@gmail.com

www.vastglobalgroup.com

No.234, Mya Ayer Street, 29/Thuwana Quarter
Thingangyun Township,Yangon, Myanmar.

# ကျွန်းစုမြို့နယ်ရှိ ဂျင်းခရု မွေးမြူခြင်းလုပ်ငန်း

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်သည် မြန်မာပြည်တောင်ပိုင်း တနင်္သာရီကမ်းရိုးတန်းဒေသတွင်တည်ရှိပြီး ကျွန်းပေါင်း ၂၀၁ကျွန်းဖြင့် ဖွဲ့စည်းထားကာ ၁၁၂ ကျွန်းတွင် လူများ နေထိုင်ကြသည်။ ကျွန်းစုမြို့သည် ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၄၆၀ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၁၈၃၈ ဒသမ ၄၈ ကျယ်ဝန်းသည်။ ကျွန်းစုမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပေါင်း ၂၇ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၉၃ ရွာရှိသည်။ မြို့နယ်၏ အဓိက အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းအဖြစ် ရေလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး အခြားဥယျာဉ်ခြံမြေ၊ လယ်ယာလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ပင်လယ်ပြင်တွင် မွေးမြူရေးလုပ်ငန်းများအဖြစ် ရေချန်ပုစွန်၊ ကျောက်ပုစွန်၊ ကင်းပုစွန်၊ ကဏန်းမည်း၊ ကကတစ်ငါး၊ ကျောက်ငါး၊ ပင်လယ်ရေမှော်၊ စားကမာ၊ ဂျင်းခရု စသည်ဖြင့် မွေးမြူလုပ်ကိုင်ကြသည်။ အဆိုပါ မွေးမြူရေးလုပ်ငန်းများမှ ဂျင်းခရုမွေးမြူရေးလုပ်ငန်းသည် ၂၀၁၅ ခုနှစ်မှစ၍ လုပ်ငန်းရှင်များမှ စမ်းသပ်မွေးမြူခဲ့ကြပြီး ယခုအချိန်တွင် လုပ်ငန်းရှင်အများအပြား စိတ်ဝင်စားပြီး လုပ်ကိုင်မှု ပိုမိုများပြားလာသည့် လုပ်ငန်းတစ်ခုဖြစ်လာသည်။

ကျွန်းစုမြို့နယ်အတွင်း ဂျင်းခရုမွေးမြူခြင်းလုပ်ငန်းသည် ပိုမိုများပြားလာသည်နှင့်အညီ စနစ်တကျ မွေးမြူထုတ်လုပ်ပါက လုပ်ငန်းရှင်တို့အတွက် အကျိုးအမြတ်ပိုမိုရရှိနိုင်ပြီး ၎င်းလုပ်ငန်းတွင် မှီခိုလုပ်ကိုင်ကြသူများအတွက်လည်း အကျိုးကျေးဇူးများရရှိခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ လူတစ်ဦးချင်းဝင်ငွေ ပိုမိုရရှိစေနိုင်ခြင်းနှင့် မွေးမြူထုတ်လုပ်ရာတွင် အခက်အခဲနှင့် အကျိုးအမြတ်ရရှိနိုင်မှုတို့ကို သိရှိနိုင်စေရန် ရေးသားခြင်းဖြစ်သည်။

ဂျင်းခရုသည် ယောက်သွားမျိုးနွယ်ဝင် အမျိုးအစားဖြစ်ပြီး ရွှံ့နွံထူထပ်သော နေရာတို့တွင် နေထိုင်ကျက်စားကြသည်။ ဂျင်းခရုဟုခေါ် ဆိုခြင်းသည် ဒေသအခေါ်ဖြစ်ပြီး ခရုမျိုးနွယ်ဝင် မဟုတ်ဘဲ ယောက်သွားမျိုးနွယ်ဖြစ်သည်။ အင်္ဂလိပ်အမည်မှာ (Blood Clam)ဟုသိရပြီး သိပ္ပံအမည်မှာ(Tegillarca granosa) ဖြစ်သည်ဟု လေ့လာသိရှိရသည်။

ဂျင်းခရုမွေးမြူရန် မြေနေရာရွေးချယ်ကြရာတွင် လုပ်ငန်းရှင်များမှ ပင်လယ်ပြင် ဒီရေတောများ ထူထပ်စွာ ပေါက်ရောက်သည့် ကျွန်းကမ်းခြေ ဒီရေရောက်ရာကျယ်ဝန်းပြီး ထူထပ်သန့်ရှင်း ပျော့ပြောင်းသည့် ရွှံ့နွံပြင်ရှိသော နေရာ၊ ကျွန်းပေါ်မှ ရေချိုချောင်းငယ်များ စီးဆင်းသည့်နေရာနှင့် လွတ်ကင်းသော၊ သဲလုံးဝမပါရှိဘဲ အနံ့ကင်းစင်သော ရွှံ့ပြင်၊ ဂျင်းခရုများ မွေးမြူနိုင်ခြင်း ရှိ/မရှိ အခြေအနေ ခန့်မှန်းနိုင်ရန် ရွှံ့ပြင်တွင် ကင်းပုစွန်များ တွင်းတူးနေထိုင်ခြင်း ရှိ/မရှိ၊ သဘာဝဂျင်းများ ရှိ/မရှိကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပြီး ၎င်းနေရာများကိုသာ အဓိကထားရွေးချယ်ကြပြီး မွေးမြူခြင်း၊ မွေးမြူသော ရွှံ့ပြင်သည် ဒီရေကျချိန်တွင် ရွှံ့ပြင်အဖြစ် မြင်တွေ့ရကာ ရေပြန်တက်ချိန်တွင် ရေအနက်မှာ နေရာအလိုက် ကွဲပြားပြီး အနည်းဆုံး ခြောက်ပေမှ ၁၅ ပေခန့်အထိရှိသော နေရာတို့တွင် မွေးမြူကြသည်။

လုပ်ငန်းရှင်တစ်ဦး ဂျင်းခရုမွေးမြူရာတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်နှစ် တစ်ရာသီအတွက် ခွင့်ပြုပေးသည့် ရွှံ့မြေဧရိယာ၃၀ဧကအတွင်း ဂျင်းခရုသား ပေါက်ပြုစုသည့် နေရာ၊ အရွယ်မရောက် ရောင်းတန်းမဝင်သည့် အရွယ်ငယ်များအတွက် နေရာ၊ အရွယ်ရောက်ပြီး ထုတ်လုပ်ရန်နေရာဟူ၍ တစ်ပိုင်းလျှင်၂ ဒသမ ၅ ဧကဖြင့် ဧက ၃၀ တွင် ၁၂ ကွက် အပိုင်းလိုက် ခွဲခြားမွေးမြူကြသည်။

ဂျင်းခရုမွေးမြူရာတွင် မြေနေရာ ရွေးချယ်ပြီးပါက မျိုးသားပေါက်ငယ်များကို ဝယ်ယူစုဆောင်းပြီး ထည့်သွင်းမွေးမြူကြရသည်။ မျိုးသားပေါက်ငယ်များသည် နှစ်စဉ်သဘာဝသားပေါက်ကုန်းများမှ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင်ရရှိပြီး ဧက ၃၀ ကွက်အတွင်းမှ သားပေါက်ပြုစုရန် ၂ ဒသမ ၅ ဧကကွက်နှစ်ကွက်သတ်မှတ်ကာ စုစုပေါင်း ငါးဧကအတွင်းသို့ ထည့်သွင်း၍ 1Kg တွင် အကောင်ရေ နှစ်သောင်းနှင့် 1400 kg တွင် အကောင်ရေ သိန်း ၂၈၀ ကို ထည့်သွင်းမွေးမြူကြသည်။

ပျိုးထောင်ပြီးသော အရွယ်ရောက်ဂျင်းခရုသားပေါက်များကို ကျန်ရှိသည့် ရွှံ့မြေ ၂၅ ဧကအတွင်းသို့ ပြောင်းရွှေ့ထည့်သွင်း မွေးမြူခြင်းကိုဆောင်ရွက်ရာတွင် ပြန်လည်ခွဲယူချိန်နှစ်လခန့်ကြာမြင့်သည်။ ပျိုးထောင်ရရှိပြီး သားပေါက်စုစုပေါင်း သိန်း ၁၄၀ ကောင် ကို ၂၅ ဧကအတွင်း ခွဲဝေထည့်သွင်းမွေးမြူခြင်းဖြစ်သည်။

အဆိုပါ ဂျင်းခရုများကိုရှစ်လခန့် ရောင်းတန်းဝင်အရွယ် ရောက်ရှိအောင်မွေးမြူရပြီး ကုန်ချော ထုတ်လုပ်ရန်၊ ဈေးကွက်သို့တင်ပို့ရန်အတွက် ရောင်းတန်းဝင်ဂျင်းခရုများကို ပြန်လည်ကောက်ယူစုဆောင်းသည့်ကာလမှာ တစ်လခန့်ကြာမြင့်သည်။

ရောင်းတန်းမဝင်ဘဲ ကျန်ရှိနေသည့် ဂျင်းခရုများကို ပျိုးထောင်ကန်များအတွင်း ပြန်လည်ထည့်သွင်းမွေးမြူခြင်းကို ဆောင်ရွက်ရကာ အချိန်ကာလအားဖြင့် သုံးလခန့်ကြာ ထပ်မံမွေးမြူခြင်းဖြင့် ရောင်းတန်းဝင် ဂျင်းခရုများအဖြစ် ပြန်လည်ရရှိသည်။

ဧက ၃၀ အတွင်း ဂျင်းခရုသားပေါက်များ ထည့်သွင်းမွေးမြူချိန်မှ ရောင်တန်းဝင် ဂျင်းခရုများရရှိအောင် မွေးမြူချိန်ထိ စုစုပေါင်း တစ်နှစ်ခွဲခန့်ကြာမြင့်သည်။

ဂျင်းခရုမွေးမြူခြင်း၏ ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးအမြတ်ရရှိမှုမှာ ဂျင်းခရုမွေးမြူခြင်းသည် အစာဖိုးကုန်ကျစရိတ် လုံးဝမရှိသော်လည်း ကုန်ကျသည့်ရင်းနှီးမြှုပ်နှံမှုမှာ များပြားလှသည်။ မွေးမြူရန် မျိုးသားပေါက်ငယ်များဝယ်ယူရာတွင် ဈေးများလွန်းခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အနည်းဆုံး အလုပ်သမားနှစ်ဦးကို စရိတ်ငြိမ်းငှားရမ်း အသုံးပြုရခြင်း၊ ဂျင်းခရုများ ပြန်လည်ဖော်ယူချိန်တွင် လူအင်အားများစွာ ခေါ်ယူအသုံးပြုရခြင်း စသည်ဖြင့် တစ်နှစ်ပတ်လုံးအတွက် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်များကို ကြိုတင်အရင်းပြုရသည်။ ဧက ၃၀ လုပ်ကွက် တစ်ခုအတွက် စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ်အားဖြင့် ကျပ် ၇၈၂ သိန်းခန့်ရှိသည်။

အကျိုးအမြတ်အနေဖြင့် အအောင်မြင်ဆုံး ဧက ၃၀ လုပ်ကွက်မှ ဝင်ငွေသည် ကျပ်သိန်း ၁၅၅၀ ခန့်ရှိသဖြင့် ကျပ် ၇၆၈ သိန်းခန့်အမြတ်ရရှိကြောင်းသိရသည်။ ရေကန်တောင်ကျေးရွာရှိ လှိုင်းကြီးမော်ကုန်း ၆၇၀ ဒသမ ၁၆ ဧကမှ သားပေါက်များရရှိသည်။

တွေ့ကြုံရသည့်အခက်အခဲများမှာ ဂျင်းခရုအား ဖမ်းယူစားသောက်သည့် ဂျင်းစားခရု၊ ကြယ်ငါး၊ ကပြုန်းငါး (ခ)ပင်လယ် ငါးခူ၊ ငါးလိပ်ကျောက်တို့၏ အန္တရာယ်များကို ကြုံတွေ့ရခြင်း၊ ရွှံ့နွံပြင်အတွင်း ကြဲချထားခြင်းကြောင့် ရှင်သန်မှု၊ ကြီးထွားမှုအခြေအနေများကို စနစ်တကျ မစစ်ဆေးနိုင်ခြင်း၊ ညအချိန်တွင် ဝင်ရောက်၍ အုပ်စုလိုက် ခိုးယူသည့်သူများ၏ အန္တရာယ်နှင့် ကြုံတွေ့ရခြင်းများ ရှိတတ်ကြောင်း သိရသည်။

သို့ဖြစ်၍ ဂျင်းခရုမွေးမြူခြင်းလုပ်ငန်းသည် ခေတ်နှင့်အညီ ရေလုပ်ငန်းလုပ်ကိုင်သူများအကြား ရေပန်းစားလာသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အကျိုးအမြတ်ပိုမိုရရှိနိုင်သည့် လုပ်ငန်းဖြစ်သည်နှင့်အညီ ပင်လယ်ရေပြင်တွင် ဒေသခံရေလုပ်သားတို့အကြား တစ်ဦးနှင့်အများ သင့်တင့်မျှတအောင် စီမံဆောင်ရွက်ကြရသည့် မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ထိုမွေးမြူရေးလုပ်ငန်းမှလည်း လုပ်ငန်းရှင်အတွက် အကျိုးအမြတ်သာမက ဒေသတစ်ခု၏ ထွက်ကုန်ပစ္စည်းအဖြစ် နိုင်ငံခြားဝင်ငွေပိုမိုရရှိစေပြီး ဒေသတွင်းကုန်ထွက်အတွက်လည်း အကျိုးရှိစေသောလုပ်ငန်း တစ်ခုဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**စိုးဗြို (ထားဝယ်)**

**Source: တနင်္သာရီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန**

# မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ဝါးထုတ်လုပ်မှုနှင့် ဒေသစီးပွားရေး

ဝါးပင်သည် သစ်ပင်မျိုးနွယ်ဝင် အပင်မျိုးဖြစ်၍ ဝါးသည် မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြား တွေ့ရသော အရေးပါသည့် အပင်တစ်မျိုးဖြစ်သည်။ ကြီးထွားနှုန်းမြန်ပြီး သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီစွာ ကြီးထွားနိုင်သောကြောင့် လူသားဘဝတွင် အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်သည်။ ဝါးကို အိမ်/ အဆောက်အအုံ ဆောက်လုပ်ရာတွင် အသုံးများပြီး တံတားများ၊ အမိုး/ အကာအရံများ ပြုလုပ်ရာတွင်လည်း အသုံးဝင်သည်။ ထို့အပြင် ဝါးဖြင့် ပရိဘောဂများ၊ တောင်းခြင်းများ၊ ခြံစည်းရိုးများပြုလုပ်နိုင်သည်။ ကျေးလက်ဒေသများတွင် ဝါးသည် နေ့စဉ် အသုံးအဆောင်ပစ္စည်းအဖြစ် အရေးပါသည်။

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ အလူးလေးကျေးရွာ၊ အလူးကြီးကျေးရွာ၊ ပိုင်ဒဝယ်ကျေးရွာများသည် ဝါးအများဆုံးထွက်ရှိသော ဒေသများဖြစ်ကြသည်။ ထိုဒေသများမှ ထွက်ရှိသော ဝါးများသည် ဒေသခံပြည်သူများ၏ နေ့စဉ် အသုံးအဆောင်နှင့် အခြေခံစီးပွားရေးလုပ်ငန်းများအတွက် အရေးပါသော သဘာဝအရင်းအမြစ်တစ်ရပ်ဖြစ်သည်။ ထိုဒေသတွင်းထွက်ရှိသော ဝါးများတွင် ဝါးပိုးဝါးနှင့် သိုက်ဝါးကို အများဆုံးတွေ့ရသည်။ ထိုဒေသရှိ ဝါးပင်များသည် သဘာဝအလျောက် ပေါက်နေသော အပင်များအများဆုံးဖြစ်ပြီး ထိုဝါးပင်အား မျိုးတုံးပျောက်ကွက် မသွားစေရန် ဒေသခံများမှ ဆက်လက်ထိန်းသိမ်းခြင်း၊ ပြုပြင်စိုက်ပျိုးခြင်းတို့ပြုလုပ်ကြသည်။ ဝါးပင်များသည် မိုးရာသီတွင် မျှစ်စို့ငုတ်လေးများ စတင်ထွက်ရှိပြီး သက်တမ်းခုနစ်နှစ်ခန့်တွင် အသုံးပြုရန် သင့်တော်သည့် ဝါးရင့်များ ဖြစ်လာပြီး ဒေသခံများမှ ခုတ်ယူ၍ အသုံးပြုခြင်း၊ ရောင်းချခြင်းများ ပြုလုပ်ကြသည်။

ဝါးပိုးဝါးပင်သည် လုံးပတ်ကြီးမား၍ ခိုင်ခံ့သောကြောင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် အဓိကတိုင်အဖြစ် အသုံးများသည်။ ၎င်း၏ အချင်းမှာ ၆လက်မ/၇လက်မ ဝန်းကျင်ခန့်ရှိသည်။ သိုက်ဝါးမှာ သေးငယ်သော်လည်း ခိုင်ခံ့မာကြောပြီး အသုံးပြုရ လွယ်ကူသဖြင့် အဆောက်အဦး၊ လမ်း၊ တံတားများ ဆောက်လုပ်ရာတွင် များစွာ အထောက်အကူဖြစ်စေသည်။ ဒေသတွင်း ထွက်ရှိသော ဝါးများအား ဒေသအတွင်းအသုံးပြုရန် ဝါးအလုံးများအတိုင်း ရောင်းချခြင်း၊ ဝါးဖြင့်ပြုလုပ်၍ရသော ဝါးကုလားထိုင်၊ ဝါးခုတင်များ၊ ဝါးတောင်း၊ ဝါးခြင်းများ ပြုလုပ်ရောင်းချကြပြီး၊ အများအားဖြင့် ဒေသတွင်းထွက်ရှိသော တောင်းထန်းရွက်များနှင့် တွဲဖက်အသုံးပြုရသော ဝါးသက်ငယ်တံပြုလုပ်၍ အိမ်ခေါင်မိုး မိုးရန် ရောင်းချကြသည်။ အဆိုပါ တောင်ထန်းအမိုးလုပ်ငန်းသည် ၎င်းဒေသ၏ မိရိုးဖလာလုပ်ငန်း ဖြစ်သည့်အတွက် ဒေသနေ ကျေးလက်ပြည်သူများ၏ အလုပ်အကိုင် ဖန်တီးနိုင်သည့် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။

ထိုသို့ ဒေသတွင်းထွက်ရှိသော ဝါးများအား ဒေသတွင်း အသုံးပြုပြီး ပိုလျှံသော ဝါးများအား ပဲခူးတိုင်းဒေသကြီးသို့ အများဆုံး တင်ပို့ရောင်းချကြ၍ ဒေသအပြင်ဘက် ဈေးကွက်နှင့်လည်း ချိတ်ဆက်နိုင်လျက်ရှိသည်။ လက်ရှိဒေသတွင်းဈေးကွက်တွင် ဝါးပိုးဝါး အရှည်(၂၅/၂၇)ပေ တစ်လုံးလျှင် ကျပ် ၈၀၀၀၊ သိုက်ဝါးရှည်(၂၅/၂၇) ပေ တစ်လုံးလျှင် ကျပ် ၃၅၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ထို့ပြင် ဝါးကုလားထိုင် (တစ်ယောက်ထိုင်)တစ်လုံးလျှင် ကျပ် ၁၀၀၀၀၊ နှစ်ယောက်ထိုင်တစ်လုံးလျှင် ကျပ် ၁၅၀၀၀၊ ဝါးခုတင်အသေးတစ်လုံးလျှင် ကျပ် ၃၀၀၀၀၊ ဝါးခုတင်အကြီး တစ်လုံးလျှင် ကျပ် ၄၀၀၀၀ ဖြင့်ရောင်းချရာ ဒေသနေပြည်သူများနှင့် ဘုရားဖူးလာခရီးသွားများမှ ဝယ်ယူကြကြောင်း သိရှိရသည်။ အဆိုပါ လုပ်ငန်းများမှ ရရှိသောဝင်ငွေများသည် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းအတွက် များစွာအထောက်အကူဖြစ်သကဲ့သို့ ဒေသစီးပွားလည်ပတ်မှုကိုလည်း အထောက်အပံ့များစွာ ဖြစ်လျက်ရှိသည်။

ထိုကဲ့သို့သော ဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုလုပ်ငန်းသည် ဘီးလင်းမြို့နယ်အတွင်း ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် တည်ရှိနေပြီး ဒေသနေကျေးလက်ပြည်သူများ၏ လူမှုဘဝနှင့် စီးပွားရေးအတွက် အရေးပါသော သဘာဝအရင်းအမြစ်တစ်ရပ်ဖြစ်သည့် ဝါးပင်များအား ထိန်းသိမ်း၊ စိုက်ပျိုး၊ အသုံးချနိုင်ပါက ရေရှည် တည်တံ့သောဒေသ၏ အရေးပါသည့် စီးပွားရေးလုပ်ငန်း တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးလာနိုင်မည်ဖြစ်သည်။

**ဇင်ဖြူဝင်း (ဘီးလင်း)**

# အထည်ချုပ်ကဏ္ဍက အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့်တန်ကြေးရှိ လုပ်ငန်းအဖြစ် ရပ်တည်နေကြောင်း ဖော်ပြ

ပြည်တွင်းအထည်ချုပ်လုပ်ငန်းကဏ္ဍမှ ယခုနှစ်အတွင်း နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော် ရရှိသည့် လုပ်ငန်းအဖြစ် ရပ်တည်နေကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း(၁၀) နှစ်တာ မဟာဗျူဟာအစီအစဉ် (၂၀၂၅-၂၀၃၄) တွင် ဖော်ပြထားသည်။



လာမည့်ဆယ်စုနှစ်အတွင်း မြန်မာ့အထည်ချုပ်လုပ်ငန်းသည် လုပ်သားအင်အား ၁ ဒသမ ၂ သန်းမှ ၁ ဒသမ ၆ သန်းအထိ ခန့်ထားနိုင်ပြီး အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန်ကြေးရှိ လုပ်ငန်းအဖြစ် ကြီးထွားလာစေရေး မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း (MGMA) က လျာထားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အထည်ချုပ်လုပ်ငန်းကို ပြည်ပမှ ကုန်ကြမ်းသွင်းပြီး ပြည်တွင်းတွင် ပြန်လည်ချုပ်လုပ်သည့် CMP လက်ခစားစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

လက်ရှိတွင် ကိုယ်တိုင်ထုတ်လုပ်တင်ပို့သည့် အထည်ချုပ်စက်ရုံအရေအတွက် ၅ ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံခြားငွေ သုံးစွဲမှုလျှော့ချနိုင်ရေးအတွက် ကုန်ကြမ်းထုတ်လုပ်သည့် စက်ရုံများ တိုးလာစေရေး လိုအပ်လျက်ရှိသည်။

ထို့ကြောင့် အထည်ချုပ်ကုန်ကြမ်း ထုတ်လုပ်သည့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ပြီး လက်ခစား CMP စနစ်မှ ကိုယ်တိုင် ကုန်ကြမ်းထုတ်၊ ကုန်ချောပို့သည့် Free on Board (FOB) စနစ်ကို ကူးပြောင်းနိုင်မှသာ ပို့ကုန်ဝင်ငွေ ငါးဆနီးပါး မြင့်တက်လာမည်ဖြစ်ကြောင်း မြန်မာ-တရုတ် အထည်ချုပ်လုပ်ငန်းရှင်များအသင်း (CTGA) က သုံးသပ်ထားသည်။

လက်ရှိတွင် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဝင် စက်ရုံပေါင်း ၅၂၃ ရုံရှိသည့်အနက် ၆၀ ရာခိုင်နှုန်းက ဥရောပဈေးကွက်၊ ၂၀ ရာခိုင်နှုန်းက ဂျပန်ဈေးကွက်နှင့် ကျန် ၂၀ ရာခိုင်နှုန်းက အခြားဈေးကွက်များထံသို့ တင်ပို့နေခြင်းဖြစ်သည်။

ပြည်တွင်းတွင် ချုပ်လုပ်ပြီးအထည်တင်ပို့မှုကို လေ့လာကြည့်ပါက ၂၀၂၂ ခုနှစ်တွင် အများဆုံး တင်ပို့နိုင်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် ၁၄ ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် ၁၁ ရာခိုင်နှုန်း တင်ပို့မှု လျော့ကျခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၄ ခုနှစ်အတွင်း မြန်မာ့အထည်ချုပ်ကဏ္ဍမှ ပို့ကုန်ဝင်ငွေ ဒေါ်လာ ၄ ဒသမ ၄၆ ဘီလီယံရရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက် ဒေါ်လာ ၇၅၀ သန်းခန့် ဝင်ငွေရရှိမှု လျော့သွားကြောင်း သိရသည်။

# အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၄၂၀၀ ခန့် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၄ ခု ခွင့်ပြု

အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၄၂၀၀ ခန့် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၄ ခုကိုမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးတွင် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခုမှ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ငါးခုနှင့် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ကိုးခုကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၂၉၅ သန်းနှင့် ကျပ် ၄၅၅၀၂ ဒသမ ၉၇၈ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၄၁၁၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ် သည်။

အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်သုံးနှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော် ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



# ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပုစွန်တန်ချိန် မက်ထရစ်တန် ၇၀၀၀ ကျော်တင်ပို့ထား

ပြည်တွင်းရေထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပုစွန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၇၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ် ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ ရှစ်လတာကာလအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၇၀၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး ယင်းမှ အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါး စသည့် ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံ အသီးသီးသို့ ပုစွန်တန်ချိန် ၉၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။



# ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပျားရည် မက်ထရစ်တန် ၇၀၀ ကျော် တင်ပို့နိုင်ခဲ့

ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလရှစ်လတာ ကာလအတွင်း ပြည်ပနိုင်ငံများသို့ ပျားရည်မက်ထရစ်တန် ၈၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အများစုကို ပုံမှန်ကုန်သွယ်ရေးဖြစ်သည့် ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပျားရည်ကို ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းမှ ၈၃၆ ဒသမ ၉၅ တန်၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ ၁ ဒသမ ၂၉ တန် တင်ပို့ခဲ့ပြီး ရှစ်လတာကာလအတွင်း ပျားရည်စုစုပေါင်း မက်ထရစ်တန် ၈၃၈ ဒသမ ၂၄ တန် တင်ပို့နိုင်ခဲ့ကာ အမေရိကန်ဒေါ်လာ ၁ဒသမ ၂၅၇ သန်း ရရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် ပျားရည်ကို ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ အများဆုံး တင်ပို့ထားနိုင်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

ပျားရည်ကို ပြည်တွင်းတွင် စားသုံးခြင်းနှင့် ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့်အပြင် နှစ်စဉ် ပြည်ပနိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။

ပြည်တွင်းတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ပျားရည်အများဆုံးထွက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အနည်းငယ် ထွက်ရှိသည်။

ထို့ပြင် ပြည်တွင်းတွင် ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ပန်းပေါင်းစုံပျားရည်၊ ရော်ဘာပျားရည်နှင့် နှမ်းပျားရည်တို့ ထွက်ရှိပြီး အဆိုပါပျားရည်များကို သက်ဆိုင်ရာသီးနှံများ စိုက်ပျိုးသည့် ရာသီအလိုက် စုဆောင်းရရှိခြင်းဖြစ်ကြောင်း သိရသည်။

ကိုတိုး - စုစည်းသည်

# “အရည်အသွေးကို ထိန်းကျောင်းပြီးတော့မှ ဈေးသက်သက်သာသာနဲ့ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါတယ်”

## Fashion Villa အဝတ်အထည်လုပ်ငန်း တည်ထောင်သူ ဒေါ်ကေသီအောင်နှင့် တွေ့ဆုံမေးမြန်းခြင်း

**လက်ရှိပြည်တွင်းဈေးကွက်တွင် အဝတ်အထည်များအား ရွေးချယ်ဝတ်ဆင်လာကြရာ ရာသီဥတုနှင့်ကိုက်ညီပြီး ဈေးနှုန်းအားဖြင့် သက်သာသည့် အဝတ်အထည်များအား ရွေးချယ်ဝတ်ဆင်လာကြသည်။ ဈေးသက်သာပြီး အရည်အသွေး (Quality) ကောင်းမွန်သော အထည်များသည် ဈေးကွက်ထဲတွင် လူကြိုက်များနှစ်သက်လျက်ရှိသည်။ ဈေးကွက်ထဲတွင် ရာသီဥတုနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သည့် ချည်ထည်များ၊ BKK အထည်များအား ဖြန့်ဖြူးလျက်ရှိသည့် Fashion Villa တည်ထောင်သူ ဒေါ်ကေသီအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**တိုဗွ**

**ဒီလုပ်ငန်းကို ဘယ်တုန်းကတည်းက စတင်လုပ်ကိုင်ခဲ့တာပါလဲ။**

ကျွန်မအနေနဲ့ကတော့ ၂၀၀၇ ခုနှစ်လောက်ကနေ ဒီဇိုင်နာလောကထဲကို စပြီးဝင်ခဲ့တာပေါ့။ နာမည်ကျော်ကြားတဲ့ သရုပ်ဆောင်၊ မော်ဒယ်လ်တွေ တော်တော်များများနဲ့ ပြည်ပမှာ သွားပြိုင်တဲ့ Miss အလှမယ်တွေကိုလည်း ဒီဇိုင်းအတွက် အများကြီးဖန်တီးခဲ့တာလေးတွေရှိပါတယ်။ ပြီးသွားလို့ရှိရင် အထည်နဲ့ပတ်သက်ပြီး သင်တန်းတွေလည်း ပေးလျက်ရှိပါတယ်။ အဲလိုမျိုးသင်တန်းပေးတဲ့အထဲမှာမှ အခြေခံကို အဓိကဦးစားပေးပြီးပေးတယ်။ ဖန်တီးမှုပိုင်းဆိုင်ရာတွေကိုတော့ တကယ့်ကို တတ်ချင်တဲ့ သူရယ်၊ လုပ်ငန်းခွင်မှာ အသက်မွေးနေတဲ့သူတွေကိုသာလျှင် အဲဒီသင်တန်းကိုလက်ခံတာဖြစ်ပါတယ်။ တစ်ပိုင်တစ်နိုင် သင်တန်းလေးအတွက်ကို ကိုယ့်အကျႌ ကိုယ်ချုပ်မယ်။ အချိန်လေး တစ်လ နှစ်လလောက်နဲ့ သင်ပေးပါလားဆိုရင်တော့မသင်ပေးပါဘူး။ အင်တာနေရှင်နယ်နည်းစနစ်အမှန်နဲ့ ပြန်လည်ပြီးတော့မျှဝေပေးတယ်။သူများနိုင်ငံမှာ မေဂျာတစ်ခုကို တစ်နှစ်စာ အချိန်ပေးရတဲ့ဟာကို ငါးလနဲ့ခြောက်လ အချိန်ယူပြီးတော့ သင်ကြားပေးတာဖြစ်ပါတယ်။ အခြေခံမှာလည်း အမျိုးအစားမတူတဲ့ အထည်ပေါင်း ၆၀ ကျော်ပါဝင်တယ်။ စကပ်ဆိုလည်း အထည် ၃၀ ကျော်၊ အမျိုးသမီး ဝတ်ဆိုရင်လည်း အထည် ၃၀ ဝန်းကျင်ပါတယ်။ ဆွဲသားသင်တန်းဆိုပေမယ့် ခွဲခြားမထားဘဲနဲ့ အခြေခံထဲမှာ အားလုံးပါတယ်။ သင်ကြားပေးနေရင်းနဲ့ ကလေးတွေက အရမ်းကြိုးစားတယ်ဆိုလည်း ထပ်ပြီးတော့ ပြောင်းလဲလို့ရတဲ့ သင်ရိုးတွေလည်း ထပ်သင်ပေးတယ်။အဲလိုသင်ပေးတဲ့နေရာမှာလည်း ထပ်ပြီးသင်တန်းတက်စရာမလိုအောင်လို့ လုပ်ပေးတယ်။

**ဈေးကွက်ထဲမှာ Customer Target ဘယ်လိုထားရမလဲ။**

အထည်တွေကို ဘယ်လိုရောင်းရအောင်လုပ်မလဲဆိုတာ သင်ကြားပေးတယ်။ စက်ရုံတစ်ရုံ တည်ဆောက်တဲ့အခါမှာတောင် Production ပိုင်းပဲဖြစ်ဖြစ်၊ Manfacturing အပိုင်းပဲဖြစ်ဖြစ် အလုပ် လုပ်တဲ့အခါ စက်လိုင်းဘယ်လိုထားရလဲ။ အော်ပရေတာတွေကို ဘယ်လိုထိန်းချုပ်ရလဲကအစ စနစ်တကျ သင်ကြားပေးလျက်ရှိပါတယ်။

**ဈေးကွက်ထဲ ဘယ်လိုမျိုး အဝတ်အထည်တွေကို ဖြန့်ဖြူးလျက်ရှိပါသလဲ။**

အခုလက်ရှိကတော့ အထည်ချုပ်လုပ်ငန်းတွေ ထုတ်လုပ်လုပ်ကိုင်နေပါတယ်။ ထုတ်တဲ့ အထည်လေးတွေကလည်း ရည်ရွယ်ထားတာက အသက်(၄၀)ဝန်းကျင်၊ နည်းနည်း ခန္ဓာကိုယ်




ပြည့်တဲ့သူတွေကို ရည်ရွယ်ပြီး ထုတ်လုပ်ထားတာဖြစ်ပါတယ်။ အသက်(၄၀)ကျော်သွားပြီဆိုရင် အမျိုးသမီးတွေက အရမ်းကျပ်တဲ့အထည်တွေ သိပ်မဝတ်ချင်ကြဘူး။ မြန်မာနိုင်ငံရာသီဥတုက အေးတာထက် ပူအိုက်တဲ့ရာသီဥတုဖြစ်တယ်။ ရာသီဥတုနဲ့ကိုက်ညီတဲ့ ပဒုမ္မာချည်လိုပုံစံမျိုးတွေ နောက် BKK ချည်လေးတွေ၊ စပန့်အထည်လေးတွေကို ဖြန့်ဖြူးပေးတယ်။ ဒီလိုမျိုးလုပ်ဆောင်ရတဲ့ ရည်ရွယ်ချက်က ဘာလဲဆိုရင် BKK အထည်လေးတွေက မြန်မာနိုင်ငံထဲကိုပဲ ဝင်လာတယ်။ ပြီးရင် Charges တွေလည်းမြင့်လာတဲ့အတွက် အထည်ရဲ့ တန်ဖိုးက ကျပ်တစ်သောင်းရှိတယ်ဆိုရင် မြန်မာနိုင်ငံထဲရောက်တဲ့အချိန်မှာ သုံးသောင်း၊ ဝယ်သူလက်ထဲရောက်တဲ့အချိန်မှာ ကျပ်သုံးသောင်းရှစ်ထောင်လောက်ဖြစ်သွားတယ်။ ဒါပေမယ့် BKK အထည်ထဲမှာတောင် စပန့်ဆိုရင် အထက်လိုင်း၊ အမြင့်လိုင်းရှိသေးတယ်။ ပြောရမယ်ဆိုရင် သူများနိုင်ငံကို စီးဆင်းသွားတဲ့ငွေကိုတားတဲ့ပုံစံမျိုးပေါ့။ အဲတော့ ကိုယ်က အရည်အသွေးပိုင်းကို ထိန်းပြီးတော့ အဲဒီအရည်အသွေး၊ အဲဒီ ဒီဇိုင်းလေးခပ်ဆင်ဆင်နဲ့ လူတိုင်းလည်း ဝတ်လို့ရမယ့်ဟာကို ဈေးသက်သက်သာသာနဲ့ရအောင် လုပ်ဆောင်ပေးလျက်ရှိပါတယ်။ အသက်ကြီးသွားတယ်ဆိုပြီး မဖြစ်ရအောင် စမတ်ကျတဲ့အထည်တွေကို ထုတ်လုပ်ထားတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံရဲ့ ရာသီဥတုနဲ့ ကိုက်ညီတဲ့ ပိတ်စလေးတွေကို ရွေးချယ်ထားပါတယ်။ ချည်သားလေးတွေ၊ နောက် ဝါးချည်၊ ယိုးဒယား Bkk ချည် အဲလိုအသားလေးတွေကို အရည် အသွေးတွေကို ထိန်းကျောင်းပြီးတော့မှ ဈေးသက်သက်သာသာနဲ့ထုတ်လုပ်လျက်ရှိပါတယ်။ ရည်ရွယ်ထားတာက အထည်တစ်ခုကို အနိမ့်လိုင်းချုပ်ပြီး ဈေးပေါပေါနဲ့ ထုတ်လုပ်တာမဟုတ်သလို အရမ်းမြင့်ပြီးတော့ လူတိုင်းမဝတ်နိုင်တဲ့ အနေအထားမဟုတ်တဲ့ ပုံစံမျိုးနဲ့ ဝတ်ဆင်နိုင်အောင် အရည်အသွေးကောင်းကောင်းလေးနဲ့ လုပ်ဆောင်လျက်ရှိပါတယ်။

**အခုလက်ရှိ အထည်ဈေးကွက်အခြေအနေလည်း သိပါရစေ။**

အခုလက်ရှိအခြေအနေမှာ ကုန်ကြမ်းရရှိမှုနဲ့ပတ်သက်ပြီးတော့ခက်ခဲပါတယ်။ တရုတ်ဘက်ကနေ ဝင်တဲ့ပစ္စည်းတွေကကျတော့ လွယ်ကူတယ်။ နောက်ပြီး အခုသုံးနေတဲ့ စပန့်အထည်တွေကျတော့ တရားဝင်သွင်းခွင့်ရတဲ့ ကုမ္ပဏီတွေရှိတော့ မခက်ခဲပါဘူး။ အဓိကတော့ တရုတ်ဘက်ကဝင်တဲ့အထည်တွေက အဆင်ပြေပါတယ်။ အဲလိုမျိုးအဆင်ပြေတဲ့အတွက်ချုပ်လုပ်ရတာ အခက်အခဲမရှိပါဘူး။ ပြည်တွင်းမှာလည်း ချုပ်သားတွေပေါတယ်။ စက်ရုံတွေပေါတဲ့အတွက် အဆင်ပြေတယ်။ ကျွန်မတို့သုံးတဲ့ အထည်တွေမှာလည်း အရမ်းရှာလို့ခက်ခဲတဲ့ ပိတ်စတွေ မသုံးဘူးပေါ့။ နောက်ပြီး ဝယ်ယူသူCustomer တစ်ယောက်ကို လက်လီ ရောင်းတဲ့ အခါကျရင် အထည်တစ်ထည်က ကျပ်နှစ်သောင်းခွဲဆိုရင် လက်ကားဈေးက ကျပ်နှစ်သောင်းအောက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဆီက လက်ကားဝယ်တဲ့သူတွေ အတွက် အမြတ်ကျန်စေချင်တယ်။ အထည်လုပ်ငန်းမှာ အရောင်အဆင်းရှိတယ်။ မကြိုက်တဲ့ အရောင်တွေ ပယ်တဲ့ဟာတွေဆိုရင် လက်ကားယူတဲ့သူတွေ မနစ်နာရအောင် လုပ်ပေးထားတယ်။ အခုနောက်ပိုင်းပြည်တွင်းမှာ လုပ်ငန်းရှင်တွေများလာတဲ့အတွက် အလုပ်သမားတွေလည်း အလုပ်အကိုင် ရရှိသွားတယ်။ အဲဒီအပေါ်မှာ အများကြီး ကျေနပ်မိပါတယ်။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

အထည်တွေနဲ့ပတ်သက်ပြီး ပြောချင်တာက အရည်အသွေးပိုင်းကို ပိုပြီးဦးစားပေးပါလို့ ပြောလိုပါတယ်။ အရည်အသွေးကောင်းလာရင် အရေအတွက်က မြင့်မားလာမှာပဲ။ နောက်ပြီးတော့ အခြေခံလူတန်းစားလေးတွေကို ငဲ့ညှာပေးပါ။ ရောင်းချပေးနေတဲ့သူတွေအနေနဲ့ကလည်း အဝတ်အထည်တစ်ခုမှာ ချုပ်ရိုးချုပ်သားတွေကို ဂရုမစိုက်တာ အထည်အရေအတွက်များများထွက်ဖို့အတွက်ပဲ လုပ်နေတာတွေအတွက် ဂရုစိုက်ပေးစေလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြေခံလူတန်းစားတွေအတွက် အထည်က အရည်အသွေးမကောင်းရင် အခြေခံ လူတန်းစားပဲထပ်ခံရမယ်ဆိုတော့ အခြေခံလူတန်းစားလေးတွေကို ငဲ့ညှာပေးစေလိုပါကြောင်း ပြောကြားလိုပါတယ်။






# မြန်မာနိုင်ငံ မြောက်ဖျားပိုင်းက ကချင်ရိုးရာ ဒီဇိုင်းဆန်းရက်ကန်းထည်

ကိုကိုစိုး၊ အောင်ဇေယျာ

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ခန့် သွေးစည်းနေထိုင်ကြပြီး ယဉ်ကျေးမှု အဆင့်အတန်းများစွာ မြင့်မားခဲ့ကြသည်။ တိုင်းရင်းသားမျိုးနွယ်စုများတွင် ဝတ်စားဆင်ယင်မှု၊ အထည်ရက်လုပ်မှု၊ စာပေ၊ အနုပညာ၊ အဆင်တန်ဆာ၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့၊ တူရိယာ၊ နေထိုင်မှု အဆောက်အအုံ စသည်ဖြင့်များစွာရှိပြီး ၎င်းကဏ္ဍများအားလုံးသည် တိုင်းရင်းသားမျိုးနွယ်စုတို့ အတွက်အရေးကြီးသည့် အစိတ်အပိုင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများတွင်လည်း ဝတ်စားဆင်ယင်မှုအနေဖြင့် အထည်များကို ဝတ်ဆင်ရာတွင် ဂျပ်ခုတ် ရက်ကန်းစင်ငယ်ဖြင့်လည်းကောင်း၊ ရက်ကန်းစင်ကြီးများဖြင့်လည်းကောင်း ရက်လုပ်ဝတ်ဆင်ကြပြီး တိုင်းရင်းသားမျိုးနွယ်စုများသည် အဝတ်အထည်ရက်လုပ်မှုတွင် တူညီသော်လည်း မျိုးနွယ်စု တစ်ခုနှင့်တစ်ခုမှာ အဝတ်အထည်ပေါ်တွင် အလှဆင်၍ ထည့်သွင်းရက်လုပ်သော ဒီဇိုင်းများမတူညီကြပေ။ မြန်မာနိုင်ငံ မြောက်ဖျားပိုင်းတွင် နေထိုင်သည့် ကချင်မျိုးနွယ်စုများသည် အထည်ရက်လုပ်ရာတွင် ရှေးယခင်က ဂျပ်ခုတ်ရက်ကန်းစင်များကို အသုံးပြု၍ အဝတ်အထည်များကို ရက်လုပ်ဝတ်ဆင်ကြသော်လည်း ယနေ့ခေတ်တွင် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ရက်ကန်းစင်ကြီး၊ စက်ရက်ကန်းတို့ဖြင့် အဝတ်အထည်များ ရက်လုပ်လာသည်နှင့်အမျှ ခေတ်မီနည်းစနစ်ဖြင့် အထည်ဒီဇိုင်းများလည်း ဆန်းသစ်လာသည်။

နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား ဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်းထုတ်ကုန်အားပေးရန် သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ရရှိစေရန် ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု(One Region One Product) အကောင်အထည်ဖော်နိုင်ရန် လမ်းညွှန်ချက်များအပေါ် ကချင်ပြည်နယ်အနေဖြင့်လည်း အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ ကချင်ပြည်နယ်၏ ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်တွင် ရိုးရာရက်ကန်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် Action Plan များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်အတွင်း ရှိရက်ကန်းလုပ်ငန်းများတွင် စက်မှုမှတ်ပုံတင်ထားသော လုပ်ငန်း ၃၆ ခုရှိပြီး ရက်ကန်းစင်အရေအတွက် ၂၁၉ စင်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ် ရက်ကန်းလုပ်ငန်းများမှ ထွက်ရှိသော ကချင်ပုဆိုး၊ ကချင်လုံချည်၊ ဂျပ်ခုတ် အပွင့် ဖောက်ထည်များသည် နိုင်ငံတစ်ဝန်း လူကြိုက်များရေပန်းစားသော အဝတ်အထည်များတွင် ပါဝင်သည်။ ကချင်ရိုးရာအဆင်များအနေဖြင့် အမျိုးသား၊ အမျိုးသမီးတိုင်း ကြိုက်နှစ်သက်ကာ ရာသီမရွေး ဝတ်ဆင်နိုင်သည့် ချည်ထည်အမျိုးအစားများဖြစ်ကြောင်းလည်း တွေ့ရသည်။ ကချင်ပြည်နယ်သည် တစ်နိုင်တစ်ပိုင်မှသည် ရက်ကန်းစင်ပေါင်းများစွာဖြင့် လုပ်ကိုင်နေကြသောနေရာဖြစ်သည်နှင့်အညီ ရက်ကန်းခတ်သံများဖြင့် ပြည်နယ်၏အလှကို ဖော်ဆောင်လျက်ရှိသည်။

ဂျပ်ခုတ်အထည်ရက်လုပ်ခြင်းသည် အိမ်တွင်းမှုလုပ်ငန်းတစ်ခုအပါအဝင်ဖြစ်ပြီး ဂျပ်ခုတ်ဆိုသည်မှာ အနံသေး၍ အသားထူသော အထည်မျိုးကို ရက်လုပ်ပြီး လွယ်ကူစွာရွှေ့ပြောင်းရက်လုပ်နိုင်သော အတတ်ပညာတစ်ခုဖြစ်ပြီး ကချင်မျိုးနွယ်စုများဖြစ်သည့် ဂျိန်းဖော့၊ ရဝမ်၊ လီဆူ၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်ဝါးတို့၏ ရိုးရာဝတ်စုံများမှာ ရိုးရာဂျပ်ခုတ်ထည်များဖြစ်သည်။ ကချင်မျိုးနွယ်စု၏ အထည်များမှာ ထူးခြားဆန်းကြယ်လှပသည်။

အထည်ဒီဇိုင်းများတွင် ကချင်လူမျိုးတို့၏ ရိုးရာမနောပွဲတော်ကျင်းပရာတွင် မပါလျှင်မဖြစ်သော အနီ၊ အစိမ်း၊ ခရမ်း၊ အဖြူ၊ အဝါရောင်များဖြင့် ရေးဆွဲထားသော မနောတိုင်တွင် သဇင်ခွေ၊ ဉပုံနှင့် မြွေလိပ်ပုံများမှာ အဓိကဒီဇိုင်းများဖြစ်သည်။ ထို့ပြင် ကချင်မျိုးနွယ်စုများ၏ နေထိုင်ရာဒေသများရှိ သစ်ပင်၊ ပန်းမန်၊ သဘာဝရှုခင်းများစွာပေါ်များသော ဒေသဖြစ်သည့်အလျောက် အထည်များပေါ်တွင် ထည့်သွင်းရက်လုပ်ကြရသည်။

ယခင်က ခဲ့ကချင်ရိုးရာကျားဝတ်နှင့် မဝတ်လုံချည်များအား အနံကြီးပြုလုပ်၍ ရက်ကန်းစင်ပေါ်တွင် ရက်ခတ်ကြသည့်



ကျားဝတ်ပုဆိုးအထည်များ တစ်နေ့ လေးထည် အထိရက်လုပ်နိုင်ခဲ့ပြီး မဝတ်လုံချည်များကိုလည်း တစ်နေ့တစ်ထည်နှင့်ပန်းထိုးခြင်း၊ ပန်းဖော်ခြင်းများဖြင့် ရက်လုပ်နိုင်ခဲ့သော်လည်း ယခုအခါ စက်ရက်ကန်းစင်များဖြင့် အထည်များစွာ ထုတ်လုပ်နိုင်လာသည်။ ကချင်ရိုးရာ လက်ရက်ကန်းနှင့် စက်ရက်ကန်းလုပ်ငန်းများကို မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ရွှေညောင်ပင်ရပ်ကွက်၊ ကျွန်းပင်သာ ရပ်ကွက်၊ ကချင်စုရပ်ကွက်၊ ဂျန်မိုင်ကောင်းရပ်ကွက်၊ ဒူကထောင်ရပ်ကွက်၊ ရမ်ပူရပ်ကွက်များတွင် အများဆုံး လုပ်ကိုင်ကြသည်။

အထည်ထုတ်လုပ်မှုလုပ်ငန်းတွင် ကချင်ပုဆိုး၊ ကချင်လုံချည်၊ ဂျပ်ခုတ်အပွင့်ဖောက်ထည်များကို အများဆုံးထုတ်လုပ်ပြီး ချည်အသုံးပြုအနေဖြင့် (၂/၈၀) တိုင်၊ (၂/၁၀၀) ဖောက်ချည်ချောများဖြင့် အများဆုံး ရက်လုပ်ကြောင်း၊ ချည်ထည်များထုတ်လုပ်ရာတွင် မှာယူသည့်အရေအတွက်များကို စိတ်တိုင်းကျ ထုတ်လုပ်ပေးလျက်ရှိကြောင်းတွေ့ရသည်။ စက်ရက်ကန်းထုတ်လုပ်မှုမှာ ချည်အမျိုးအစားပေါ် မူတည်၍ အရေအတွက်ကွာခြားမှုရှိပြီး ရက်လုပ်ရာတွင် ချည်လုံးတုပ်လျှင် လျင်မြန်ပြီး ချည်လုံးသေးလျှင် အချိန်ပို၍ ရက်လုပ်ရသည်။ အထည်များ ထုတ်လုပ်မှုလုပ်ငန်းတွင် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် ချည်များ၊ ဆေးများကို မန္တလေးမှတစ်ဆင့်မှာယူရကြောင်း၊ ကုန်ကြမ်းမှကုန်ချောဖြစ်အောင် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို မြစ်ကြီးနားမြို့တွင် ပြုလုပ်ကြောင်း၊ ထူးခြားမှုအနေဖြင့် ချည်ထည်များကိုလိုအပ်သော ဆေးအရောင်ဆိုးရာတွင် အသုံးပြုသည့် မြစ်ကြီးနားမြို့မှရေသည် အထည်များ၏ အရည်အသွေးကိုများစွာ အထောက်အကူပြုကြောင်းသိရသည်။

အမျိုးသားဝတ် ခဲ့လုံချည်အဆင်မှာ အစိမ်းရောင်၊ အနက်ရောင်၊ ခရမ်းရောင် ဟူ၍ သုံးမျိုးကို အပြန်ပြန် အလှန်လှန် ကွက်မ၊ ကွက်ကျဲ၊ ကွတ်စိတ် အိမ်ဖွဲ့၍ အဆင်တစ်စုံ ၉ လက်မခန့်ရှိသော ကွက်ကျဲလုံချည်များ ရက်ခတ်ခြင်းဖြစ်သည်။ အမျိုးသမီးဝတ်လုံချည်မှာ ခဲ့အနက်ရောင်တွင် ၇ လက်မကို အဝါ၊ ခရမ်း၊ ပန်း၊ အနီ၊ အစိမ်းရောင်တို့သည် အကြောင်းထိုးကလေးများ အပြန်အလှန် ပြုလုပ်၍ တစ်လက်မအထိ ပေါ်လွင်အောင် အဆင်ကြောင်းများ ပြုလုပ်ရသည်။ ပြီးလျှင် ခရမ်းရောင်အား ၆ လက်မ အထိပြုလုပ်ရသည်။ ပတ်လည်ဆင်များ ပြုလုပ်၍ ၎င်းအထည်ပေါ်တွင် အမိတ်ဒီဇိုင်းဖြင့် ပုလဲမန်ကူ နှစ်ထပ်ကွက်၊ သုံးထပ်ကွက် စသည်ဖြင့် အမိတ်ထိုးပြုလုပ်ရသည်။

မြစ်ကြီးနားမြို့ရှိ ရက်ကန်းရုံများမှ မိမိတို့ထုတ်လုပ်သည့် အထည်များကို အရောင်းဆိုင်ကြီးများသို့ ပြန်လည်ရောင်းချသူများဖြစ်ပြီး မြစ်ကြီးနားမြို့တွင် ကချင်ရိုးရာ အထည်ဆိုင်ကြီး ၃၀ ခန့်ရှိသည်။ ဈေးကွက်အတွင်းတွင် အမျိုးသားဝတ်လုံချည်တစ်ကွင်း တန်ဖိုးမှာ အသုံးပြုသည့် ချည်အရည်အသွေးပေါ်မူတည်၍ ကျပ် ၂၅၀၀၀ မှ ၇၀၀၀၀ ကျော် ရောင်းချလျက်ရှိပြီး ကချင်ရိုးရာ အမျိုးသမီးဝတ်လုံချည်သည် အသုံးပြုသည့် ချည်သားကွာခြားခြင်း၊ ဒီဇိုင်းပုံစံမြင့်မားခြင်းတို့ ကြောင့် ဈေးနှုန်းအနိမ့်အမြင့်ရှိပြီး လုံချည်တစ်ထည်လျှင် ၂/၈၀ ချည်ကို အသုံးပြုရက်လုပ်ထားပါက ကျပ် ၅၀၀၀၀ မှ ၇၀၀၀၀ အထိ၊ ၂/၁၀၀ ချည်ကို အသုံးပြုရက်လုပ်ထားပါက ကျပ် ၈၀၀၀၀ မှ ၁၀၀၀၀၀ ကျော်အထိ ရောင်းချလျက်ရှိကြောင်း ကချင်ရိုးရာအထည် အရောင်းဆိုင်လုပ်ငန်းရှင်ထံမှ သိရသည်။

ဂျိန်းဖော့သူစက်ရက်ကန်းလုပ်ငန်းရှင်အား ထုတ်လုပ်နေမှုနှင့်ပတ်သက်၍ သွားရောက်တွေ့ဆုံမေးမြန်းရာတွင် အထည်များထုတ်လုပ်မှုလုပ်ငန်းတွင် လိုအပ်သောကုန်ကြမ်းများဖြစ်သည့် ချည်များ၊ ဆေးများကို မန္တလေးမှတစ်ဆင့် မှာယူရကြောင်း၊ ရက်ကန်းရုံ တစ်ရုံအနေဖြင့် တစ်နှစ်လျှင် ချည်ထည်ကွင်းအရေအတွက် ၁၆၂၀၀၀ အထိ ထုတ်လုပ်နိုင်ကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်နှစ်လျှင် ကျပ်သိန်း ၄၀၀ မှ ကျပ်သိန်း ၆၅၀အထိ ရရှိကြောင်း၊ ရက်ကန်းလုပ်ငန်းတွင် ရက်ကန်းလုပ်သားရှားပါးမှုသည် အဓိကအခက်အခဲဖြစ်ကြောင်း၊ လက်ရက်ကန်းအတွက် လျှပ်စစ်မီး မလိုအပ်သော်လည်း စက်ရက်ကန်းအတွက် လျှပ်စစ်မီးသည် အဓိကကျသဖြင့် စက်သုံးဆီနှင့် လုပ်ငန်းလည်ပတ်ချိန်တွင် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်မှုကြုံတွေ့ရကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် သုံးစွဲသူပြည်သူများ၏ ဝယ်လိုအားကို ရယူဆောင်ရွက်ရသောကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်မှသာ ဈေးကွက်တွင် ရောင်းပန်းလှနိုင်ပြီး ပိုမိုတိုးတက်နိုင်ကြောင်း၊ ရိုးရာရက် ကန်းလုပ်ငန်းများမှာ လုပ်ငန်းတူအချင်းချင်း ပိုမိုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်း၊ နည်းပညာသင်တန်းများပေးခြင်း၊ ကုန်ကြမ်းများကို အစုအဖွဲ့ဖြင့် တင်သွင်းနိုင်ရေးတို့ကို ဆောင်ရွက်နိုင်ပါက ဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ရက်ကန်းလုပ်ငန်းများတွင် ရက်ကန်းလုပ်သားမိသားစုအလိုက် လာရောက်လုပ်ကိုင်နေသည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာရရှိစေလျက်ရှိသည်။ အထည်ထုတ်လုပ်မှုလုပ်ငန်းတည်ရှိရာ အနီးပတ်ဝန်းကျင်မှ ဒေသခံ ပြည်သူများအား ချည်ချခြင်း၊ ရက်ဖောက်လုပ်ငန်းလုပ်ကိုင်ခြင်း၊ ရဟတ်လုံးများ ဆောင်ရွက်စေခြင်းတို့ကို ပုတ်ပြတ်စနစ်လုပ်ကိုင်စေခြင်းဖြင့် လစဉ်ဝင်ငွေသည်အနိမ့်ဆုံးကျပ် ၂၀၀၀၀၀ မှ အမြင့်ဆုံးကျပ် ၄၀၀၀၀၀ အထိ ရရှိစေခြင်းဖြင့် မိသားစုတစ်ပိုင်တစ်နိုင် အပိုဝင်ငွေရအောင် ဖန်တီးပေးနိုင်ကြောင်းလည်း သိရသည်။

ကချင်ရိုးရာအထည်များကို ဒေသထွက်ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချရုံတင်သာမက မြန်မာနိုင်ငံ အနှံ့အပြားသို့လည်း တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အွန်လိုင်းဈေးကွက်မှတစ်ဆင့်လည်း အရောင်းအဝယ်ရှိနေကြောင်း၊ ကချင်ရိုးရာအထည်များသည် အရောင်အသွေး၊ ဒီဇိုင်းလှပခြင်း၊ အကွက်ဆန်းများ တီထွင်ထုတ်လုပ်လာကြသဖြင့် ဈေးကွက်တွင် မျက်နှာပန်းလှ၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ကချင်ရိုးရာထည် ဖြန့်ဖြူးရောင်းချသူတစ်ဦးမှသိရသည်။ ကချင်ရိုးရာထည်များကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်တွင်းကုန်စည်ပြပွဲများ၊ ပြည်ပကုန်စည် ပြပွဲများတွင်လည်း ခင်းကျင်းပြသလျက်ရှိပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် ကြိုးစားလျက်ရှိသည်။

ကချင်မျိုးနွယ်စုများသည် ဂျပ်ခုတ်ရက်ကန်းဖြင့် ရက်လုပ်ထားသော အထည်များကို ရိုးရာဝတ်စုံအနေဖြင့် ဝတ်ဆင်ကြသော်လည်း ယခုအခါ ရက်ကန်းစင်ကြီး၊ စက်ရက်ကန်းများဖြင့် ရက်လုပ်ထားသော အထည်များကိုလည်း ဝတ်ဆင်လာကြသဖြင့် ရှေးဟောင်းဒီဇိုင်းများကို မူလလက်ရာမပျက်ဘဲ ခေတ်မီဆန်းသစ်တီထွင်သော ဒီဇိုင်းများဖြင့် ရက်လုပ်ထားသော ကချင်ရိုးရာအထည်များမှာ ယနေ့ခေတ်တွင် လူကြိုက်များသည်မှာ တစ်နိုင်ငံလုံးသာမက နိုင်ငံရပ်ခြားတိုင်းပြည်များအထိ ကျော်ကြားကာ ကမ္ဘာလှည့်ခရီးသွားများ၏ မျက်စိကျရာ ရိုးရာထည်များအဖြစ် ဈေးကွက် အခိုင်အမာ ရရှိနေပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**(ဤဆောင်းပါးတွင် အသုံးပြုထားသည့် ဓာတ်ပုံများအတွက် မူရင်းပိုင်ရှင်များအား လေးစားစွာ ခရက်ဒစ်ပေးပါသည်။)**

# မြန်မာ့ယဉ်ကျေးမှု ပန်းချီသုခုမအနုပညာ

(ယခင်လမှအဆက်)

**အေးကဗျာပိုင်(ပဲခူး)**

ထူးခြားချက်များရှိသည်။ ထိုထူးခြားချက်မှာ ကျစ်လျစ်မှုရှိခြင်း၊ သယ်ယူသိမ်းဆည်းရာတွင် လွယ်ကူခြင်း၊ ဆေးရောင်မမှိန်ခြင်း၊ ဆီဆေးတစ်မျိုးတည်းကိုသာ အသုံးပြုရေးဆွဲရခြင်းနှင့် စွန့်ပစ်ပုလင်း သို့မဟုတ် ရေးဆွဲမည့်ပုလင်းသည် ဈေးမများခြင်းတို့ဖြစ်သည်။ ထိုကဲ့သို့ အားသာချက်များရှိသလို အားနည်းချက်များလည်းရှိသည်။

၎င်းကား အလွယ်တကူ ကျကွဲနိုင်ခြင်းပင်ဖြစ်ပါသည်။

ပုလင်းပန်းချီများသည် အခြားသော ပန်းချီကားများကဲ့သို့ နေရာများများ မပေးရပေ။ အခြားသော ပန်းချီကားများဆိုလျှင် ပြင်ပလေနှင့် ထိတွေ့၍ အရောင်မှိန်သည့်သဘောရှိသည်။ ပုလင်းပန်းချီသည် ပုလင်းအတွင်းတွင် ရှိသည့်အတွက် အရောင်မှိန်ခြင်း မရှိပေ။ ပုလင်းပန်းချီရေးဆွဲရာတွင် ပုလင်း၏ အတွင်းဘက်သို့ စုတ်တံထည့်၍ ရေးဆွဲရသည်။ ထိုသို့ ရေးဆွဲရာတွင် ကားချပ်ပေါ်တွင် ရေးဆွဲသကဲ့သို့ မျက်နှာချင်းဆိုင်ရေးဆွဲခြင်းမျိုးမဟုတ်ပေ။ ထို့ပြင် စုတ်တံကို မူလအတိုင်းဆေးတို့၍ရေးဆွဲခြင်းလည်း မဟုတ်ပါ။ ပုလင်းအတွင်းရေးဆွဲရာတွင် ပုလင်းအပြင်ကကြည့်လျှင် အတည့်မြင်စေရန် ပုလင်းအတွင်းတွင် ပြောင်းပြန်ရေးဆွဲရပြီး စုတ်တံကို အဖျားကောက် ရေးဆွဲရသည်ဟု ကြားဖူးသည်။ ပုလင်းပန်းချီအတွက် ဆီဆေးတစ်မျိုးကိုသာ အသုံးပြု ရသည်ဟုသိရသည်။ သဘော်ဆေးဖြင့် ရေးဆွဲပါက အပူရှိန်ပြင်းထန်လာလျှင် ပုလင်းအတွင်းရှိလေသည် ပြင်ပလေ ထက်ပူလာပြီး သဘော်ဆေးများ ကွာလာသည်ဟု ဆို သည်။ ပုလင်းပန်းချီအတွက် မြန်မာစုတ်တံကိုသာ အသုံးပြုကြသည်။ အဆိုပါ စုတ်တံများကို တည့်ကွေး၊ ယောင်ယောင်ကွေးစသည်ဖြင့် မိမိရေးဆွဲရန် အဆင်ပြေအောင် ကိုယ်တိုင်ဖန်တီးယူကြရသည်။ စုတ်တံအပါး အတွက်ကော်ဖတ်စားခြင်း၊ စုတ်တံထိပ်မွေးများကို မိမိအလိုရှိသည့် အနေအထား ရရှိစေရန် မီးဖြင့် လိုအပ်သလို ညှိပေးခြင်း၊ စုတ်တံထိပ်လုံးအောင်လည်း ပြုလုပ်ပေးရသည်။ ပုလင်းပန်းချီရေးဆွဲရန်အတွက် စွန့်ပစ်ပုလင်းများကို သန့်ရှင်းရေးပြုလုပ်ပြီး ပြန်လည်အသုံးပြုလေ့ရှိသည်။ ပုလင်းပန်းချီအတွက် ပုလင်းအကြီးကို အသုံးပြုမှုနည်းပြီး ပုလင်းအသေးများကိုသာ အသုံးပြုကြသည်။ ပုလင်းပန်းချီသည် ပန်းချီရေးဆွဲနည်းများစွာအနက် ရှားပါးသော ရေးဆွဲနည်းတစ်မျိုးဖြစ်သော်လည်း လူကြိုက်နည်းသည်။

ထိုသို့ လူကြိုက်နည်းရခြင်းမှာ ပုလင်းအတွင်းဆေးများ ပြည့်နေပြီး ဆေးရောင်များဖြင့် ရှုပ်နေသောကြောင့်ဖြစ်သည်။ နောက်ခံဆေးမတင်ပါက မူလပုလင်းအကြည်ပေါ်တွင် ရေးဆွဲသဖြင့် ရေးဆွဲထားသောပုံကို ပိုပေါ်စေသည်။ ကြည့်ရသည်မှာလည်းရှင်းသည်။ ယခု အခါ ဆီဆေးအပြင် ရွှေမင်များကိုပါ အသုံးပြုလာကြသည်။ ပုလင်း ပန်းချီပုံများကို အများအားဖြင့် မြန်မာ့ရိုးရာပုံများ၊ ရွှေစွန်ညိုပုံ၊ မြန်မာ့ယဉ်ကျေးမှုနှင့် သက်ဆိုင်သော ပုံများနှင့် လောကနတ်ပုံများကို ရေးဆွဲသလို ဘာသာယဉ်ကျေးမှုအတွက် ဆွမ်းခံထွက်နေသော ကိုရင်ပုံများနှင့် ပျိုမေများ ရေခပ်ဆင်းရန် ရေအိုးရွက်လာသောပုံများကို ရေးဆွဲလေ့ရှိကြသည်။ ပုလင်းပန်းချီတစ်လုံး၏ တန်ဖိုးသည် တန်ဖိုးကြီးလှသည်။ နိုင်ငံခြားသားများက ဈေးကြီးပေး၍ ဝယ်ယူကြသည်ဟုသိရသည်။ မြန်မာ့ရိုးရာ ပန်းချီဟုပြောလိုက်လျှင် ပန်းကနုတ် အနုအဖွဲ့များ၊ ကြာမှောက်ကြာလန်များ၊ ဘီလူး ပန်းဆွဲများ၊ ဘီလူးပန်းကိုက်များ၊ ဗုဒ္ဓဝင်ဇာတ်နိပါတ်များနှင့် ရှေးဟောင်းဘုရားများထံတွင် နံရံပန်းချီများကို တွေးမြင်ကြမည်ဖြစ်ပါသည်။ ရှေးခေတ်နံရံပန်းချီများအားလုံးသည် မြန်မာများ၏ အနုပညာတန်ဖိုး မြင့်မားမှုကို ပြသနေသကဲ့သို့ မြန်မာတို့၏ ဂုဏ်သိက္ခာဟု ဆိုရလျှင်လည်း မမှားပါ။ ပုဂံခေတ်အပြီး ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်များတွင် နံရံပန်းချီများမှာ ထိုခေတ်အခါက သမိုင်းနှင့် အနုပညာတန်ဖိုးများကို ပြန်လည်လေ့လာနိုင်ပါသည်။ မန္တလေး ရတနာပုံခေတ်အစောပိုင်းတွင် 'ပုရပိုက်ပန်းချီ'များသည် နံရံပန်းချီ များထက်ပို၍ ခေတ်စားလာခဲ့သည်။

မြန်မာဘုရင်များ၏ ဝတ်စားဆင်ယင်ပုံများ၊ မင်းခမ်းမင်းနားများ၊ မြန်မာ့ရိုးရာပွဲတော်များတွင် နန်းတွင်းပန်းချီတော်များသည် ပုရပိုက်ပန်းချီများအဖြစ် သမိုင်းတွင် ကျန်ရစ်စေခဲ့သည်။ 'ပုရပိုက်' ဟူသော ဝေါဟာရကို ပုဂံခေတ်နှောင်းပိုင်းမှစ၍ သုံးနှုန်းခဲ့ခြင်းကို ကျောက်စာတွင် တွေ့ရသည်။ ပုဂံခေတ်နှောင်းပိုင်းတွင် အင်းဝ၊ ပင်းယ၊ ကုန်းဘောင်ခေတ်ရေး ပုရပိုက် ပန်းချီများကိုလည်း ရှာဖွေမတွေ့ရပါ။ တွေ့မြင်နိုင်သေးသည့် ပုရပိုက်ပန်းချီမှာ ရတနာပုံ ခေတ်ရေးများသာဖြစ်သည်။ ပုရပိုက် ပန်းချီများသည် ပုံမှန်အားဖြင့် အကြီးဆုံးအလျား ၄ ပေ၊ အနံ ၁ ပေခွဲမှစ၍ အသေးဆုံးအလျား ၃ လက်မ၊ အနံ၁လက်မခွဲအထိရှိသည်။ ပုံမှန်ပုရပိုက်ပန်းချီများမှာ အလျား ၁၇ လက်မ၊ ၁၈ လက်မနှင့် အနံအားဖြင့် ၇ လက်မ၊ ၈ လက်မဖြစ်သည်။ ပုရပိုက်များကို တစ်ခု၊ နှစ်ခုဟုမသုံးဘဲ တစ်ဆူ၊ နှစ်ဆူဟု ခေါ်ဝေါ်သုံးစွဲကြသည်။

မြန်မာသက္ကရာဇ် ၁၂၆၁ ခုနှစ် သက်တမ်းပါသော လွန်ခဲ့သည့် နှစ် ၁၀၀ ကျော် ကပုရပိုက်ပန်းချီမှာ အလှူပွဲသဘင် အခမ်းအနားများအကြောင်းကို ရေးသားထားပြီး ပန်းချီပြကွက်အားဖြင့် ၂၅ ကွက် ပါဝင်ပြီး စာမျက်နှာပေါင်း ၅၀ ပါဝင်သည်။ ပုရပိုက်အရွယ်အစားသည် အလျား ၁၈လက်မနှင့် အနံ၈လက်မဝန်းကျင်ရှိသည်။ ခုနှစ်မပါသော ပုရပိုက်ပန်းချီမှာ သိဒ္ဓတ္ထမင်းသား ကြာချည်ထွက်ခန်း၊ ဝေဿန္တရာဇာတ်တော်တို့ကဲ့သို့ ဇာတ်ခန်း ၁၂ ခန်း ပန်းချီပါဝင်ပြီး စာမျက်နှာပေါင်း ၂၄ မျက်နှာပါဝင်ပါသည်။ သက္ကရာဇ်မပါဝင်သော်လည်း ပန်းချီများမှ ပြောပြနေသောအနေ အထားအရ ထိုပုရပိုက်သည် ခုနှစ်ပါသော ပုရပိုက်ပန်းချီထက် ပို၍ စောနိုင်ဖွယ်ရှိကြောင်း သိရသည်။

ပုရပိုက်ပန်းချီများမှာလည်း ကောက်ကြောင်းများကို ဦးစားပေးပြီး ရေးသားထားသည်။ ပုရပိုက် ပန်းချီများ၏ ထူးခြားချက်မှာ နန်းတွင်းပန်းချီကျော်များသည် ပုရပိုက်ပန်းချီများထဲတွင် ရွှေအစစ်နှင့် ဆေးရောင်စုံများကို ရောနှောဖန်တီး ရေးသား ထားခြင်းပင် ဖြစ်ပါသည်။ နှစ်ပေါင်းရာချီနေသော်လည်း အသုံးပြုခဲ့သော ရွှေအစစ်နှင့် ဆေးရောင်စုံများ၏ အရည်အသွေးကြောင့် နှစ်ပေါင်း ၁၀၀ ကျော်ကြာသောအချိန်ထိ ပုရပိုက်ပန်းချီကားများထဲမှ ပန်းချီကားများသည် အရောင်ကျမသွားဘဲ စိုတောက်၍ လှပလျက်ရှိသည်။ ပုရပိုက်ပန်းချီသည်လည်း အလွန်ရှားပါးသော ပန်းချီကားပင်ဖြစ်ပေသည်။ ထို့ကြောင့် ယခုကဲ့သို့ ရှားပါး၍ အဖိုးတန်လှသော ပုရပိုက်ပန်းချီများနှင့်ပုရပိုက်များကို 'တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင်' စုဆောင်းသိမ်းဆည်းထားလျက်ရှိကြောင်း သိရသည်။

မြန်မာ့ပန်းချီ၊ ပန်းပုဈေးကွက်အတွင်း အလှဆင်ရာတွင် အသုံးများသည့် ပန်းချီကား အမျိုးအစားများအနက် ကနုကမာပန်းချီကားများကို စိတ်ဝင်စားနေသူများနေကြကြောင်း ပန်းချီ၊ ပန်းပုနှင့် မြန်မာမှုအနုပညာလက်ရာအမျိုးမျိုး အရောင်းဈေးကွက်မှ သိရှိရသည်။ ပန်းချီကား၊ ကျောက်ပန်းချီများကို အိမ်တက်ပွဲ၊ မင်္ဂလာပွဲများ၊ မွေးနေ့များ၊ ဆိုင်ဖွင့်ပွဲများအတွက်လည်း ဝယ်ယူကြလေ့ရှိကြသလို မိမိအမြတ်တနိုး တန်ဖိုးထားရသူများ၏ ပုံတူများ ပြုလုပ်ကာ ကျောက်စီပန်းချီကားများပြုလုပ်၍လည်း လက်ဆောင်ပေးလေ့ရှိကြပါသည်။ ရွှေခြည်ထိုးပန်းချီကားများကိုလည်း စိတ်ဝင်စားကြသည်။ ကျောက်စီပန်းချီကား၊ ကနုကမာပန်းချီကားများမှာ ရွှေချည်ထိုး ပန်းချီကားများထက်ပို၍ ဈေးနှုန်းသင့်တင့်သောကြောင့် ပို၍ရောင်းရကြောင်း သိရှိရသည်။ ပန်းချီကားဈေးနှုန်းများမှာ ကျပ်နှစ်သိန်းကျော်မှစ၍ ဈေးနှုန်းအမျိုးမျိုးရှိပြီး ကျောက်စီပန်းချီကား ဈေးနှုန်းမှာ ကျပ် ၃၅၀၀၀ မှစ၍ရှိသည်။ မြန်မာ့ပန်းချီ၊ ပန်းပုလက်ရာများကို လူငယ်များ စိတ်ဝင်စားမှုများလာပြီး ပြည်ပနိုင်ငံခြားသားများလည်း စိတ်ဝင်စားမှုများ ရှိလာကြသည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များထဲမှ တစ်ခုပါဝင်လျက်ရှိသော ရှေးခေတ်ပန်းချီကားများကို တန်ဖိုးထားမြတ်နိုး၍ ထိန်းသိမ်းစောင့်ရှောက်သွားရမည်လည်း ဖြစ်သည်။


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၂ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး

ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။

ဖုန်း - ၀၆၇(၃)၄၀၈၅၀၅

အီးမေးလ် - mmcc.office@commerce.gov.mm


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါ်နန်းခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# ရေသန့်သောက်သုံးခြင်းနှင့် သတိပြုရမည့် အချက်များ

(ယခင်လမှအဆက်)

### ဝန်ထမ်းနှင့် ရေသန့်ထည့်သွင်းမည့်ဘူး၏ လိုအပ်ချက်

ရေသန့်ထုတ်လုပ်မှု၌ ကြီးကြပ်သူသည် ရေသန့်ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ရန်လိုအပ်ပြီး လုပ်သားများမှာ ကျန်းမာရေးကောင်းမွန်၍ တကိုယ်ရေသန့်ရှင်းရေးကို သိရှိနားလည်သူများဖြစ်ရန်လည်း လိုအပ်သည်။

ရေသန့်ထည့်သွင်းမည့်ဘူးသည် အစားအသောက်သုံး PET, HDPE, PE ပလတ်စတစ်ဘူးများ ဖြစ်ရမည်။ တစ်လီတာအောက်၊ တစ်လီတာနှင့် နှစ်လီတာဘူးများသည် တစ်ခါသုံးဘူးများ ဖြစ်ရမည်။ (၂၀) လီတာဘူးများကို Multi-Use ဘူးများအဖြစ် သုံးနိုင်သော်လည်း ဆေးကြောရန်ခက်ခဲသော အခြားပစ္စည်းများ (ဥပမာ- ဆီ၊ ဆေးရည်) ထည့်သုံးပြီး ဘူးများကို ပြန်ဆေးကြော၍ မသုံးရပါ။

ဘူးသွတ်ပြီး သောက်ရေသန့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသေးစိတ် သတ်မှတ်ထားသော ရူပသတ်မှတ်ချက်၊ အဏုဇီဝသတ်မှတ်ချက်၊ ဓာတုဗေဒသတ်မှတ်ချက်နှင့် ကိုက်ညီရမည်ဖြစ်ပြီး ရေသန့်ဘူးပေါ်ရှိတံဆိပ်သည် ကုန်အညွှန်းအမှတ်အသား သတ်မှတ်ချက်များကို ပြည့်စုံစွာဖော်ပြ၍ ထုတ်လုပ်ခြင်းအားဖြင့်လည်း စားသုံးသူကာကွယ်ရေးကို တစ်ဖက်တစ်လမ်းက လိုက်နာဖော် ဆောင်ရာရောက်သည်။

### အန္တရာယ်ဖြစ်စေနိုင်သော အကြောင်းအရာများ

ရေသည် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများပြီး ဘေးထွက်ဆိုးကျိုးမရှိပါ။ ရိုးရိုးရေသန့်သည် PH7 ဖြစ်ပြီး PH 7 ကို ထပ်မံသန့်စင်ပါက အယ်ကာလီ ရေသန့်ဖြစ်၍ အယ်ကာလီရေသန့်က အကျိုးများစွာဖြစ်ထွန်းစေသော်လည်း နေပူထဲတွင်ထားသိုခြင်း၊ အပူချိန်လွန်ကဲသော နေရာများနှင့် ကားအတွင်းခန်းများတွင် ကြာမြင့်စွာထားသိုခြင်း၊ ပြန်လည်ကျိုချက် သုံးစွဲခြင်းများသည် ကင်ဆာရောဂါကိုဖြစ်စေနိုင်ကြောင်း၊ နေရောင်နှင့် တိုက်ရိုက်ထိတွေ့ထားသော ရေဘူးထဲမှရေကို သောက်သုံးခြင်းကြောင့် အမျိုးသမီးများတွင် ရင်သားကင်ဆာရောဂါကို ဖြစ်စေနိုင်ကြောင်း လေ့လာသိရှိရသည်။

ရေသန့်ဖြစ်ရန် ကလိုရင်းဆေးခပ်ပြီး ကလိုရင်းဓာတ်သည် အပူနှင့် ထိတွေ့သောအခါ ကလိုရိုဖောင်းဓာတ်အဖြစ် ပြောင်းလဲသွားသည်။ ကြာရှည်အပူပေးသုံးစွဲသောအခါ မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်း၊ အမည်မဖော်နိုင်သော ရောဂါများဖြစ်ပေါ်လာပြီး ကင်ဆာဖြစ်နိုင်ခြေများလာသည်။

စားသုံးသူများအနေဖြင့်လည်း စားသောက်ကုန်များတွင်ပါသော သက်တမ်းကုန်ဆုံးရက်နှင့် ကျန်းမာရေးဆက်စပ်ပုံများကိုလည်း သိထားရန်လိုအပ်ပေသည်။ ရေသည် စားသောက်ကုန်အမျိုးအစားတွင် ပါဝင်သဖြင့် သက်တမ်းကုန်ဆုံးရက်များကို ရေသန့်ဘူးများတွင် ဖော်ပြရိုက်နှိပ်ထားရခြင်းဖြစ်ပြီး သက်တမ်းကုန်ဆုံးရက်မှာ ရေ၏ သက်တမ်းကုန်ဆုံးရက် မဟုတ်ဘဲ ထည့်သွင်းထားသော ပလတ်စတစ်ဘူး၏ သက်တမ်းကုန်ဆုံးရက်ဖြစ်သည်။ သက်တမ်းကုန်သွားသော ပလတ်စတစ်ဘူးများမှ ဓာတုပစ္စည်းများကို ရေထဲတွင် စွန့်ထုတ်တတ်ပြီး စွန့်ထုတ်လိုက်သော ဓာတုပစ္စည်းများသည် ဦးနှောက်နှင့် အာရုံကြော၊ ကျောက်ကပ်နှင့် ကင်ဆာရောဂါအချို့ကို ဖြစ်ပွားစေနိုင်သည်။

ရေသန့်ဘူးများသည် ပါကင်မဖွင့်ခင် ပိုးသတ်ပြီးဖြစ်သော်လည်း သုံးစွဲပြီးအချိန်အနည်းငယ်အတွင်းမှာပင် ဘက်တီးရီးယားများနှင့် ဗိုင်းရပ်စ်များ ဝင်ရောက်ပေါက်ဖွားနေတတ်သောကြောင့် သောက်သုံးပြီး ရေသန့်ဘူးများအား ရေပြန်လည်ဖြည့်သောက်ပါကလည်း အချိန်ကြာလာသည်နှင့်အမျှ ဆိုးရွားလာသော ရောဂါများကို ရရှိစေသည်။ အချို့ရေသန့်ဘူးများတွင် အတွင်းပိုင်း ရေညှိတက်နေခြင်းသည် ရေထဲမှ မှိုဖြစ်စေသော ပိုးမွှားများ ပါဝင်နေခြင်းကြောင့်ဖြစ်ပြီး ဝမ်းပျက်၊ ဝမ်းလျှော၊ သန်ကောင်တုတ်ကောင်နှင့် နောက်ဆက်တွဲရောဂါများ ဖြစ်လာနိုင်သည်။

စားသုံးသူများသည် သောက်ရေသန့် ဝယ်ယူသုံးစွဲခြင်းမပြုမီ ရေ၏ သန့်ရှင်းမှု၊ ထုပ်ပိုးထားရှိမှု၊ ရောင်းချသော ရေဘူးများ ထားသိုသိမ်းဆည်းမှု FDA ခွင့်ပြုချက်နှင့် သက်တမ်းကုန်ဆုံးရက်၊ ရေအရောင်ပါရှိနေမှုများကို စစ်ဆေးရန်လိုကြောင်း၊ ရေဘူးများ သိုလှောင်သိမ်းဆည်းရာတွင် အေးမြပြီး နေရောင်နှင့် တိုက်ရိုက်ထိတွေ့မှုမရှိသော နေရာများတွင် ထားသိုသိမ်းဆည်းရမည်ဖြစ်ကြောင်း၊ သောက်သုံးပြီး ရေသန့်ဘူးများအား ရေပြန်လည်ဖြည့်သောက်ခြင်းနှင့် ရေသန့်ကို အကြိမ်ကြိမ် ကျိုချက်သောက်သုံးခြင်း မပြုသင့်ကြောင်း၊ မိမိပတ်ဝန်းကျင်တွင် FDA ထောက်ခံချက်မရှိဘဲ ထုတ်လုပ်ရောင်းချနေခြင်းများ၊ အိမ်သုံးတစ်နိုင်တစ်ပိုင် စက်များဖြင့် ထုတ်လုပ်ရောင်းချနေခြင်းများ တွေ့ရှိပါက သက်ဆိုင်ရာ အသင်းအဖွဲ့၊ ဌာနများသို့ သတင်းပေးတိုင်ကြားခြင်းများ ပြုလုပ်ရန်ဖြစ်ကြောင်း တို့ကို စားသုံးသူများအား နည်းလမ်းမျိုးစုံဖြင့် အသိပညာပေး ဆောင်ရွက်ခြင်းဖြင့် စားသုံးသူများအား ဘေးအန္တရာယ်ကင်းရှင်းအောင် ကာကွယ်ပေးနိုင်သည်။



ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း စားသုံးသူက သင့်လျော်သောဈေးဖြင့် ဝယ်ယူစားသုံးမှုအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်ပြီး မိမိကုန်အမှတ်တံဆိပ်၊ အရည်အသွေးကို တန်ဖိုးထားပြီး တံဆိပ်တူကုန်စည်များ တုပမှုများကို ရှောင်ရှားသင့်ပေသည်။ ခေတ်မီစက်ကိရိယာနည်းပညာများ ပိုမိုတိုးတက်လာပါက အရည်အသွေး၊ အဆင့်အတန်းမြင့်မားသော နိုင်ငံတကာဈေးကွက်ဝင် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စားသုံးသူကာကွယ်ရေးဥပဒေပါ လုပ်ငန်းရှင်၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် စားသုံးသူများကို ကာကွယ်ပေးရာ ရောက်ပေသည်။

### အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော အစားအသောက်ကို အများပြည်သူများ စားသုံးနိုင်ရန်

စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ဖြစ်စေခြင်းမှ ကာကွယ်ရန်၊ အစားအသောက်များထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းရန် ရည်ရွယ် ၍ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က ၂၇. ၁၁. ၂၀၂၁ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၅၂၄/ ၂၀၂၁)ဖြင့် အမှတ်တံဆိပ်ပါ ဘူးသွင်းသောက်ရေသန့်နှင့် စားသုံးဆီများကို ထိန်းချုပ်အစားအသောက်များအဖြစ် သတ်မှတ်ခဲ့သည်။ ထိန်းချုပ်အစားအသောက်ဆိုသည်မှာ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ က အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော အစားအသောက်ကို ဆိုလိုသည်။ ထိန်းချုပ် အစားအသောက်များကို မည်သူမျှ လိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းမပြုရဟု တားမြစ်ထားသည်။

စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူကာကွယ်ရေးဥပဒေတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် ကိုက်ညီမှုမရှိသော ကုန်စည်များကို ထုတ်လုပ်ရောင်းချခြင်းမပြုရဟု ပြဋ္ဌာန်းပါရှိပြီး ထုတ်လုပ်သူများအနေဖြင့်လည်း ကုန်အမှတ်တံဆိပ်နှင့် အညွှန်းမပါဘဲ ရောင်းချပါက ဈေးကွက်ထိုးဖောက်နိုင်မှုနည်းပြီး ကုန်အညွှန်းအမှတ်

ဖြိုးသော်ဆက် DOCA (NPT)

အသား အပြည့်အစုံပါသည့် ကုန်အမှတ်တံဆိပ်များက စားသုံးသူ၏ ယုံကြည်စိတ်ချမှုကို ပိုမိုမြင့်မားစေသည်။

ယခုအခါမြန်မာနိုင်ငံတွင် ကူးစက်တတ်သောရောဂါများအပြင် မကူးစက်နိုင်သော ရောဂါများလည်း ဖြစ်ပွားမှုများပြားနေသည်ကို လေ့လာတွေ့ရှိရပြီး အစားအသောက်၊ နေထိုင်မှုပုံစံ၊ အမူအကျင့်များကြောင့်ဖြစ်ပါသည်။ အစားအသောက်နှင့် ဆေးဝါးများ ထုတ်လုပ်ရောင်းချရာတွင် ဈေးကွက်၊ ဈေးနှုန်းနှင့် ဝယ်လိုအားများကြောင့် အရည်အသွေး ပျက်ယွင်းပြီး စံချိန်မမီခြင်းများသည် စားသုံးသူများ၏ အခွင့်အရေးများကို ဖောက်ဖျက်လျက်ရှိသည်။

စားသုံးသူများ ရင်ဆိုင်နေရသော ပြဿနာအများစုမှာ အစားအသောက်နှင့် ဆေးဝါးဆိုင်ရာများဖြစ်ပြီး သန့်ရှင်းမှုမရှိခြင်း၊ မလတ်ဆတ်ခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်ခြင်း၊ ဓာတုဗေဒပစ္စည်းများ၊ ပိုးသတ်ဆေး၊ ဆိုးဆေးများအသုံးပြုခြင်း၊ သက်တမ်းလွန် အစားအသောက်နှင့် ဆေးဝါးများရောင်းချခြင်း၊ ဈေးသက်သာပြီး အရည်အသွေးညံ့သော ပစ္စည်းများ၊ စံမမီ မသန့်ရှင်းသော သောက်ရေသန့်များ ဖြန့်ဖြူးရောင်းချနေခြင်း စသည့် ပြဿနာများဖြစ်ပါသည်။

စားသုံးသူများသည် ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲရာတွင် သာမက ဝန်ဆောင်မှုများ ရယူသုံးစွဲရာတွင်လည်း ပြဿနာများ ရင်ဆိုင်ကြုံတွေ့ကြရသည်။ အစားအသောက်များ ပြင်ဆင်ပြုလုပ်ရောင်းချရာ ပတ်ဝန်းကျင်သည် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိခြင်း၊ မသန့်ရှင်းခြင်း၊ စားသုံးသူထံမှ ကုန်သွယ်ခွန်ယူသော်လည်း အခွန်တံဆိပ်ခေါင်းမကပ်ပေးခြင်း၊ ဝန်ဆောင်မှုရယူရာတွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်း၊ မှာယူသော ပစ္စည်းများ လွဲမှား/ ပျောက်ဆုံးခြင်း၊ အစားအသောက်များ ထုပ်ပိုးရာတွင် အန္တရာယ် ဖြစ်စေသည့်အရာများဖြင့် ထုပ်ပိုးထားခြင်း၊ အစားအသောက်တွင် အရည်အသွေးနိမ့်ဈေးပေါသောပစ္စည်းများ ထည့်သွင်းထုတ်လုပ်ခြင်း၊ အဖုံးပွင့်နေသော မသန့်ရှင်းသည့် သောက်ရေသန့်ဘူးများ အသုံးပြုခြင်း စသည်တို့ဖြစ်သည်။

အရည်အသွေးနိမ့်၊ စံချိန်မမီသော ထုတ်ကုန်များ၊ ဘေးအန္တရာယ် မကင်းရှင်းသော အစားအသောက်များနှင့် စံနှုန်းမမီသော ဝန်ဆောင် မှုများကြောင့် စားသုံးသူများကို ထိခိုက်စေပြီး မလိုလားအပ်သော ထိခိုက်နစ်နာမှုများ ဖြစ်စေလျက်ရှိသည်။

စားသုံးသူများကလည်း ရေသန့်ဝယ်ယူသုံးစွဲသော ဈေးကွက်အတွင်း အမှုန်၊ အနည်၊ အနံ့ပါသည့် မသန့်ရှင်းသော ရေမျိုးတွေ့ရှိပါက တံဆိပ်ပြောင်းသုံးသည်ကိုသာ မပြုလုပ်ကြဘဲ ကန့်ကွက်ခြင်း၊ တိုင်ကြားခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းဌာနများသို့ သတင်းပေးပို့ခြင်းများ ပြုလုပ်သင့်သည်။ ရေသန့်လုပ်ငန်းရှင်များမှလည်း ရေသန့်သယ်ယူဖြန့်ဖြူးသည့်ကားများကို ကျန်းမာရေးနှင့်ညီညွတ်စွာ အပူချိန် အလိုအလျောက်ထိန်းညှိသည့်စနစ်ပါသော အလုံပိတ်ကားများဖြင့် သယ်ယူဖြန့်ဖြူးရန်လိုပြီး ထိုသို့သယ်ယူသည့်အတွက် သင့်တင့်မျှတသော ဈေးနှုန်းမြင့်တက်လာမှုကို စားသုံးသူများ နားလည်လက်ခံစေရန် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် မီဒီယာများမှတစ်ဆင့် အသိပေးခြင်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်အနေဖြင့်လည်း အသိပညာပေးဟောပြောခြင်း၊ သတင်းမီဒီယာများ၊ရုပ်/သံအစီအစဉ်များမှတစ်ဆင့် အသိပညာပေးဇာတ်လမ်း၊ ကာတွန်း၊ ဆောင်းပါး၊ ဆောင်ပုဒ်များအား ထုတ်လွှင့်ပေးခြင်းတို့ဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ထိခိုက်နစ်နာမှုများ မရှိစေရန် ကာကွယ်ပေးဆောင်ရွက်ရပေမည်။

စားသုံးသူ၊ လုပ်ငန်းရှင်နှင့် သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများက အသီးသီး တာဝန်သိစွာ လိုက်နာပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် စားသုံးသူပြည်သူများအားလုံး ပစ္စုပ္ပန်တွင် သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ကောင်းမွန်သာယာသော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် သက်ရှည်ကျန်းမာစွာ ရှင်သန်နေထိုင်ခွင့်ရရှိကြမည်ဖြစ်ပေသည်။

**ကိုးကား။ ။ ကျန်းမာရေးဝန်ကြီးဌာန Website Google**



# ၂၀၂၆ ခုနှစ်တွင် နိုင်ငံအတွင်းသို့ ဆန်တင်သွင်းမှု ရပ်ဆိုင်းသွားမည့် အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်းဆန်ထုတ်လုပ်မှုသည် လုံလောက်မှုရှိသောကြောင့် ၂၀၂၆ ခုနှစ်တွင် စားသုံးသည့် ဆန်(သို့မဟုတ်)စက်မှုလုပ်ငန်းသုံးဆန်များကို နိုင်ငံအတွင်းသို့ တင်သွင်းတော့မည်မဟုတ်ကြောင်း အင်ဒိုနီးရှားနိုင်ငံအစိုးရ အရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါဆုံးဖြတ်ချက်အား စားနပ်ရိက္ခာဖူလုံရေး ညှိနှိုင်းရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ဗဟိုစာရင်းအင်း အေဂျင်စီတို့မှ အကြီးတန်းခေါင်းဆောင်များ တက်ရောက်ခဲ့သည့် မကြာသေးမီက အင်ဒိုနီး ရှားနိုင်ငံ၏မြို့တော် ဂျကာတာတွင်ကျင်းပသော ဝန်ကြီးအဆင့် ညှိနှိုင်းအစည်းအဝေးအပြီးတွင် ကြေညာခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှား စားနပ်ရိက္ခာ ဖူလုံရေးဝန်ကြီးဌာနမှ ကုန်သွယ်ရေးနှင့် ဖြန့်ဖြူးရေးညှိနှိုင်းရေးမှူး ဒုတိယဝန်ကြီး Tatang Yuliono က ပြည်တွင်း ဆန်ဝယ်လိုအားကို ပြည်တွင်းထုတ်လုပ်မှုဖြင့်သာ အပြည့်အဝ ဖြည့်ဆည်းပေးမည်ဟု ပြောကြားခဲ့သည်။ နိုင်ငံ၏ ပြည်တွင်းဆန်ထောက်ပံ့မှုသည် လုံလောက်မည်ဟု ယုံကြည်သောကြောင့် ၂၀၂၆ ခုနှစ်တွင် စက်မှုလုပ်ငန်းသုံး ဆန်တန်ချိန် ၃၈၁၀၀၀ နီးပါး တင်သွင်းရန် စက်မှုဝန်ကြီးဌာန၏ အဆိုပြုချက်ကို အစိုးရကပယ်ချခဲ့သည်။

အာချေးပြည်နယ်ရှိ ဆာဘန်ကဲ့သို့သော လွတ်လပ်သော ကုန်သွယ်ရေးဇုန်များ အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တင်သွင်းခြင်း မပြုရမူဝါဒကို ကျင့်သုံး သွားမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ်၏ ခိုင်မာသော စိုက်ပျိုးရေးစွမ်းဆောင်ရည်ကြောင့် နိုင်ငံ၏ အမျိုးသားစားနပ်ရိက္ခာ ဖူလုံရေးတွင် အဓိကအောင်မြင်မှုတစ်ခုအဖြစ် ဆန်နှင့်ပြောင်း တင်သွင်းမှုကို ရပ်ဆိုင်းနိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ် နှစ်လယ်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ၏ အရန်ဆန်သိုလှောင်မှုသည် တန်ချိန် ၄ သန်းခန့်အထိ စံချိန်တင်မြင့်မားခဲ့ပြီး ဈေးကွက်တည်ငြိမ်စေရန် အထောက်အကူပြုနိုင်ခဲ့သည်။

တရားဝင် အချက်အလက်များအရ သမ္မတ ပရာဘိုဝို ဆူဘီယန်တို၏ လက်ထက် ရာသီဉတု ကောင်း မွန်မှုနှင့် လယ်သမားများအတွက် ထောက်ပံ့မှုမူဝါဒများကြောင့် ၂၀၂၅ ခုနှစ်၏ ဆန်ထုတ်လုပ်မှု စုစုပေါင်းသည် တန်ချိန် ၃၄ ဒသမ ၇၇ သန်းသို့ရောက်ရှိကာ ၂၀၂၄ ခုနှစ်ကထက် ၁၃ဒသမ၅၄ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု ခန့်မှန်းထားကြသည်။ ပြောင်းထုတ်လုပ်မှုသည်လည်း တန်ချိန် ၄ သန်းခန့်အထိ ရောက်ရှိခဲ့ပြီး နိုင်ငံ၏ ကြက်ငှက်မွေးမြူရေးကဏ္ဍအတွက် လုံလောက်သော ထောက်ပံ့မှုပေးနိုင်မည်ဟု ခန့်မှန်းထားကြသည်။

**Source: Vnexpress**

**ဟန်ကိုကျော် DOCA (ရန်ကုန်)**

# မလေးရှား စားအုန်းဆီတင်ပို့မှု လျော့ကျနိုင်

မလေးရှားတွင် စားအုန်းဆီကြမ်း ထုတ်လုပ်မှုသည် နိုဝင်ဘာလတွင် အောက်တိုဘာလထက် တန်ချိန် ၁ဒသမ၉၄ သန်း ၅ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း နိုဝင်ဘာလ ထုတ်လုပ်မှုအနေဖြင့် ၂၀၁၇ ခုနှစ်နောက်ပိုင်း အများဆုံးဖြစ်သည်ဟု မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (MPOB) က ပြောကြားသည်။ လက်ရှိထုတ်လုပ်မှု အရှိန်အဟုန်အရ မလေးရှား၏ စားအုန်းဆီ တစ်နှစ်တာ စုစုပေါင်း ထုတ်လုပ်မှုသည် ၂၀၂၅ နှစ်ကုန်တွင် ပထမဆုံးအကြိမ်အဖြစ် တန်ချိန်သန်း ၂၀ ကျော် ရှိ လာမည်ဟု ခန့်မှန်းထားသည်။

အင်ဒိုနီးရှားအစိုးရက စားအုန်းဆီ ပို့ကုန်ခွန်ကို နိုဝင်ဘာလတွင် တစ်တန်လျှင် ကန်ဒေါ်လာ ၁၂၄ စည်းကြပ်ခဲ့ရာမှ ဒီဇင်ဘာတွင် ကန်ဒေါ်လာ ၇၄ သို့ လျှော့ချခဲ့သည်။ သက်ရောက်မှုမှာ အင်ဒိုနီးရှားသည် စားအုန်းဆီကိုဈေးနှုန်း နိမ့်ကျစွာဖြင့် ရောင်းချနေခြင်းကြောင့် မလေးရှား၏ စားအုန်းဆီ တင်ပို့မှု လျော့ကျဖွယ်ရှိနိုင်သည်။ မလေးရှားစားအုန်းဆီကြမ်း (CPO) ကြိုပို့ပွိုင့်ဈေးကွက်သည် Dalian ဟင်းသီးဟင်းရွက်ဆီများ ကျဆင်းမှုနှင့် ပို့ကုန်အားနည်းမှုကြောင့် ဈေးအနည်းငယ်ကျဆင်းခဲ့သည်။

မုန်တိုင်းများကြောင့် မိုးရွာသွန်းမှုများပြားခဲ့၍ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ရှိ စားအုန်းဆီ စိုက်ခင်းများတွင် လုပ်သားနှင့် သယ်ယူပို့ဆောင်ရေးအခက်အခဲကြောင့် အထွက်နှုန်း ယာယီလျော့ကျခြင်း၊ ရိတ်သိမ်းချိန် နောက်ကျခြင်းကြောင့် ဆီအရည်အသွေး ကျဆင်းနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ တရုတ်နှစ်သစ်ကူး (Lunar New Year) နှင့် ၂၀၂၆ ခုနှစ်တွင် ကျရောက်မည့် ရမ်ဇာန် (Ramadan) ကာလများအတွက် ကြိုတင်ဝယ်လိုအား ကောင်းမွန်မည်ဟူသော မျှော်လင့်ချက်များ၊ အင်ဒိုနီးရှားနှင့် တူနီးရှားတို့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးရန် စီစဉ်ထားသည့် ဦးစားပေး ကုန်သွယ်မှုသဘောတူစာချုပ် (PTA) ချုပ်တွင် စားအုန်းဆီနှင့် စပ်လျဉ်း၍ ကုန်သွယ်မှုဆိုင်ရာ အခွန်နှုန်းထားများကို လျှော့ချပေးခြင်းဖြင့် အင်ဒိုနီးရှား စားအုန်းဆီသည် တူနီးရှား ဈေးကွက်သို့ ယခင်ကထက် အခွန်သက်သာစွာ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်ခြင်း၊ အင်ဒိုနီးရှား၏ ဇီဝလောင်စာဆီအတွက် B:40 မူဝါဒကြောင့် စားအုန်းဆီ ဝယ်လိုအားသည် ဆက်လက်အားကောင်းနေမည်ဟု ခန့်မှန်းထားခြင်းနှင့် အိန္ဒိယနိုင်ငံရှိ ဆီစက်များသည် ပြိုင်ဘက်ပဲပုပ်ဆီ (Soyoil) ဈေးနှုန်း မြင့်တက်မှုနှင့် ရူပီးငွေကြေး အားနည်းမှုကြောင့် ပဲပုပ်ဆီဝယ်ယူမှု အချို့ကို ပယ်ဖျက်ခဲ့ပြီး စားအုန်းဆီကို ပိုမိုဦးစားပေးလာနိုင်သည့် ခန့်မှန်းချက်များသည် စားအုန်းဆီ ဈေးနှုန်းကျဆင်းမှုကို ထိန်းချုပ်ထားသည်။

သို့သော် စားအုန်းဆီ၏ပြိုင်ဘက် အစားထိုးဆီများဖြစ်သည့် ပဲပုပ်ဆီ၊ နေကြာဆီနှင့် ပန်းနှမ်းဆီ (Canola Oil) တို့၏ ထောက်ပံ့မှုများကြောင့် ၂၀၂၆ ခုနှစ်တွင် စားအုန်းဆီကြမ်း (CPO) ပျမ်းမျှဈေးနှုန်းသည် တစ်တန်လျှင် မလေးရှားရင်းဂစ် (MYR) ၄၀၀၀ ဝန်းကျင်တွင် တည်ငြိမ်နေမည်ဟု သုံးသပ်ထားသည်။

**NNH (DOCA)**

**Source: https://www.google.com, https://www.mpoc.org.my/**

# ၂၀၂၅-၂၀၂၆ ရာသီ ပဲတီစိမ်း စိုက်ပျိုးမှုအတွက် (GAP&GHP) နည်းစနစ်များအတိုင်း စိုက်ပျိုးစေရန် ရည်ရွယ်၍ တောင်သူများကို ပညာပေး



ပဲပင်ပေါက် ဖောက်ရန်အတွက် မြန်မာပဲများ ဥရောပသမဂ္ဂသို့ တင်ပို့နိုင်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ပဲတင်ပို့သူများအစုအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် အဆိုပြုရွေးချယ်ထားသည့် ပဲတီစိမ်းစိုက်ကွင်းများအလိုက် ရွေးချယ်ထားသော တောင်သူများအား ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ် (GAP)၊ ကျန်းမာရေးနှင့်အညီ သန့်ရှင်းသော စိုက်ပျိုးထုတ်လုပ်မှုစနစ် (GHP) နည်းပညာပေး သင်တန်းများကို ဒီဇင်ဘာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ၈-၁၂-၂၀၂၅ ရက်နေ့တွင် သန်လျင်မြို့နယ်၊ ၁၀-၁၂-၂၀၂၅ ရက်တွင် ခရမ်းမြို့နယ်၊ ၁၂-၁၂-၂၀၂၅ ရက်တွင် ကျောက်တန်းမြို့နယ်နှင့် ၁၄-၁၂-၂၀၂၅ ရက်တွင် သုံးခွမြို့နယ်တို့၌ကျင်းပခဲ့ပြီး စုစုပေါင်းတောင်သူဦးရေ ၈၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲတင်ပို့ရာတွင် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ရရှိထားသော ဈေးကွက်ခိုင်မာစေရန်နှင့် ဈေးကွက်အသစ်များ တိုးတက်ရရှိစေရန် ထုတ်လုပ်မှု (Production)၊ အဝယ်ဒိုင် (Collection)၊ သယ်ယူပို့ဆောင်ခြင်း (Transporation)၊ စနစ်တကျထုတ်လုပ်ခြင်း ( Processing)၊ တင်ပို့ခြင်း (Exporting) အဆင့်အားလုံးအတွက် လိုအပ်သည့် နောက်ကြောင်းပြန် ခြေရာခံစနစ် (Traceability System) ကို ဥရောပသမဂ္ဂနိုင်ငံများ၏ သတ်မှတ်ချက်များအတိုင်း လိုက်ပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ ပဲတီစိမ်း စိုက်ပျိုးသည့် တောင်သူများအနေဖြင့် ဥရောပသမဂ္ဂနိုင်ငံများ၏ အစားအစာ ဘေးကင်းရေးဆိုင်ရာ သတ်မှတ်ချက်နှင့်အညီ သီးနှံအရည်အသွေး မြင့်မားစွာ ထုတ်လုပ်နိုင်ရေးအတွက် ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ် အလေ့အကျင့်ကောင်းများ၊ ကျန်းမာရေးနှင့်အညီ စိုက်ပျိုးထုတ်လုပ်သည့် အလေ့အကျင့်ကောင်းများနှင့် စာရင်းဇယား မှတ်တမ်း မှတ်ရာထားရှိသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ပဲတီစိမ်း အင်းဆက်ဖျက်ပိုးများအား ဘက်စုံကာကွယ်နှိမ်နင်းနည်းများ၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲခြင်းနှင့် ဓာတ်ကြွင်းလျှော့ချရေးနည်းလမ်းများအကြောင်း၊ ပဲတီစိမ်း ရောဂါများအား ဘက်စုံကာကွယ် နှိမ်နင်းရေးနည်းလမ်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ ရောဂါသတ်ဆေးများအား စနစ်တကျ ကာကွယ်နှိမ်နင်းနည်းများ၊ ပေါင်းများအား စနစ်တကျ ကာကွယ်နှိမ်နင်းနည်းများ၊ ပေါင်းသတ်ဆေးများအား စနစ်တကျ အသုံးပြုရေး နည်းလမ်းများ၊ မြေဆီလွှာ အာဟာရ တိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၊ မြေဆီလွှာ၏ ဂုဏ်သတ္တိများနှင့် သီးနှံပင်အတွက် အဓိက အာဟာရဓာတ်များအကြောင်း သိကောင်းစရာများ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများ၊ ပဲတီစိမ်းကို GAP စနစ်ဖြင့် စိုက်ပျိုးခြင်း၊ ခေါင်တောင်စနစ်ဖြင့် မျိုးသန့်ထိန်းသိမ်းခြင်းနှင့် တောင်သူမှတ်တမ်းထားရှိခြင်းအကြောင်း သိကောင်းစရာများကို သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**မြသူ (DOCA-YGN)**

# ရင်းနှီးမြှုပ်နှံသူများအကာအကွယ်ပေးရေးအစီအစဉ်များ (၂)

ယခင်လက စတော့အိပ်ချိန်းရောင်းဝယ်ရေးအဖွဲ့ဝင် (Securities Companies) များ၏ "ရင်းနှီးမြှုပ်နှံသူများအကာအကွယ်ပေးရေးရန်ပုံငွေ" (Investor Protection Fund) များ ထူထောင်ပုံနှင့် လုပ်ငန်းစဉ်များကို ရေးသားတင်ပြခဲ့ပါသည်။ ဆက်လက်၍ အာရှဒေသနိုင်ငံအချို့၏ ရန်ပုံငွေအဖွဲ့အချို့အကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။

### ထိုင်းနိုင်ငံ

စတော့ဈေးကွက်အတွင်းပါဝင်ရောင်းဝယ်ကြသည့် ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးရေးသည် ဈေးကွက်အပေါ် ရင်းနှီးမြှုပ်နှံသူများ ပိုမိုယုံကြည်စိတ်ချမှု ရရှိစေရေးနှင့် ဈေးကွက်တိုးတက်မှုရရှိစေရေးအတွက် အဓိကကျသည့် အချက်ဖြစ်သည့်အတွက် ထိုင်းစတော့အိပ်ချိန်းသည် ရင်းနှီးမြှုပ်နှံသူများ အကာအကွယ်ပေးရေး ရန်ပုံငွေအဖွဲ့ (Securities Investor Protection Fund , SIPF)ကို ၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ အဆိုပါ ရန်ပုံငွေကို အဖွဲ့ဝင် ငွေချေးသက် သေခံလက်မှတ်ကုမ္ပဏီများ၏ ငွေကြေးထည့်ဝင်မှုဖြင့်ထူထောင်ထားသော်လည်း မထည့်မနေရ စနစ်မဟုတ်ပါ။ ဤသို့တည်ထောင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဈေးကွက်အပေါ် ပိုမိုယုံကြည်မှု ရရှိစေကာ အကယ်၍ ဆုံးရှုံးမှု ဖြစ်ပေါ်လာပါက ဥပဒေပြဋ္ဌာန်းချက်များအတိုင်း လျော်ကြေးငွေ ရရှိမည်ဖြစ်သည်။

ထိုင်းစတော့ အိပ်ချိန်း (SET) နှင့် ထိုင်းငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECT) တို့သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ ရောင်းဝယ်မှုများကို စနစ်တကျ ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပြီး ရင်းနှီးမြှုပ်နှံသူများသည်လည်း လိုင်စင်ရရှိထားသည့်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ တစ်ဆင့်သာ ရောင်းဝယ်မှုပြုလုပ်ရန် အရေးကြီးသည်။ ရင်းနှီးမြှုပ်နှံသူများသည် မိမိတို့ ပြုလုပ်လိုက်သည့် အရောင်းအဝယ်တစ်ခုချင်းကို စနစ်တကျစိစစ်ရန်တာဝန်ရှိပြီး အကယ်၍ ရောင်းဝယ်မှုများအတွက် သံသယရှိပါက(SET,SECT) သို့မဟုတ် ထိုင်းရဲတပ်ဖွဲ့ စီးပွားရေးဌာနခွဲသို့ တိုင်ကြားနိုင်သည်။

### ပေးလျော်ရန် အကျုံးဝင်သည့် ကိစ္စများ

ရင်းနှီးမြှုပ်နှံသူများသည် အောက်တွင်ဖော်ပြထားသည့် အချက်များနှင့်ကိုက်ညီသည့် နစ်နာမှုတစ်ခုခု ဖြစ်ပေါ်လာပါက SIPF ထံမှသော်လည်းကောင်း၊ SIPF ၏အဖွဲ့ဝင်များထံမှသော်လည်းကောင်း လျော်ကြေးကို တိုက်ရိုက်ရယူခွင့်ရှိသည်။ ပေးလျော်ရာတွင် ဖောက်သည်တစ်ဦး အမှန်တကယ် ဆုံးရှုံးသည့် ပမာဏကိုသာ ပေးလျော်ရန်ဖြစ်သော်လည်း ရောင်းဝယ်ရေးအဖွဲ့ဝင် တစ်ဦးသည် အများဆုံး ဘတ်(၁)သန်းထက် မကျော်ရပါ။

- SIPF အဖွဲ့ဝင် တစ်ဦးဦးသည် ကြွေးမြီများ မပေးဆပ်နိုင်သည်ဟု တရားရုံးမှ ဆုံးဖြတ်စီရင်ထားသည့်အခါ၊
- SIPF အဖွဲ့ဝင် တစ်ဦးဦး သို့မဟုတ် ရင်းနှီးမြှုပ်နှံသူတစ်ဦးဦးသည် ရှယ်ယာများ ရောင်းဝယ်ခြင်းနှင့် ပတ်သက်၍ အငြင်းပွားမှုများပေါ်ပေါက်ကာ တရားရုံးမှ အဖွဲ့ဝင် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကို ပေးလျော်ရန်ဆုံးဖြတ် ချက်ချသော်လည်း ၎င်းမှ ပေးလျော်ရန်ပျက်ကွက်သည့်အခါ။

**ထွန်းသက်ထွန်း**

### ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံသူများ အကာအကွယ်ပေးရေးအစီအစဉ်

ဂျပန်နိုင်ငံသည် ၁၉၆၈ ခုနှစ်မှစတင်၍ ငွေချေးသက်သေခံလက်မှတ်များ ဆုံးရှုံးမှုအာမခံ ရန်ပုံငွေအဖွဲ့ (Entrusted Securities Indemnity Fund , ESIF) ကို တည်ထောင်ကာ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများ အကြွေးမဆပ်နိုင်သည့်အခါ (သို့မဟုတ်) ငွေပေးချေရန်ပျက်ကွက်သည့်အခါတွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးရန် ရည်ရွယ်၍ တည်ထောင်ခဲ့သည်။ သို့ရာတွင် ၁၉၉၆ ခုနှစ် အထိ ESIF အနေနှင့် မည်သည့်ပေးလျော်မှုကိုမျှ မပြုခဲ့ရပါ။ သို့ရာတွင် ၁၉၉၇ ခုနှစ်တွင် ပေးလျော်မှု လေးခုနှင့် ၁၉၉၈ ခုတွင် သုံးခုဖြစ်ပေါ်ခဲ့သည်။

ထင်ရှားသည့်ပေးလျော်မှုများမှာ ၁၉၉၇ ခုနှစ်တွင် ဆန်ညို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီနှင့် မာယူဆို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတို့၏ ဆုံးရှုံးမှုဖြစ်ခဲ့ပြီး ESIF မှတစ်ဆင့် ပေးလျော်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ် ဈေးကွက်အတွင်း လိုင်စင်စနစ်မှသည် မှတ်ပုံတင်စနစ်သို့ ပြောင်းလဲခဲ့ပြီးနောက် စတော့ရှယ်ယာဈေးကွက်အတွင်း ပြင်းထန်သည့်ပြိုင်ဆိုင်မှုများဖြစ်ပေါ်ခဲ့သည်။ ထိုသို့ပြိုင်ဆိုင်မှုများ ပြင်းထန်ချိန်တွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအချို့ဈေးကွက်မှ ထွက်သွားရမည့် အလားအလာများဖြစ်ပေါ်ခဲ့သည်။ သို့အတွက် ၁၉၉၈ ခုနှစ်တွင် ESIF ကို ဖျက်သိမ်းခဲ့ကာ ဂျပန်ငွေချေး သက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေးဥပဒေကိုလည်း ပြန်လည်ပြင်ဆင်ခဲ့သည်။

ထိုသို့ဥပဒေအသစ် ပြင်ဆင်မှုနှင့်အတူ ၁၉၉၈ ခု ဒီဇင်ဘာလတွင် ဂျပန်ရင်းနှီးမြှုပ်နှံသူများ အကာအကွယ် ပေးရေး ရန်ပုံငွေအဖွဲ့ (Japan Investor Protection Fund, JIPF) အဖြစ်သို့ ပြောင်းလဲ တည်ထောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် Financial Instruments and Exchange ACT , FIEA ကိုပြဋ္ဌာန်းခဲ့ကာ JIPF ကိုလည်း အဆိုပါဥပဒေဖြင့်စီမံခန့်ခွဲခဲ့သည်။ JIPF ကို အဖွဲ့ဝင်နှစ်ဦးမှ ၁၂ အထိပါဝင်သည့် ပါဝင်သည့် အုပ်ချုပ်ရေးကောင်စီဖွဲ့စည်းကာ စီမံခန့်ခွဲလျက်ရှိသည်။

အထက်ပါ JIPF ကို FIEA ဥပဒေအရ ဂျပန် ကက်ဘိနက်အဖွဲ့၏ ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး၏ တိုက်ရိုက်ကြီးကြပ်မှုအောက်တွင်ထားရှိကာ အချို့သော ကိစ္စအနည်းငယ်မှလွဲ၍ ဝန်ကြီးချုပ်သည် ၎င်း၏ လုပ်ပိုင်ခွင့်များကို Financial Service Agency သို့ လွှဲအပ်ခဲ့သည်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ အနေနှင့် ၎င်းတို့၏ဖောက်သည်များ၏ ပိုင်ဆိုင်ခွင့်များကို လုံခြုံစိတ်ချစွာ ထိန်းသိမ်းနိုင်ရေးအတွက် JPIF သည် ဂျပန်ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်သူများအသင်း (Japan Securities Dealers Association, JSDA) နှင့် အတူလက်တွဲကာ စောင့်ကြည့်မှုများကို ပုံမှန် ဆောင်ရွက်လျက်ရှိသည်။ လိုအပ်လာပါက အထက်ပါငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် ညှိနှိုင်းခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများကိုဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ယင်းကုမ္ပဏီများ၏ ရင်းနှီးငွေလုံလောက်မှုအချိုး (Capital Adequacy Ratio) ကို ပုံမှန်စစ်ဆေးလျက်ရှိကာ အကယ်၍ အချိုးအစားများ လျော့ကျလာပါက ပြန်လည်ဖြည့်တင်းခြင်း၊ သက်ဆိုင်ရာဌာနများသို့ သတင်းပေးပို့ခြင်းအစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

### အိန္ဒိယနိုင်ငံ၏ရင်းနှီးမြှုပ်နှံသူများအကာအကွယ်ပေးရေးအစီအစဉ်

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းစတော့အိပ်ချိန်းသည် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ ရင်းနှီးမြှုပ်နှံသူများ အကာအကွယ်ပေးရေးရန်ပုံငွေအဖွဲ့ (Investor Protection Fund, IPF) ကို ၁၉၈၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ယင်းအဖွဲ့သည် ကူညီစောင့်ရှောက်ရေးရန်ပုံငွေအဖွဲ့ဖြစ်ပြီး ရန်ပုံငွေထိန်းသိမ်းစောင့် ရှောက် ရေးအဖွဲ့ (Trustee) က စတော့အိပ်ချိန်းကိုယ်စား တာဝန်ယူထိန်းသိမ်းပါသည်။

IPF တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာအောက်ပါအတိုင်း ဖြစ်ပါသည်။

- စတော့အိပ်ချိန်းရောင်းဝယ်ရေးအဖွဲ့ဝင် တစ်ဦးဦးမှ ဖောက်သည်အားပေးချေရမည့် ငွေ/စတော့များပေးချေရန်ပျက်ကွက်သည့်အခါ ယင်းကိုယ်စားပေးလျော်ရန်၊
- လိုအပ်သည့်စာရင်းအင်းအချက်အလက်များပြုစုခြင်း၊ သုတေသနပြုခြင်း၊ ကူညီခြင်း၊ ထောက်ပံ့ခြင်းများ ပြုလုပ်ရန်၊
- ဈေးကွက်နှင့်ပတ်သက်သည့် အသိပညာများ ပြန့်ပွားရေး၊ သင်ကြားရေး စသည်များကို ထိရောက်စွာ မြှင့်တင်ပေးရန်၊
- ရင်းနှီးမြှုပ်နှံသူများအား ပညာပေးရေးနှင့် သုတေသနများ ဆောင်ရွက်ရန်။

IPF ၏ လုပ်ငန်းဆောင်ရွက်မှုများ

- နိုင်ငံတစ်ဝန်းလုံးရှိ ရင်းနှီးမြှုပ်နှံသူများအား ဈေးကွက်ဆိုင်ရာ အသိပညာပြန့်ပွားစေရေးအတွက် အိန္ဒိယငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ လိုင်စင်ရ အဖွဲ့များ၊ ပညာရေးအဖွဲ့များ၊ ကုန်သည်ကြီးများအသင်း၊ ICSI စသည့် အဖွဲ့များနှင့် ပူးပေါင်းကာ ပညာပေးရေး အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။
- ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများနှင့် ကုမ္ပဏီများနှင့်ပတ်သက်၍ ဖောက်သည်များ၏ တိုင်ကြားမှုများကို လက်ခံရန် ဝန်ဆောင်မှုဌာန ခြောက်ခု ဖွင့်လှစ်ထားရှိကာ ယင်းတို့ကို စီမံခန့်ခွဲလျက်ရှိသည်။
- ငွေ/စတော့များ ပေးချေရန် ပျက်ကွက်သည့် အဖွဲ့ဝင်များ၏ ဖောက်သည်များကို စာရင်းရှင်လင်း ပေးခြင်း၊
- အဆိုပါ ဝန်ဆောင်မှုဌာနများတွင် ဖောက်သည်များ အသိပညာပြန့်ပွားရေးအတွက် စာကြည့်တိုက်များ ထားရှိပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

**Reference: Investment Guide Book**

## ၂၀၂၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီတင်ပို့မှု ကျဆင်း

အိန္ဒိယနိုင်ငံ၏ ၂၀၂၅ ခုနှစ်အတွက် ကြက်သွန်နီတင်ပို့မှုသည် ရူပီး ၁၁၀၀ ကုဋေကျော် ခန့် ကျဆင်းခဲ့ပြီး အဆိုပါကျဆင်းမှုများသည် အစိုးရ၏ ကန့်သတ်ချက်များ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကဲ့သို့ အဓိကဈေးကွက်များမှ ဝယ်လိုအားကျဆင်းလာမှုနှင့် အိမ်နီးချင်းနိုင်ငံများမှ ပြိုင်ဆိုင်မှုများ ပြင်းထန်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ အဆိုပါကျဆင်းမှုကြောင့် ကြက်သွန်နီ စိုက်ပျိုးသော လယ်သမားများသည် ငွေရေးကြေးရေးဆိုင်ရာဖိအားများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ ကုန်သည်များက တင်ပို့မှုများသည် တင်ပို့မှု အခွန်မြင့်မားခြင်း၊ ပြိုင်ဘက်နိုင်ငံများမှ ပြည်တွင်းထုတ်လုပ်မှု အားကောင်းလာခြင်း၊ ငွေကြေးအတက်အကျများ၏ ကန့်သတ်ခြင်းခံနေရကြောင်း ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ကြက်သွန်နီတင်ပို့မှုမှ ဝင်ငွေ ရူပီး ၄၅၀၀ ကုဋေခန့်ရရှိခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီတင်ပို့မှုမှ ဝင်ငွေ ရူပီး ၁၇၀၀ ကုဋေခန့် ရရှိခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ၎င်း၏ပြည်တွင်း ဈေးကွက်ကို အထောက်အပံ့ပေးရန်အတွက် ကြက်သွန်နီတင်သွင်းခြင်း ရပ်ဆိုင်းမှုကြောင့် အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီတင်သွင်းမှုမှ ဝင်ငွေ ရူပီး ၃၁၀၀ ကုဋေ ခန့်သာရရှိခဲ့ကြောင်း သိရသည်။ ကန့်သတ်မှုများ မပြုလုပ်ခင် ၂၀၂၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ကြက်သွန်နီ တန်ချိန် ၂ ဒသမ ၅ သန်းတန် ခန့် တင်သွင်းခဲ့သည်။ ကြက်သွန်နီ တင်ပို့သူများ အဖွဲ့အစည်းမှ ဒုတိယ ဥက္ကဋ္ဌဖြစ်သူ Vikas Singh က အိန္ဒိယနိုင်ငံသည် နှစ်စဉ် ဘင်္ဂလားဒေ့ရှ် နီပေါ၊ အင်ဒိုနီးရှားနိုင်ငံများသို့ ကြက်သွန်နီတန် ချိန်၂၅ သိန်းမှ ၂၈ သိန်း အထိ တင်ပို့လျက်ရှိပြီး ၂၀၂၃ ခုနှစ်မှ ၂၀၂၅ နှစ်တွင် ၁၅ သိန်းခန့်သာ တင်ပို့နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ အဆိုပါအဖွဲ့အစည်းက အိန္ဒိယနိုင်ငံအစိုးရအား တင်သွင်းမှုများမြှင့်တင်ရန် တွန်းအားပေးလျက်ရှိကြောင်း သိရသည်။

**Source: Fresh Plaza၊ DOCA (ရန်ကုန်)**

# ဆီထွက်သီးနှံ ပဲပုပ်ဆီအကြောင်း

သဇင်(မအူပင်)

ပဲပုပ်သည် နိုင်ငံတကာသုံး အစားအစာဖြစ်၍ ပဲပုပ်ကို Soybean, Soja Bean, Soya Bean ဟု အမျိုးမျိုးခေါ်ကြသည်။ Fabaceae မျိုးရင်းဝင်ဖြစ်ပြီး ပဲပုပ်၏ သိပ္ပံအမည်မှာ Glycine max ဖြစ်သည်။ ပဲပုပ်သည် အရသာကောင်းပြီး စားသုံးမှုများပြားသော သီးနှံတစ်မျိုးဖြစ်သည်။ လေ့လာမှုမှတ်တမ်းများအရ ပဲပုပ်သည် ကမ္ဘာ့အရေးကြီးဆုံး သီးနှံ ၁၀ မျိုးအနက် အမှတ်စဉ်(၆)တွင်ချိတ်သော သီးနှံဖြစ်ကြောင်းနှင့် ကမ္ဘာ့အရေးကြီးဆုံး သီးနှံ ၁၀ မျိုးမှာ ပြောင်း၊ ဂျုံ၊ ဆန်၊ အာလူး၊ ပီလောပီနံ၊ ပဲပုပ်၊ ကန်စွန်းဥ၊ နှံစားပြောင်း၊ ဝဥနှင့် Plantains ခေါ် ချက်စားရသော ငှက်ပျောသီး တစ်မျိုးတို့ဖြစ်ကြောင်း သိရသည်။

ပဲပုပ်သည် ရှမ်းတိုင်းရင်းသားများ အလွန်ကြိုက်နှစ်သက်စွာ စားလေ့ရှိသော အစားအစာ တစ်မျိုးဖြစ်သောကြောင့် “ရှမ်းရိုးရာ အစားအစာ(ရှမ်းပဲပုပ်)”ဟူ၍ လူသိများခဲ့သော်လည်း ယနေ့ခေတ်မှာ ရှမ်းတိုင်းရင်းသားများသာမက တိုင်းရင်းသားလူမျိုးစုံ နှစ်ခြိုက်စွာ စားသုံးလာကြသည့် အစားအစာဖြစ်နေသည်။ ပဲပုပ်အမျိုးမျိုးရှိသည့်အနက် “ရွှေဝါ” ပဲပုပ်မျိုးသည် ပိုမွှေး ပိုဆိမ့်သော အရသာထူးသဖြင့် ရှမ်းပြည်နယ်တွင် ၁၉၅၅ ခုနှစ်တွင် အထူးတလည် တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း လေ့လာမှတ်သားရသည်။ ပဲပုပ်ကို အချပ်လိုက် အခြောက်လှန်းထားသော ပဲပုပ်ချပ်အချို့သို့မဟုတ် ပဲပုပ်ချပ် အစပ်အဖြစ်လည်းကောင်း၊ ခပ်ပျော့ပျော့ ပဲငါးပိအဖြစ် တစ်ဖုံ ဝယ်ယူရရှိနိုင်သည်။

## ပဲပုပ်နှင့် နိုင်ငံတကာစားသုံးမှု

ပဲပုပ်၏ဇာတိမှာ တရုတ်၊ မန်ချူးရီးယားနှင့် ဂျပန်တို့ဖြစ်ကြပြီး ယင်းနိုင်ငံများတွင် ရှေးခေတ်ကာလကတည်းကပင် ပဲပုပ်ကို စိုက်ပျိုးစားသုံးခဲ့ကြပြီး ယနေ့ကာလ ပဲပုပ်ဆီထုတ်လုပ်သော နိုင်ငံအလိုက် လေ့လာကြည့်ရာတွင် တရုတ်နိုင်ငံက ထိပ်ဆုံးတွင် ရှိနေကြောင်း တွေ့ရသည်။ ပဲပုပ်၏ အာဟာရဓာတ် ပေါကြွယ်ဝပုံကို တစ်စထက်တစ်စသိရှိလာကြရာ အမေရိကန်၊ ဥရောပ၊ အာဖရိက၊ အီဂျစ်၊ ရုရှား၊ မြန်မာနှင့် နီပေါ စသည့်နိုင်ငံများတွင်ပါ တွင်ကျယ်စွာ စိုက်ပျိုးလျက်ရှိနေကြသည်။

## ပဲပုပ်ဆီ ကြိတ်ခွဲထုတ်လုပ်ခြင်း

ပဲပုပ်ဆီကြိတ်မှုသည် ပုံမှန်ဆီကြိတ်မှုအပြင် ဟိုက်ဒြောလစ်စနစ် ဖိနှိပ်ကာ (Hydraulic Presses) ပျော်ဝင်မှုကို အားပေးသော ဖျော်ရည် (Solvent Extraction) ထည့်သွင်းပြီး ဆီကြိတ်ထုတ်ယူသော စနစ်ကို တစ်ကမ္ဘာလုံး ကျင့်သုံးလျက်ရှိသည်။ ဟက်ဆိန်း (Hesane) ဆိုသော ဓာတုဖျော်ရည်ကို အသုံးပြုလေ့ရှိသည်။ ပြီးသောအခါမှာ ဟက်ဆိန်းကို ထုတ်ဖယ်ပစ်ပြီး ပဲပုပ်ဆီကို အသုံးပြုသည်။ ပဲပုပ်ဆီကြိတ်နည်းစနစ်က နှမ်း၊ မြေပဲများကဲ့သို့ ရိုးရိုးကြိတ်လျှင် ဆီထွက်နည်းပြီး ယခုကဲ့သို့ နှစ်ဆင့်ဆီကြိတ်နည်းစနစ် (Two-stage Steam-heated Evaporation Method) က နိုင်ငံတကာတွင် လက်တွေ့ကျင့်သုံးလျက်ရှိနေသည်။

၂၀၂၅-၂၀၂၆ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး စားသုံးဆီ ဖူလုံနိုင်ရေးအတွက် ဆီပဲပုပ်စိုက်ပျိုးလျာထား မြေပြင်အခြေအနေမှာ မအူပင်တွင် ဧက ၁၂၀၊ ပန်းတနော်တွင် ဧက ၁၀၀၊ ညောင်တုန်းတွင် ဧက ၁၂၀၊ ဓနုဖြူတွင် ဧက ၁၅၀ စိုက်ပျိုးကြောင်း မြို့နယ်စာရင်းများအရ သိရသည်။

ပဲပုပ်စိုက်ပျိုးရာတွင် မျိုးရွေးချယ်မှုအနေဖြင့် ဒေသရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းမည့် ရောဂါပိုးဒဏ် ခံနိုင်ရည်ရှိသည့် မျိုးများကို ရွေးချယ်စိုက်ပျိုးသင့်သည်။ စိုက်ပျိုးရန် မြေနေရာနှင့် မြေအမျိုးအစားမရွေး ဖြစ်ထွန်းသည်။ မြေအချဉ်အငံဓာတ် (၇) ပတ်ဝန်းကျင်ရှိသော မြေမျိုးတွင် ပိုမိုဖြစ်ထွန်းသည်။

## ရိတ်သိမ်းချိန်

အသီးများရိတ်သိမ်းမည်ဆိုပါက သီးတောင့် ၉၅ ရာခိုင်နှုန်း အညိုရောင်(သို့) မီးခိုးရောင်ပြောင်းလာချိန်၊ အရွက်များကြွေကျချိန်၊ သီးတောင့်ကို လက်ဖြင့် စမ်းကြည့်ပါက မာချိန် (သို့) သီးတောင့်တွင်းရှိ အစေ့များ လှုပ်ခါချိန် ရိတ်သိမ်းသင့်သည်။

ပဲပုပ်ကို ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်တွင် စိုက်ပျိုးသော်လည်း ဆီကြိတ်ခွဲထုတ်လုပ်ရန် စိုက်ပျိုးခြင်းမရှိဘဲ ရန်ကုန်သို့ တင်ပို့ရောင်းချခြင်းများသာရှိသည့်အတွက် ပဲပုပ်ဆီကြိတ်ခွဲထုတ်လုပ်ခြင်းများကို နည်းပညာနှင့် စက်ပိုင်းဆိုင်ရာ ထောက်ပံ့မှုများရှိပါက ဒေသတွင်း စားသုံးဆီဖူလုံနိုင်ရေးအတွက် လိုအပ်ချက်ကို ဖြည့်ဆည်း ဆောင်ရွက်နိုင်သည်။ ဆီကြိတ်ခွဲထုတ်လုပ်ရာတွင် မြေပဲ၊ နေကြာဆီများကိုသာ ကြိတ်ခွဲလျက်ရှိပြီး မြေပဲကုန်ကြမ်းများကိုလည်း အခြားဒေသမှ မှာယူ၍ ကြိတ်ခွဲလျက်ရှိသည်ဟု သိရသည်။ ဆီကြိတ်ခွဲထုတ်လုပ် ဖြန့်ဖြူး ရောင်းချမည်ဆိုပါက ထုတ်လုပ်သူ လုပ်ငန်းရှင်၏ ဆီအားကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် အသင်းအချက်အလက် အပြည့်အစုံကို စားသုံးသူ သိရှိနိုင်ရန် ဖော်ပြရမည့် အချက်များ ပါဝင်သင့်သည်။ စားသုံးသူရေးရာဦးစီးဌာန၏ ညွှန်ကြားချက် အမှတ်(၁/၂၀၂၁) ဟင်းသီးဟင်းရွက် (Vegetable Oil, Cooking Oil) နှင့် စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန် လမ်းညွှန်ချက်တစ်ရပ် ထုတ်ပြန်ထားသည်။ ကုန်အညွှန်းအမှတ် (၂/၂၀၁၉) ကို ဒီဇင်ဘာလ ၃ရက်နေ့က မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်မှ ထုတ်ပြန်ခဲ့ပြီး ရောင်းချမည့် ကုန်စည်များ မြန်မာဘာသာနှင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် လွယ်ကူအဆင်ပြေစေရန်အတွက် ကုန်စည်အုပ်စု ရှစ်မျိုး အပါအဝင် ထုတ်ပြန်ထားသည်။ ၎င်းတို့ထဲတွင် ဆီနှင့် ပတ်သက်၍ ကုန်အညွှန်း အမှတ်အသားဖော်ပြချက်နှင့် စပ်လျဉ်း၍ ဖော်ပြချက်များတွင် အမျိုးအမည်၊ အရွယ်အစား၊အရေအတွက်အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်းတို့ကို မဖြစ်မနေ ဖော်ပြရမည်ဖြစ်သည်။

ဟင်းသီးဟင်းရွက်ဆီ ညွှန်ကြားချက်အနေဖြင့် ၂၀၂၁ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပြီး ဟင်းသီးဟင်းရွက်ဆီဟူသည့် ဖော်ပြချက်သည် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ကုန်စည်တစ်ခုခု၏ အမျိုးအမည်မဟုတ်သည့်အပြင် ပင်ရင်းပါဝင်ပစ္စည်းကို အခြေခံဖော်ပြထားခြင်းမရှိသော ယေဘုယျဆန်သည့် အမျိုးအမည်တစ်ခုသာဖြစ်ရမည်။ စားသုံးသူများ ထင်ယောင်ထင်မှား မဖြစ်စေရေးနှင့် အခြေခံလိုအပ်ချက်အပေါ်တွင် စိတ်ကျေနပ်မှု ရှိစေရေးအတွက် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချသည့် ဟင်းသီးဟင်းရွက်ဆီများတွင် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သင့်သည်။ ထင်ယောင်ထင်မှား ဖြစ်ခြင်းဆိုသည်မှာ စားသုံးသူကာကွယ်ရေး ဥပဒေ အခန်း(၁) ပုဒ်မ (၂) (ဇ) တွင် ထင်ယောင်ထင်မှားဖြစ်ခြင်း ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် သဘာဝအရည်အသွေးကို ဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဆောင်ရွက်မှုဖြစ်စဉ်ကို ဖြစ်စေ၊ ဝိသေသလက္ခဏာကို ဖြစ်စေ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းကို ဖြစ်စေ၊ ရည်ရွယ်ချက်ကို ဖြစ်စေ၊ အရေအတွက်ကိုဖြစ်စေ စားသုံးသူကို လွဲမှားယူဆမှုဖြစ်စေသော ပြုလုပ်မှုကို ဆိုလိုကြောင်း ဖော်ပြထားသည်။ ထုတ်လုပ်သူလုပ်ငန်းရှင်မှ စားသုံးသူများအတွက် မှန်ကန်တိကျရှင်းလင်းသော အရည်အသွေးမှန်ကန်သည့် ကုန်စည်ကို လွဲမှားစွာဖော်ပြ၍ဖြစ်စေ၊ ပြုပြင်ပြောင်းလဲ၍ဖြစ်စေ စားသုံးသူအပေါ် နစ်နာစေရန် မိမိကိုယ်ကျိုးစီးပွားအတွက် ရှေးရှု၍ မပြုလုပ်ဘဲ စားသုံးသူ ဘေးကင်းစွာ ရွေးချယ်ဝယ်ယူ အသုံးပြုနိုင်ရန် ပဲပုပ်ဆီကို ထင်ယောင်ထင်မှားဖြစ်အောင် ဖော်ပြခြင်းများကို ရှောင်ကြဉ်နိုင်ရန် ကုန်ကြမ်းမှန်ကန်သော အသိအမြင်ပေးနိုင်ရန် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ကြောင်း တင်ပြရေးသားလိုက်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲတစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၃၂၀၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၇၀၄၀၀၀ သို့လည်းကောင်း၊ ပဲစင်းငုံ တစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၃၇၅၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၆၇၅၀၀၀ သို့လည်းကောင်း၊ ပဲလွှမ်းဖြူတစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၆၀၂၇၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၅၅၃၇၀၀ သို့လည်းကောင်း အသီးသီးဈေးကျဆင်းသွားပြီး ပဲတီစိမ်းအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၀၂၂၁၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၄၈၁၄၀၀ သို့လည်းကောင်း ဈေးမြင့်တက်သွားသည်ကိုတွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာနက ပဲစင်းငုံနှင့် မတ်ပဲ လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒကို ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲအတွက် ဈေးကွက်အခွင့်အလမ်းများဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပဲစင်းငုံနှင့် မတ်ပဲအား စီးပွားဖြစ်ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့၏ ဒီဇင်ဘာ ၃၀ ရက်တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်သည်။**


၃၀.၁၂.၂၀၂၅


ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲစင်းငုံ | ပဲတီစိမ်း | ပဲလွှမ်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၄ (ဒီဇင်ဘာလ) | ၃၃၂၀၀၀၀ | ၃၃၇၅၀၀၀ | ၃၀၂၂၁၀၀ | ၂၆၀၂၇၀၀ |
| ၂ | ၂၀၂၅ (ဒီဇင်ဘာလ) | ၂၇၀၄၀၀၀ | ၂၆၇၅၀၀၀ | ၃၄၈၁၄၀၀ | ၂၅၅၃၇၀၀ |

စစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ် တို့၏ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။




MIKKO
INSTANT
COFFEEMIX
MIKKO


FAME
Blueberry
MEMORY BOOSTER
Keep Your
Brain Sharp
NEW
FAME
Blueberry
Proanthocyanidin
60 Capsules
မှတ်ဉာဏ်စွမ်းအား
မြှင့်တင်ပေး
ဘလူးဘယ်ရီဆေး
09-95 500 5000

ဗုဒ္ဓ ဓမ္မ သံဃ

**Myat Thida Trading Enterprise Co., Ltd.** မြတ်သီတာ

စက်မှုလယ်ယာသုံးဘောလ်ဘယ်ရင်များလက်လီလက်ကား
ဝယ်ယူရရှိနိုင်ပါသည်။

NACHI
*Authorized Distributor*




ဘော(လ်)ဘယ်ရင်များနှင့်ကားကြီးကားလေးအပိုပစ္စည်းအမျိုးမျိုးဖြန့်ချီရေး
**Automotive Spare Parts And Ball Bearing**

*Agriculture Ball Bearing* — NSK, NTN, SLY, ARB
*Joint Ball And Pillow Bearing* — FKD, KCYC B, FK Bearing Units
*Oil Seal And O-Ring* — CORTECO, NOK, TORA

| | | |
|---|---|---|
| ရုံးချုပ် | : | အမှတ်A(၆၆/၆၇)၊ နောင်ရိုးလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖုန်း | : | ၀၉၇၇၉၂၀၄၆၂၉၊ ၀၉၇၅၁၅၉၉၉၉၃၊ ၀၉၇၇၇၇၇၆၉၄၂။ |
| ဆိုင်ခွဲ | : | အမှတ်(၅/၆)၊ ၂၅ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့။ |
| ဖုန်း | : | ၀၉၉၄၁၅၅၆၀၀၀၊ ၀၉၉၄၂၅၅၆၀၀၀၊ ၀၉၉၅၀၂၄၆၆၁၃။ |

Web : www.mtdbearing.com, F : @mte.com.mm




ALPINE
Purified Drinking Water
ALPINE
စိတ်ချလက်ချ
ရွေးချယ်ပါ


Global Good Pure Group Co.,Ltd.
စံချိန်ဆီစက်
အဆင့်မြင့်စက်ကြီး များဖြင့် ကြိတ်ခွဲပြီး Refinery နည်းပညာဖြင့် သန့်စင်ထုတ်လုပ်ထားသော မြန်မာနိုင်ငံတွင် ပထမဆုံး "စံချိန်" Refinedမြေပဲဆီ နှင့် Refined နေကြာဆီ
ဆက်သွယ်မှာယူလိုပါက
☎-09 771 007 002 , 09 881 007 002
-အမှတ်၆၂၊ကမ်းနားလမ်းနှင့်ဦးချိန်လမ်း ထောင့်၊ရွှေပြည်သာစက်မှုဇုံ(၂)၊ရန်ကုန်။
Fb Page-(စံချိန်ဆီစက်Refinery Plant)


JBL
LIVE 3 SERIES
1 YEAR WARRANTY
TRUE WIRELESS NOISE CANCELLING CLOSED-STICK EARBUDS
JBL Myanmar
www.jblstore.com.mm
JBL Store (Junction Square)
No.02-017/018, Level 2, Junction Square Shopping Mall, Between Pyay Road & Kyun Taw Street, Kamayut Township, Yangon.
Mobile : 09 761 200 200
JBL Store (Junction City)
No. 04-011, Junction City, Level 4, Pabedan Township, Yangon.
Mobile : 09 761 900 900
Sales and Marketing Dept (Yangon)
No.(7B), Maharsi Tharthana Yeik Thar Road, Bahan Township, Yangon.
Mobile : 09 951 510 900, 09 670 699 992
JBL Brand Shop (Mandalay)
No.554, 80 Street, Between 33 x 34 Street, Chan Aye Thar Zan Tsp., Mandalay.
Mobile : 09 762 900 900